# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၅၀)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့။


**ကံ ဉာဏ် ဝီရိယ ညီညွတ်မျှတမှု**

- ကံဟုမူလ၊ သမ္ဘုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။
- ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဘုံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း။
- လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။

(မဃဒေဝ)

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း သတင်းမီဒီယာသမားများအား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှအယ်ဒီတာနှင့် သတင်းထောက်များကို ယနေ့မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် (C) ဆောင် ဒုတိယထပ်၌ တွေ့ဆုံသည်။




ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်း အခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှအယ်ဒီတာနှင့် သတင်းထောက်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယကသည် သတင်းမီဒီယာသမားများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် ၄၁ ခုတို့မှ အယ်ဒီတာနှင့် သတင်းထောက် စုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ယနေ့ » မာတိကာ


နိုင်ငံ့စီးပွားရေးမြှင့်တင်ရန် စက်သုံးဆီဈေး ၃၀ ရာခိုင်နှုန်း အင်ဒိုနီးရှားမြှင့်တင် စာ » ၄

ချယ်လ်ဆီးတို့အမှတ်ပြည့်ရနိုင်ပေမယ့် မန်ယူတို့ ရင်ပူရဦးမယ့်ပွဲစဉ် စာ » ၁၃

လုပ်သားရှားပါးမှုကြောင့် ထန်းပင်ကို ထင်းအဖြစ် ခုတ်ရောင်းမှုများလာ စာ » ၂၀


## မြန်မာနှင့်အာဆီယံအတွက် အကျိုးရလဒ်များစွာကို ဆောင်ကြဉ်းပေးနိုင်မည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး

သတင်း၊ စာမျက်နှာ-၅

# ခရီးသွားများ အပန်းပြေစေမည့် မောင်းမကန်ကမ်းခြေ

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ညီညာ ပြန့်ပြူးနေသော သဲသောင်ပြင်။ ကမ်းခြေကို တဝေါဝေါ လာရောက်ရိုက်ခတ်နေသော ရေလှိုင်းများ၊ မျက်စိတစ်ဆုံး ရေပြင်အတိဖြစ်နေသော ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် ဆားဓာတ်ပါသော လေကိုတစ်ဝကြီးရှူရှိုက်ရင်း မောင်းမကန်ကမ်းခြေ မြင်ကွင်းကြောင့် လန်းဆန်းသွားသည်။ ပြည်တွင်း ပြည်ပခရီးသွားများအတွက် မြန်မာနိုင်ငံ တောင်ဘက်စွန်းမှ အလှပဆုံး အပန်းဖြေကမ်းခြေ မောင်းမကန်။

"ခရီးလမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်တာမို့ နိုင်ငံခြားခရီးသွားတွေတစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်တာများသလို ပြည်တွင်းခရီးသွားဧည့်သည်တွေလည်း ပိတ်ရက်တွေမှာ လာရောက်အပန်းဖြေတာများတယ်"ဟု ထားဝယ်မြို့မှ ဒေသခံတစ်ဦးဖြစ်သည့် ကိုခင်မောင်ကြီးက ပြောကြားသည်။

မောင်းမကန်ကမ်းခြေသည် အနီးရှိ မောင်းမကန်ရွာကို အစွဲပြုပြီး ခေါ်ဝေါ်ခြင်းဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး မြို့တော် ထားဝယ်မှ အနောက်မြောက်ဘက် ၁၂ မိုင် ခန့်အကွာ မောင်းမကန်ရွာအနီး တည်ရှိသည်။ ထားဝယ်မြို့မှ မော်တော်ယာဉ်ဖြင့် မိနစ် ၃၀ ခန့်မျှ မောင်းလျှင်

*စာမျက်နှာ ၃ ကော်လံ ၃* ✻




ဒေဝယက္ခမန်းဆေးနဲ့တွေ့ရင် အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲ ထည့်လို့ရအောင်မှုန့်သွားမယ်

ဒေဝယက္ခ အကျိတ်ကြေ အဏာမြှုမန်းဆေး

အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ၊ နကြေရင့်ပေါက် အမြစ်ပါမကျန်ပျောက်။ မန်းဝင် မန်းငုပ်မှအစ သုံးစွဲပါ။




Design - Myint Soe (Lin)

အမှတ်-၃၇၃၊ သနပ်ပင်လမ်း၊ (အုန်းပင်တန်း)၊ ပဲခူးမြို့။ ဖုန်း-၀၉-၅၃၀၀၁၄၁၊ ၀၉-၈၆၅၀၈၆၇၊ ၀၉-၅၃၀၁၄၄၂၊ ၀၉-၄၂၈၁၂၃၆၉၁၊ ၀၅၂-၂၁၄၂၂

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၂၁၃YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁/၂၀၁၂၊ တဆဆထလ/တိုး(၄၇၅)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာနှင့်ဩစတြေးလျ ဆက်ဆံရေးခိုင်မာ

မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့အကြား ဆက်ဆံရေးသည် စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းပြီးကတည်းက တဖြည်းဖြည်း တိုးတက်လျက်ရှိပါသည်။ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့မှတစ်ဆင့် ဆက်ဆံရေးအခြေအနေသည် တိုးတက်ကောင်းမွန်လျက်ရှိပါသည်။ ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၂ခုနှစ် ဧပြီလမှစတင်၍မြန်မာနိုင်ငံအပေါ် ကန့်သတ်ထားသည့် ခရီးသွားလာမှုနှင့် ဘဏ္ဍာရေးပိတ်ဆို့တားဆီးကန့်သတ်မှုများကို ဖယ်ရှားနိုင်ခဲ့ပါသည်။

ထို့ကြောင့်လည်း ဩစတြေးလျနှင့် မြန်မာနိုင်ငံတို့၏ ကုန်သွယ်မှုသည် ၃၈ ဒသမ ၂ ရာခိုင်နှုန်း အထိတိုးတက်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာသန်း ၁၃၀ နီးပါးတိုးတက်လာခဲ့ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်း ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၃၀ အနက် ဩစတြေးလျနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းကျော်နှင့် အဆင့် ၂၀ ရှိကြောင်း သိရပါသည်။

မြန်မာနိုင်ငံသည် အချက်အချာကျသည့်တည်နေရာ၊ ကောင်းမွန်သည့်ဈေးကွက်အနေအထားနှင့် စွမ်းအင်မြင့်မားသည့် လုပ်သားအင်အားများသာမက နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကြောင့် အာရှတိုက်တွင် နောက်ဆုံးထွက်ပေါ်လာသည့် စီးပွားရေးနယ်မြေတစ်ခု ဖြစ်ပါကြောင်း ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဘရစ္စဘိန်းမြို့သို့ရောက်ခဲ့သည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဩစတြေးလျ-မြန်မာကုန်သည်ကြီးများအသင်း ညစာစားပွဲ၌ ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် စဉ်ဆက်မပြတ်တိုးတက်မှုတို့ကို အာမခံသည့် ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးနိုင်ရန်အတွက် မိမိ၏အရင်းအမြစ်များကို မိတ်ဆွေနိုင်ငံများနှင့်လက်တွဲကာ အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ထိရောက်ပြီး တာဝန်ယူမှုရှိသည့် လုပ်ထုံးလုပ်နည်းများနှင့် လူ့အဖွဲ့အစည်းများ၏ အားပေးကူညီမှုတို့ဖြင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များသည် ပိုမိုခိုင်မာလာမည်ဖြစ်ပါသည်။ သို့ပါ၍ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ခိုင်မာလာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ကိုင်ရန် အကောင်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသို့ ဩစတြေးလျ စီးပွားရေးလုပ်ငန်းများ လာမည့်နှစ်အနည်းငယ်အတွင်း ရင်းနှီးမြှုပ်နှံမှု ပိုမိုဆောင်ရွက်လာလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

# အသည်းရောင်အသားဝါရောဂါ ကာကွယ်တားဆီးရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် အသည်းရောင်အသားဝါရောဂါ (စီ)ပိုး ကူးစက်ခံရသူသန်း ၁၅၀ ခန့်ရှိကြောင်း၊ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ လေးနိုင်ငံတွင် အသည်းရောင်အသားဝါရောဂါ(စီ) ပိုး ကူးစက်ခံရသူ ကိုးသန်းခန့်ရှိကြောင်း၊ နှစ်စဉ် အသည်းရောင်အသားဝါ ရောဂါ(စီ) ပိုးကြောင့် အသည်းရောဂါခံစားရပြီး သေဆုံးသူ ငါးသိန်းခန့်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အဖြစ်များသော ရောဂါတစ်ခုဖြစ်ကြောင်း၊ အသည်းရောင်ရောဂါ (စီ)ပိုးကူးစက်ခံရပါက ပြုစုကုသစရိတ် ကြီးမားသဖြင့်မကူးစက်စေရန် ကာကွယ်ခြင်းသည် အကောင်းဆုံးသောနည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ ဆေးကုသစရိတ် သက်သာစေရေးအတွက်လည်း ဖြစ်နိုင်သည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ကြိုးစားဆောင်ရွက် သွားကြရန် လိုအပ်ကြောင်းဖြင့် နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက နေပြည်တော် ဟိုတယ်မက်စ်တွင် ကျင်းပသည့် (National Consultative Meeting On Hepatitis) အသည်းရောင်အသားဝါရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းအောင်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ပြည်သူများက အသည်းရောင်အသားဝါ ရောဂါ ကာကွယ်ရေးနည်းလမ်းများကို သိရှိသဘောပေါက်၍ နားလည်ကျင့်သုံးမှသာ ကူးစက်မှုကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများအား ပညာပေးရေး နည်းလမ်းများကို စနစ်တကျဖော်ထုတ်သွားရန် လိုအပ်ပါကြောင်း၊ ရောဂါ ကာကွယ်တားဆီးရေးအတွက် ရောဂါဖြစ်ပွားမှု စောင့်ကြပ် ကြည့်ရှုရေးဆိုင်ရာ ညွှန်ကြားချက်များ၊ စံနှုန်းများ ပြုစု၍ စီမံချက်ရေးဆွဲသွားရန် လိုအပ်ပါကြောင်း၊ စီမံချက်ကို အထောက်အကူပြုမည့် နည်းလမ်းနှင့် ကျန်းမာရေးစနစ်များကိုလည်း ယခုဆွေးနွေးပွဲမှ ရေးဆွဲပြုစုသွားရန် လိုအပ်ပါကြောင်း၊ ဆွေးနွေးပွဲတက်ရောက်လာသော အသိပညာရှင်၊ အတတ်ပညာရှင်များမှ မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါရောဂါ တိုက်ဖျက်ရေးအတွက် လုပ်ငန်းစီမံချက်များ၊ နည်းဗျူဟာများ ချမှတ်ရေးဆွဲပေးရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

(မြန်မာ့အလင်း)



# ဓာတုပစ္စည်းများ စနစ်တကျ သိုလှောင်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၁၈**

ထိန်းချုပ်ဓာတုပစ္စည်းများ သိုလှောင်ဖြန့်ဖြူးရောင်းချမှုများနှင့် ပတ်သက်၍ ဓာတုပစ္စည်းများသယ်ယူမှု၊ ရောက်ရှိမှု၊ သိုလှောင်ထားရှိမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ထားရှိမှု ရှိ/မရှိ၊ သတ်မှတ်ထားသည့် အရေအတွက်ပမာဏများအတိုင်း သိုလှောင်ထားမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းများကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး စိန်ထွန်း၊ ခရိုင်ဆရာဝန်ကြီးဒေါက်တာကျော်စိုး၊ ခရိုင်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ထိန်းချုပ်ဓာတုပစ္စည်းများ အသုံးပြုလုပ်ကိုင်ဆောင်ရွက်ကြသော လုပ်ငန်းများ၊ ဂိုဒေါင်များသို့ သွားရောက်စစ်ဆေးကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

# ဖြူးမြို့နယ် ရဲတပ်ဖွဲ့ သတင်းစာရှင်းလင်းပွဲကျင်းပ


**ဖြူး နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှ ကြီးမှူး၍ သတင်းစာရှင်းလင်းပွဲကို ဖြူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက ဖြူးမြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၁၃-၂၀၁၄ ခုနှစ် ဖြူးမြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု အခြေအနေ၊ ဖော်ထုတ်ဖမ်းဆီးမှုအခြေအနေ၊ ဖော်ထုတ်ဖမ်းဆီးနိုင်မှု အခြေအနေ များနှင့် မှုခင်းကြိုတင်ကာကွယ်ရေးတွင် အများပြည်သူများနှင့်ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာများကို ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးသိန်းစိုးတို့က မြို့နယ်ရဲတပ်ဖွဲ့၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းကြရာ ဖြူးမြို့နယ် သတင်းထောက် ဦးမြင့်ဦးက သတင်းမီဒီယာသမားများ သတင်းများရယူရေးတွင် မှန်ကန်မြန်ဆန်ရေး၊ တာဝန်ခံမှု၊ တာဝန်သိမှု အများပြည်သူဝန်ဆောင်မှုသတင်းများ ရယူရေးသားရာတွင် ပြည်သူ့ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ ပူးပေါင်းကူညီနိုင်ရေးတို့ကို ဆွေးနွေးမေးမြန်းမှုအပေါ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက ပြန်လည်ဆွေးနွေးပြောကြားသွားပြီး အခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ဖြူး-မြင့်ဦး




# မြို့နယ် အရန်သားဖွားသင်တန်းဖွင့်လှစ်ပို့ချ

**ကြံခင်း နိုဝင်ဘာ ၁၈**

ကြံခင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီနှင့် လူမှုရေးအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ကြံခင်းမြို့နယ် အရန်သားဖွားသင်တန်းကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံသင်တန်းခန်းမဆောင်၌ သင်ကြားပို့ချခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ မြို့နယ်ဖွံ့/ထောက် အတွင်းရေးမှူး ဦးမြင့်လွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဆရာဝန် ဒေါက်တာဇော်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ သင်တန်းသူ ၂၄ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ခြောက်လဖြစ်ကြောင်း သိရသည်။

(ဝဇေ)



## ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ဓနုတိုင်းရင်းသားများအားတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့သို့ လာရောက်လေ့လာကြသည့် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ် ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တို့မှ ဓနုတိုင်းရင်းသားများအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

**(သတင်းစဉ်)**



## မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အစည်းအဝေး(၅/၂၀၁၄)ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး (၅/၂၀၁၄) ကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက (၄/၂၀၁၄) အစည်းအဝေး ဆုံးဖြတ်ချက်များ အပါအဝင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဝင်အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

### ပြည်တွင်းသတင်း

## မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရန်ကုန်မြို့၌အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ၏အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဟာဆန် ဘင် မိုဟာမက် ရာဖီ အယ်လ် အီမာဒီအား ခန့်အပ်ရန် ကာတာနိုင်ငံအစိုးရ၏အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာဟာဆန် ဘင် မိုဟာမက် ရာဖီ အယ်လ် အီမာဒီ ကို ၁၉၅၇ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် ကိုင်ရိုတက္ကသိုလ် ဘာသာဗေဒနှင့် အရှေ့တိုင်းဆိုင်ရာလေ့လာရေးဌာနမှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။

မစ္စတာ ဟာဆန် ဘင် မိုဟာမက် ရာဖီ အယ်လ် အီမာဒီသည် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၁ ခုနှစ်အထိ ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၁ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ လေ့လာရေးနှင့် သုတေသနအကြီးအကဲအဖြစ် ပညာရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ၂၀၀၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ရုံးတွင်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အစ္စလာမာဘတ်မြို့ရှိ ကာတာသံရုံးတွင်လည်းကောင်း၊ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကိုင်ရိုမြို့ရှိ ကာတာသံရုံးတွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အိန္ဒိယနိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားနှစ်ဦးနှင့် သမီးသုံးဦးရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

### မိုးလေဝသအခြေအနေ

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။**

## မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံရုံးဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံရုံးဖွင့်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ကျော်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Jabor A. Al-Dosari တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါသံရုံးဖွင့်ပွဲသို့ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ကာတာသံရုံး သံရုံးယာယီတာဝန်ခံ ဖိတ်ကြားထားသော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ ယခုဖွင့်လှစ်လိုက်သည့် ကာတာနိုင်ငံ သံရုံးအပါအဝင် မြန်မာနိုင်ငံတွင် ရုံးဖွင့်လှစ်ထားသည့် သံရုံးစုစုပေါင်း ၄၅ ရုံး ရှိပြီဖြစ်သည်။

**(သတင်းစဉ်)**

※ *ရှေ့ဖုံးမှ*

ရောက်သည်ဖြစ်ရာ ထားဝယ်မြို့ရောက်လျှင် မောင်းမကန်ကမ်းခြေသို့ ရောက်သကဲ့သို့ ခံစားရသည်။

ရန်ကုန်မြို့မှ ထားဝယ်သို့ လေယာဉ်ဖြင့် ၇၅ မိနစ်ခန့်ဖြင့် ရောက်ရှိနိုင်သလို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ မောင်းမကန်ကမ်းခြေသို့ ခရီးအကွာအဝေး ကီလိုမီတာ ၃၅၀ ခန့်ရှိသည်။ယခုအခါ ထိုင်းနိုင်ငံနှင့် နယ်စပ်ဝင်ထွက်ဂိတ်များထားရှိခြင်းကြောင့် နိုင်ငံတကာမှ ဗန်ကောက်သို့လာရောက်ကြသည့် ကမ္ဘာလှည့်များအနေဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့ပါက မောင်းမကန်ကမ်းခြေသို့ လာရောက်အပန်းဖြေနိုင်သည့် ခရီးစဉ်သစ်ထွက်ပေါ်လာနိုင်မည်ဖြစ်သည်။

ဗြိတိသျှ ကိုလိုနီလက်ထက်က မောင်းမကန်ကမ်းခြေသည် အင်္ဂလိပ်အရာရှိများ၊ ဧည့်သည်တော်များအတွက် အဓိကအပန်းဖြေသည့် ကမ်းခြေအဖြစ် တည်ရှိခဲ့ပြီး နာမည်လည်းကြီးခဲ့သည်။ ထို့အတူ မြန်မာ့သမိုင်းတွင်လည်း အလောင်းစည်သူမင်းသည် ထိုစဉ်က ယိုးဒယားကို စစ်ချီရင်း မောင်းမကန်ကမ်းခြေတွင် အပန်းဖြေခဲ့ဖူးသည်ဟု ဆိုသည်။

မောင်းမကန် ကမ်းခြေသည် မြန်မာနိုင်ငံတွင် ငပလီကမ်းခြေပြီးလျှင် ဒုတိယမြောက်သက်တမ်းအရင့်ဆုံးကမ်းခြေတစ်ခုဖြစ်ကြောင်း သိရသည်။ အပန်းဖြေသူတို့ စိတ်ကြိုက်ပြေးလွှားဆော့ကစားနိုင်သည့် မီတာ ၃၀၀ ခန့် ရှည်သော သဲသောင်ပြင်လည်းရှိနေရာ အရွယ်စုံတို့၏ စိတ်တိုင်းကျအပန်းဖြေနိုင်မည့် ကမ်းခြေလည်းဖြစ်သည်။

ပင်လယ်စာများ၊ ပင်လယ်ထွက်ကုန်များ၊ မောင်းမကန်ကမ်းခြေအမှတ်တရပစ္စည်းများ အလွယ်တကူဝယ်ယူရရှိနိုင်သည့်အပြင် ကမ်းခြေအပေါ်ပိုင်း၌ ကမ်းခြေအလှနှင့် ပင်လယ်ရှုခင်းကိုကြည့်ရင်း အပန်းဖြေစားသောက်နိုင်သည့် ဆိုင်လေးများလည်းရှိနေသည်။ မိသားစုလိုက်တည်းခိုနိုင်သည့် ဘန်ဂလိုများလည်း ရှိနေရာ ခရီးသွားဧည့်သည်များအတွက် အကောင်းဆုံးအပန်းဖြေနိုင်သည့်ကမ်းခြေလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ သဘာဝအပန်းဖြေကမ်းခြေများအနက် ဒုတိယမြောက် သက်တမ်းအရင့်ဆုံး မောင်းမကန်ကမ်းခြေကား ပင်လယ်ရေပြာပြာ၊ လှိုင်းဖွေးဖွေး၊ သဲဖြူဖြူတို့ဖြင့် လာသမျှဧည့်သည်များကို အပန်းပြေမှု အပြည့်အဝပေးနေဆဲ၊ ကြိုဆိုနေဆဲပင်ဖြစ်သည်။

**(မြန်မာ့အလင်း)**

※ *ကျောဖုံးမှ*

ဦးဖိုးချိုက ပြောခဲ့ကြောင်း မှတ်မိသည်။

ယခုတော့ ၁၄ နှစ်ကြာခဲ့ပြီ။ အခု နိုဝင်ဘာ ၁၅ ရက်မှ ထိုလမ်းကို ကျွန်တော် ဒုတိယအကြိမ် သတင်းဆောင်းပါးရေးရန် နောက်တစ်ခေါက် ရောက်ခဲ့ပြန်ပြီ။ ရန်ကုန်မှ ပုသိမ်သို့ ကားနှင့်သွား၍ ငဝန်မြစ်ပေါ်တွင် နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးထားသည့် ပုသိမ်တံတားကြီးပေါ်မှ ဖြတ်သန်းကာ သူတော်ကုန်၊ သဲဖြူဆင်ပေါင်၊ သလပ်ခွာ၊ ကုလားကုန်း၊ ကျောင်းကုန်း၊ ကွင်းကလေး၊ မဒေါ့ကုန်၊ ကြခတ်ကုန်း၊ ဇရပ်ဆိပ်၊ တွန်ပလွန်ရွာများနှင့် ဘရဲမြစ်၊ သံတွဲမြစ်၊ ကြက်တူရွေးချောင်း၊ ဗောဓိကုန်းချောင်း စသည်တို့ကိုကျော်ပြီး ငွေဆောင်သို့ ရောက်ရှိသွားသည်။

ပထဝီအနေအထားအရ တောင်ပေါ်လမ်းဖြစ်၍ အကွေ့အကောက် အတက်အဆင်းများပြီး စိမ်းလန်းသော တောတောင်ရှုခင်းအလှနှင့် လေကောင်းလေသန့်များ၊ တောင်ကမ်းပါးယံနှင့် တောင်ထိပ်တို့၌ အတန်းလိုက် အရစ်လိုက် စိုက်ပျိုးထားသော ရော်ဘာစိုက်ခင်းများကို တွေ့ရသဖြင့် လန်းဆန်းတက်ကြွ ကြည်နူးရသည်။

၂၀၁၄ ခုနှစ်တွင် ပုသိမ်(ငဝန်) တံတားကြီးကို နိုင်ငံတော်အစိုးရက တည်ဆောက်ဖွင့်လှစ်ပေးပြီး စိန်ကုန်းအစား ပုသိမ်(ငဝန်) တံတားကြီးအနောက်ဘက်ထိပ်မှစတင်၍ စိန်ကုန်းအထိ ကိုးမိုင်တစ်ဖာလုံကို ကွန်ကရစ်လမ်းခင်းပေးပြီး စိန်ကုန်းမှ ငွေဆောင်အထိ မိုင် ၂၀၊ သုံးဖာလုံ ကတ္တရာလမ်းစုစုပေါင်း ပုသိမ်မှ ငွေဆောင်အထိ ၂၉ မိုင် လေးဖာလုံ လမ်းဖောက်လုပ်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်အထိ ၁၀ နှစ်လုံးလုံး လမ်းအသုံးပြုခများ ကောက်ခံခြင်းမပြုဘဲ လမ်းပြုပြင်ထိန်းသိမ်းခြင်းကိုသာ မိမိတို့ကုမ္ပဏီက ဆောင်ရွက်ခဲ့ကြောင်း စီမံကိန်းဒါရိုက်တာက ပြောသည်။

ဆက်လက်၍ပုသိမ်-ငွေဆောင် ကားလမ်းကို ယခုဆက်လက်တာဝန်ယူဆောင်ရွက်နေသည့် စီမံကိန်းမန်နေဂျာ ဦးစိုင်းအောင်သင်းနှင့် လမ်းတာဝန်ခံအင်ဂျင်နီယာ ဦးဘချိုတို့က ယခုအခါ ပုသိမ်-ငွေဆောင် ကားလမ်း ၂၉ မိုင် လေးဖာလုံကို ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၈ ရက်မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အေးရှားဝေါလ်ကုမ္ပဏီသို့ BOT စနစ်ဖြင့် စာချုပ်ချုပ်ဆိုလုပ်ငန်းများ လွှဲပြောင်းအပ်နှံခဲ့သဖြင့် လမ်းကို ဆက်လက်ပြုပြင်ထိန်းသိမ်းလျက်ရှိပြီး လမ်းကြေးများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကောက်ခံခွင့်ပြုသည့် ၂၀၁၁ ခုနှစ် မတ် ၁၃ ရက်မှသာ စတင်ကောက်ခံခဲ့ပါကြောင်း၊ ၂၀၀၆ ခုနှစ်မှစ၍ ပုသိမ်-ငွေဆောင် ကားလမ်းပေါ်ရှိ အလျားပေ ၃၆၀ ရှိ သလပ်ခွာ တံတားနှင့် အလျားပေ ၂၆၀ ရှိ တွန်ပလွန်ဘေလီတံတားကြီးနှစ်စင်းတည်ဆောက်ခြင်းနှင့် သစ်သားတံတား ၂၆ စင်းကိုလည်း လမ်းနှင့်လိုက်လျောညီထွေဖြစ်မည့် ကွန်ကရစ်တံတားများအဖြစ် ပြုပြင်တည်ဆောက်ပြီး ပြင်ဆင်ထိန်းသိမ်းလျက်ရှိနေပါကြောင်းတို့ကို ရှင်းပြသည်။

လမ်းအမျိုးအစားမှာ (၁၈×၁၆×၁၄ ) ပေအကျယ်ရှိ ကွန်ကရစ်လမ်း ၉ မိုင် တစ်ဖာလုံနှင့် အကျယ် ၁၄ပေရှိ ကတ္တရာလမ်း မိုင် ၂၀၊ သုံးဖာလုံ စုစုပေါင်း ၂၉ မိုင် လေးဖာလုံရှိသည်။ ငွေဆောင်သည် ရန်ကုန်နှင့် အနီးဆုံးပင်လယ်ကမ်းခြေ အပန်းဖြေစခန်းဖြစ်ပြီး ဟိုတယ်အလုံး ၂၀ အခန်းပေါင်း ၁၀၀၀ ရှိကာ သန့်ရှင်းသော ပင်လယ်ကမ်းခြေ ကိုးမိုင်ကို ပိုင်ဆိုင်ထားခြင်း၊ ပုသိမ်-ငွေဆောင် ကားလမ်းသည်လည်း သွားလမ်းသာ၍ ပြန်လမ်းဖြောင့်လျက်ရှိနေခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စည်ကားလာလျက် ရှိပေတော့သည်။

## အုန်းတောလုပ်ငန်းခွင်ယာယီတံတားမှ ဖြတ်သန်းသွားလာနိုင်

**ပေါက် နိုဝင်ဘာ ၁၈**

ဆိပ်ဖြူ-ကန်တော-ပေါက်တံတားနှင့်ပခုက္ကူ-မင်းတပ်-မတူပီ ပြည်ထောင်စုကားလမ်းရှိ ပေါက်မြို့နယ်အမှတ်(၁)ပေါက်တံတား (အုန်းတော) လုပ်ငန်းခွင်ဆက်သွယ်ရေး ယာယီတံတားတည်ဆောက်ပြီးဖြစ်၍ ယခုအခါ ခရီးသည်နှင့်မော်တော်ယာဉ်၊ ဆိုင်ကယ်များ နိုဝင်ဘာ ၁၈ ရက်မှစ၍ အလွယ်တကူဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း အထူးစီမံကိန်းကြီးအဖွဲ့ (၃)အင်ဂျင်နီယာ ဦးစောဇာနည်လှက ပြောသည်။

အဆိုပါတံတားကိုအချင်းလေးပေ၊ သံပိုက်အုတ်မြစ်နှင့် ပေ ၄၀ အခန်းသုံးခန်း စုစုပေါင်းအရှည်ပေ ၁၂၀၊ Double Single နှစ်လွှာ တစ်ထပ်ဘေလီတံတား၊ သစ်သားရက်မ၊ ပျဉ်ခင်းနှင့်အကျယ် ၁၀ ပေဖြစ်သည်။ ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၂၅ တန်ဖြစ်ပြီး အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ တည်ဆောက်ထားခြင်းဖြစ်သည်။ **(အောက်ပုံ)**

**ဖိုးသားလေး(ယောမြေ)**



နိုင်ငံတကာသတင်း

# နိုင်ငံ့စီးပွားရေးမြှင့်တင်ရန် စက်သုံးဆီဈေး ၃၀ ရာခိုင်နှုန်း အင်ဒိုနီးရှားမြှင့်တင်

ဂျကာတာ နိုဝင်ဘာ ၁၈

အင်ဒိုနီးရှားအစိုးရက ၂၀၁၅ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ကို ကာမိစေရန် ကြိုးပမ်းဆောင်ရွက်မှု တစ်ရပ်အဖြစ် စက်သုံးဆီဈေးနှုန်းကို ၃၀ ရာခိုင်နှုန်းသို့ တိုးမြှင့်လိုက်သည်။

စက်သုံးဆီဈေးနှုန်းကို တစ်လီတာလျှင် ရူပီး ၂၀၀၀ (အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၆)သို့ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ လက်ရှိ စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာ ရူပီး ၈၅၀၀ ဈေးရှိပြီး ဒီဇယ်တစ်လီတာမှာ ရူပီး ၇၅၀၀ ဈေးရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ စက်သုံးဆီဈေးနှုန်းသည် ကမ္ဘာပေါ်တွင် ဈေးအချိုဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်ဟု ဆိုသည်။ ယင်းကဲ့သို့ စက်သုံးဆီဈေးနှုန်း တိုးမြှင့်လိုက်သဖြင့် မြို့တော်ဂျကာတာ၌ စက်သုံးဆီအရောင်းဆိုင်များတွင် တန်းစီသူများ ရှည်လျားသည့်အတန်းများဖြစ်ပေါ်ကာ ဆန္ဒပြမည့်အနေအထားတို့ တွေ့ရသည်ဟုဆိုသည်။



ယင်းကဲ့သို့ စက်သုံးဆီဈေးနှုန်း တိုးမြှင့်ခြင်းသည် နိုင်ငံစီးပွားရေးကိုတိုးမြှင့်အောင် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံ၏ ကုန်သွယ်မှုမမျှမတဖြစ်ခြင်းကိုလည်း ထိန်းညှိပေးရာ ရောက်ကြောင်း လွန်ခဲ့သည့်လက ရာထူးရရှိလာသော သမ္မတသစ် ဂျိုကိုဝီဒိုဒိုက ပြောသည်။

"ဒီနိုင်ငံမှာ အခြေခံအဆောက်အအုံ ဆောက်လုပ်ဖို့ ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍတွေမှာ တိုးမြှင့်ပေးဖို့ ဘတ်ဂျက်လိုပါတယ်။ ဒါပေမယ့် ဘတ်ဂျက်က စက်သုံးဆီကို ဈေးသက်သက်သာသာနဲ့ပဲ ရောင်းချနေရတဲ့အတွက် ဘတ်ဂျက်လိုအပ်နေပါတယ်"ဟု ၎င်းက သတင်းထောက်များကို ပြောသည်။

(ဘီဘီစီ)

# ဖျားနာသည့်ခရီးသည်ကြောင့် တရုတ်လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ခဲ့ရ

ရှန်ယန်း နိုဝင်ဘာ ၁၈

အသက်အရွယ်ကြီးရင့်သူ ခရီးသည်တစ်ဦးလေယာဉ်ပေါ်တွင် ဖျားနာသည်ကို သိရှိရပြီးနောက် တရုတ်နိုင်ငံတောင်ပိုင်း လေယာဉ်လိုင်းတစ်ခုမှ လေယာဉ်တစ်စင်းသည် တရုတ်နိုင်ငံအရှေ့ပိုင်းရှိ ရှန်ဒေါင်းပြည်နယ်၌ အရေးပေါ် ဆင်းသက်ခဲ့ရသည်။

မျိုးရိုးအမည် "ဝမ်" ဟုဖော်ပြထားသည့် အဆိုပါ ခရီးသည်သည် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီ ၈ မိနစ်က ရှန်ဟိုင်းလေဆိပ်မှ လေယာဉ်အမှတ် CZ-6506 စတင်ထွက်ခွာပျံသန်းပြီး မကြာမီ အဖျားဝေဒနာခံစားခဲ့ရခြင်းဖြစ်သည်ဟု သတင်းအရင်းအမြစ်များက ဆိုသည်။

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ လျောင်နင်းပြည်နယ် ရှန်ယန်းမြို့သို့ ဦးတည်ပျံသန်းနေသော ၎င်းလေယာဉ်သည်ခရီးသည် "ဝမ်" အားဆေးရုံသို့ ပို့ပေးနိုင်ရန်အတွက် ချင်ဒေါင်းမြို့၌ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

လေယာဉ်ပျံသန်းနေစဉ် ဝမ်မှာ သိသိသာသာနေမကောင်းဖြစ်နေပုံရပြီး လေယာဉ်အဖွဲ့သားများက သူ၏ကျန်းမာရေးအတွက် စိတ်ပူနေခဲ့ရကြောင်း လေယာဉ်မယ်ခေါင်းဆောင်ဒင်ဒန်းက ပြောသည်။

ခရီးသည်ဝမ်က သူ့တွင်ကျန်းမာရေးပြဿနာ တစ်စုံတစ်ရာအရင်က မရှိခဲ့ကြောင်း၊ သို့သော်လည်း ယခုရင်ဘတ်အောင့်ပြီး၊ အသက်ရှူမဝကြောင်း ပြောခဲ့သည်ဟု လေယာဉ်မယ်က ဆိုသည်။ သူ့အား သက်သောင့်သက်သာ လဲလျောင်းစေခဲ့ပြီး သကြားဖျော်ထားသည့် ရေနွေးပူပူတိုက်ကာ အောက်စီဂျင် ပေးခဲ့ကြောင်း လေယာဉ်မယ်က ထပ်လောင်း ပြောကြားခဲ့သည်။ အခြားခရီးသည်များကလည်း ဝမ်၏ ကျန်းမာရေးအခြေအနေကို စိုးရိမ်ပူပန်ခဲ့ကြပြီး လေယာဉ်အရေးပေါ် ဆင်းသက်ခဲ့ရခြင်းကို မည်သူမျှ မကန့်ကွက်ခဲ့ကြကြောင်း အဆိုပါလေယာဉ်မယ်က ပြောသည်။

လေယာဉ်မှာဆီဖြည့်ပြီးနောက် ချင်ဒေါင်းမြို့မှ ရှန်ယန်းမြို့သို့ ပြန်လည်ထွက်ခွာလာရာ သတ်မှတ်ချိန်ထက် မိနစ် ၄၀ နောက်ကျကာခရီးစဉ်အဆုံးသို့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့သည်။

(ဆင်ဟွာ)

# ဘဂ္ဂဒက်၌ ကုလယာဉ်တန်းပစ်မှတ်ထားတိုက်ခိုက်ခံရ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကုလသမဂ္ဂယာဉ်တန်းကို ပစ်မှတ်ထားကာ ဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့သည်။

အီရတ်ဆိုင်ရာ ကုလသမဂ္ဂထောက်ပံ့ရေးမစ်ရှင် (ယူအင်န်အေအမ်အိုင်)၏ ပြောကြားချက်အရ ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘဂ္ဂဒက်အစိမ်းရောင်နယ်မြေသို့ ဦးတည်သွားနေသောယာဉ်တန်း တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါယာဉ်တန်းတွင် လိုက်ပါလာသော ကုလဝန်ထမ်းများတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း၊ သို့သော်လည်း ယာဉ်တစ်စီးမှာ များစွာပျက်စီးခဲ့ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ယခုကဲ့သို့ပြုလုပ်ခြင်းသည် ကုလသမဂ္ဂ၏ အီရတ်ပြည်သူများကို ထောက်ပံ့မှုများ ရပ်တန့်သွားအောင် ဟန့်တားနိုင်မည်မဟုတ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ အထူးကိုယ်စားလှယ်က ဆိုသည်။

ထို့အပြင် ဘဂ္ဂဒက်မြို့ရှိ ရှောင်းဝယ်ဖောက်ကားမှုပြုလုပ်နေသည့် လူစည်ကားရာနေရာများတွင် ကားဗုံးပေါက်ကွဲမှုများကြောင့် ၁၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၃၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုများကို မည်သည့်အုပ်စုက လုပ်ဆောင်သွားကြောင်း မသိရ သေးသော်လည်း အီရတ်အာဏာပိုင်များက ISIL တက်ဖိရီစ်သွေးကြွများကို ပြစ်တင်ပြောဆိုခဲ့သည်။

ISIL တို့သည် အီရတ်၌ ဇွန်လကတည်းက ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး အီရတ်နိုင်ငံ ဒုတိယအကြီးဆုံးမြို့တော် မိုလ်ဆူးကို သိမ်းပိုက်ခဲ့သည်။

၎င်းတို့၏ တိုက်ခိုက်မှုများကြောင့် ပြီးခဲ့သည့်လက အရပ်သား ၈၅၆ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၄၁၇ ဦးထက်မနည်း သေဆုံးခဲ့ရပြီး အခြား ၂၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း နိုဝင်ဘာ ၁ ရက်ကယူအင်န်အေအမ်အိုင်၏ ဖော်ပြချက်အရ သိရသည်။

သို့သော်လည်း အီရတ်အစိုးရကမူ အောက်တိုဘာလအတွင်း အရပ်သားနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်သေဆုံးသူ ၁၇၀၀ ကျော်ရှိပြီး ဒဏ်ရာရရှိသူ ၂၃၀၀ ကျော်ရှိပြီဟု ဆိုသည်။

(ပရက်စ်တီဗွီ)

# ကမ္ဘာတစ်ဝန်းအကြမ်းဖက်တိုက်ခိုက်မှု သိသိသာသာမြင့်တက် အီရတ်နိုင်ငံသည် အဆိုးရွားဆုံးအကြမ်းဖက်ခံရသည့်နိုင်ငံဖြစ်

ဘဂ္ဂဒက် နိုဝင်ဘာ ၁၈

အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် သေဆုံးသူအရေအတွက်သည် ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်အကြား ၆၁ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း နိုင်ငံတကာအကြမ်းဖက်မှုဆိုင်ရာလေ့လာမှု အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

၂၀၁၃ ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်ရေးသမား ၁၀၀၀၀ နီးပါးက တိုက်ခိုက်ခဲ့ရာ ယင်းမှာ ယခင်နှစ်ကထက် ၄၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ၂၀၁၄ ခုနှစ် ကမ္ဘာ့တစ်ဝန်း အကြမ်းဖက်မှုအညွှန်းကိန်း လေ့လာမှုအစီရင်ခံစာ၌ ဖော်ပြသည်။



အိုင်အက်စ်၊ အယ်လ်ခိုင်ဒါ၊ ဘိုကိုဟာရမ်နှင့် တာလီဘန်တို့ကဲ့သို့သော စစ်သွေးကြွအုပ်စုများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူအများအပြား သေဆုံးခဲ့ရသည်ဟုဆိုသည်။ အကြမ်းဖက်တိုက်ခိုက်မှု အများဆုံးဖြစ်ပွားရာနိုင်ငံမှာ အီရတ်နိုင်ငံဖြစ်ကြောင်း၊ ၎င်းလေ့လာမှု အစီရင်ခံစာက ဖော်ပြသည်။ ၂၀၁၃ ခုနှစ်အတွင်း အဆိုပါအဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၁၈၀၀၀ သေဆုံးခဲ့ရသည်ဟု ဆိုသည်။

လက်ရှိအခြေအနေတွင် ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့အပြင် နိုင်ဂျီးရီးယားနိုင်ငံ၌ ဘိုကိုဟာရမ်ကဲ့သို့သော စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

အီရတ်၊ ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် နိုင်ဂျီးရီးယားနိုင်ငံ၌ အကြမ်းဖက်မှုကြောင့် လူပေါင်း ၁၄၇၂၂ ဦး သေဆုံးခဲ့သည်။ ယင်းတို့အနက် အီရတ်နိုင်ငံသည် အဆိုးရွားဆုံးဖြစ်ပြီး ၆၃၆၂ ဦး သေဆုံးခဲ့သည်။

(ဘီဘီစီ)




# ဆီတင်ယာဉ်များ ဖမ်းဆီးခံရခြင်းကြောင့် တက်ဖရီတို့ဝင်ငွေလျော့ကျ

ဂျီနီဗာ နိုဝင်ဘာ ၁၈

အီရတ်နှင့် ဆီးရီးယားရှိ တက်ဖရီစစ်သွေးကြွများ၏ ထိန်းချုပ်ခံနယ်မြေများမှ ထွက်ခွာလာသော ဆီတင်ယာဉ်များကိုသိမ်းပိုက်ခြင်းဖြင့် ၎င်းတို့ ဝင်ငွေများကိုဖြတ်တောက်မှုပြုလုပ်ရန် ကုလသမဂ္ဂက တိုက်တွန်းခဲ့သည်။

အိုင်အက်စ်နှင့် ၎င်းတို့၏ မဟာမိတ်များ၏ လက်နက်ခဲယမ်းမီးကျောက်များကို သယ်ယူမှုများ ရပ်တန့်စေရန်အတွက် ၎င်းတို့သိမ်းပိုက်ထားသော နယ်မြေများ၌ လေယာဉ်အတက်အဆင်း ပြုလုပ်မှုများကို ပိတ်ဆို့မှုများ ပြုလုပ်ရန် အဆိုပြုချက်ကို ကုလသမဂ္ဂက တင်ပြခဲ့သည်။

ယင်းတင်ပြချက်တွင် ISIL တို့၏ ပုဂ္ဂလိက ကြားခံပွဲစားများ၏အကူအညီဖြင့် တရားမဝင်လမ်းကြောင်းများမှ ဆီရောင်းချရမှုတန်ဖိုးသည် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၈၅၀၀၀၀ မှ ၁ ဒသမ ၆၅ သန်းအထိ ရှိနိုင်သည်ဟု ခန့်မှန်းကြသည်။

ဆီးရီးယားရှိ အယ်လ်ခိုင်ဒါ ဆက်နွယ်သော နူဆရာတပ်ဦးနှင့် ISIL စစ်သွေးကြွများ၏ ဘဏ္ဍာရေးကိုပိတ်ဆို့ရန်ဆိုသည့် ဆုံးဖြတ်ချက်ကိုဆွေးနွေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့သည်။

ကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက အဆိုပါ ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များကို ဖြတ်တောက်ရန် ဆိုသည့် ဆွေးနွေးမှုကို ထောက်ခံခဲ့သည်။

ယင်းကဲ့သို့ လုပ်ဆောင်မှုသည် တက်ဖရီစစ်သွေးကြွများ၏ ဆီကုန်သွယ်မှုပြုလုပ်နေသည့် နိုင်ငံများကို ခြိမ်းခြောက်လျက်ရှိသည်။

(ပရက်စ်တီဗွီ)

ပြည်တွင်းသတင်း

# မြန်မာနှင့်အာဆီယံအတွက် အကျိုးရလဒ်များစွာကို ဆောင်ကြဉ်းပေးနိုင်မည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး

သတင်းဆောင်းပါး-ခင်မောင်ထွေး၊ နန္ဒာဝင်း
ဓာတ်ပုံ-ဇော်မင်းလတ်၊ လှမိုး

ဖွံ့ဖြိုးပြီး စက်မှုထိပ်သီး ခုနစ်နိုင်ငံဖြစ်သည့် ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ပြည်ထောင်စုသမ္မတဂျာမနီ၊ ဗြိတိန်၊ ကနေဒါနှင့် အီတလီတို့ ပါဝင်သော ဂျီ-၇ အုပ်စု(Group of -7) ထိပ်သီးအစည်းအဝေးကို ၁၉၇၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ စတင်ကျင်းပခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ မြို့တော်များတွင် အလှည့်ကျကျင်းပခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကို ဖြေရှင်းရေး၊ ကမ္ဘာ့ငွေကြေးစနစ်တည်ငြိမ်မှုအတွက် ဝင်ရောက်ထိန်းသိမ်းရေး၊ နိုင်ငံတကာကုန်သွယ်မှုတွင် မိမိ၏ပြည်တွင်းစီးပွားရေးအကျိုးအမြတ်ကို တစ်ဖက်သတ်ကြည့်တတ်သော ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒ (Protectionism)အရ ကိုယ်ကျိုးစီးပွားကာကွယ်မှု (Protection) များ ပိုမိုမဖြစ်ပေါ်စေရေးကို ရည်ရွယ်၍ ဖွဲ့စည်းခဲ့ကြသည်။ နောက်ပိုင်းတွင် ရုရှားနိုင်ငံပါဝင်လာသောကြောင့် စက်မှုထိပ်သီး အုပ်စုရှစ်နိုင်ငံ (Group of -8 ) ဖြစ်လာခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော အာရှငွေကြေးဂယက်ကြောင့် ကမ္ဘာ့စီးပွားရေးကို ထိန်းကျောင်းနိုင်ရန် အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ ဂျာမဏီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ မက္ကဆီကို၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိက၊ တူရကီ၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပယူနီယံတို့ ပါဝင်သော ဂျီ-၂၀ (Group of -20) ပေါ်လာပြန်သည်။



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်



ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း




ဒေါက်တာဒေါ်ဝါဝါမောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန)

၂၀၀၈ ခုနှစ်တွင်မူ ကမ္ဘာ့စီးပွားရေး နှေးကွေးမှုကြောင့် ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နှစ်စဉ်ထိပ်သီးအစည်းအဝေးများ ကျင်းပပြီး ကမ္ဘာ့စီးပွားရေးပျက်ကပ်များကို ရှောင်ရှားနိုင်ရန် နိုင်ငံတကာစီးပွားရေးမူဝါဒများကို ထိန်းညှိပေးသည့် အဖွဲ့အစည်းအဖြစ် ပေါ်ထွက်လာသည်။

၂၀၁၄ ခုနှစ် နဝမအကြိမ်မြောက် ဂျီ-၂၀ အစည်းအဝေးကို ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ဘရစ္စဘိန်းမြို့၌ နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပနိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံဥက္ကဋ္ဌအနေဖြင့် အိမ်ရှင်နိုင်ငံ၏ ဖိတ်ကြားခြင်းခံရသည့်အတွက် အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည်။

မြန်မာ့သမိုင်းတွင် အာဆီယံနိုင်ငံများကိုယ်စား ဂျီ-၂၀ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နိုင်ငံတော်သမ္မတသည် နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် အမိမြေသို့ ပြန်လည်ရောက်ရှိလာသည်။

သို့ဖြင့် နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့သူအချို့ကို မေးမြန်း၍ စုစည်းတင်ပြလိုက်ရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်**

ဂျီ-၂၀ အဖွဲ့ကြီးဟာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနဲ့ စဉ်းစားသုံးသပ်မှုကို အဓိကထားလုပ်ဆောင်နေတဲ့ အဖွဲ့အစည်းကြီးဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ သုံးပုံ နှစ်ပုံလောက်ရှိတဲ့ ဈေးကွက်ကြီးမှာလည်းအားလုံးသော ဂျီ-၂၀ နိုင်ငံများက ပူးပေါင်းဆောင်ရွက်နေတာဖြစ်တဲ့ အတွက် အင်မတန်အရေးကြီးတဲ့ အစည်းအဝေးကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ထို့အတူ ကမ္ဘာ့ထိပ်သီးနိုင်ငံအားလုံး ပါဝင်တာဖြစ်တဲ့အတွက် နိုင်ငံခေါင်းဆောင်အကြီးအကဲအားလုံးလည်း ပါဝင်တက်ရောက်ဆွေးနွေးကြပါတယ်။ ဂျီ-၂၀၊ နိုင်ငံများရဲ့ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးကို အခြေခံပြီး ထိပ်သီးခေါင်းဆောင်များအစည်းအဝေးကို နောက်ဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ရုရှားနိုင်ငံက ဂျီ-၂၀ နိုင်ငံများရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့တယ်။ ဒီနှစ် ဂျီ-၂၀ နိုင်ငံများရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတဲ့ ဩစတြေးလျအနေနဲ့ အခု ထိပ်သီးအစည်းအဝေးအပြင်တစ်နှစ်လုံးမှာ ကျင်းပခဲ့တဲ့ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးမှာ အာဆီယံနိုင်ငံများကိုယ်စား အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားတဲ့ မြန်မာနိုင်ငံကိုလည်း ဖိတ်ကြားတဲ့အတွက် ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးကိုလည်း တက်ရောက်ခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ်အတွင်း အဓိကအားဖြင့် ဩစတြေးလျနိုင်ငံမှာ သုံးကြိမ်၊ ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနဲ့ ဗဟိုဘဏ် ဥက္ကဋ္ဌများအစည်းအဝေးကို ပထမက ဆစ်ဒနီမှာ ကျင်းပခဲ့ပါတယ်။ ဒုတိယက ကိန်းဆိုတဲ့နေရာမှာ၊ အခု တတိယကတော့ ဘရစ္စဘိန်းမှာ ထိပ်သီးအစည်းအဝေးနဲ့ တစ်ပြိုင်နက်တည်း ကျင်းပခဲ့တာဖြစ်ပါတယ်။

ဂျီ-၂၀ နိုင်ငံများရဲ့ ဘဏ္ဍာရေးဝန်ကြီးများက နိုင်ငံများရဲ့ ဘဏ္ဍာရေးဆိုင်ရာတိုးတက်မှုနဲ့ စီးပွားရေးတိုးတက်မှု အခြေအနေကို အဓိကထားပြီး သုံးသပ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဗဟိုဘဏ်ကလည်း ပါဝင်တက်ရောက်ခဲ့တယ်။ ဒီနှစ် ဂျီ-၂၀ အစည်းအဝေးမှာ ထူးခြားတာက ၂၀၁၈ ခုနှစ်မှာ ဂျီ-၂၀ နိုင်ငံများရဲ့ GDP ဖွံ့ဖြိုးတိုးတက်မှုနှုန်းက ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်မယ်လို့ ရည်မှန်းချက်ကို သူတို့ချမှတ်ထားခဲ့ကြတယ်။ အထူးသဖြင့် အလုပ်အကိုင်ရရှိရေးအတွက် ကမ္ဘာရဲ့အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လိုဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမလဲ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဂျီ-၂၀ နိုင်ငံများက အမျိုးသမီးထုများ အလုပ်အကိုင်ရရှိရေးအတွက်ကိုလည်း အမျိုးသမီး သန်း ၁၀၀ လောက် အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်မယ်လို့လည်း သူတို့ ကတိကဝတ်တွေ ပြုခဲ့ကြပါတယ်။ လုပ်တဲ့စီးပွားရေးတွေမှာ အခွန်နဲ့ပတ်သက်ပြီး မျှတတဲ့ အခွန်တွေရရှိဖို့ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ၊ အခွန်ဆိုင်ရာသတင်းအချက်အလက်တွေ ဘယ်လိုလုပ်မလဲ ဆွေးနွေးခဲ့ကြပါတယ်။ ဒါ့အပြင် ကမ္ဘာ့စီးပွားရေးအနေအထားကို အထောက်အကူပြုမယ့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ တိုးတက်ဖို့ကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ဖို့ကိုလည်း အားလုံးသော နိုင်ငံတွေက တွန်းအားပေးဆောင်ရွက်ကြပါတယ်။

နောက်တစ်ချက်က ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကိုလည်း အားလုံးသောနိုင်ငံများက ဘယ်လိုဝိုင်းဝန်းဆောင်ရွက်ကြမလဲ ဆွေးနွေးကြပါတယ်။ ဒါ့အပြင် ကမ္ဘာ့ဘဏ်က အကြံပြုတဲ့အတွက် လတ်တလောဖြစ်ပေါ်နေတဲ့ အီဘိုလာရောဂါကိုလည်း ဘယ်လိုဝိုင်းဝန်းတိုက်ဖျက်ကြမလဲဆိုတာကို အစည်းအဝေးမှာဆွေးနွေးကြပါတယ်။ ခြုံငုံပြီး သုံးသပ်ရမယ်ဆိုရင် ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်တွေတက်တဲ့ အတွက် ဒီအစည်းအဝေးမှာ ဆွေးနွေးကြတဲ့ အကြောင်းအရာတွေဟာ တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်ပြီး အာဆီယံနဲ့လည်း သက်ဆိုင်ပါတယ်။ ဒီအစည်းအဝေးမှာ အာဆီယံဥက္ကဋ္ဌအဖြစ် ဖိတ်ကြားခြင်းခံရပြီး အာဆီယံကိုယ်စား သမ္မတကြီး တက်ရောက်ခွင့်ရပြီး ရှင်းလင်းပြောကြားခွင့်ရတဲ့အပြင် မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း ရှင်းလင်းပြောကြားနိုင်တယ်။ အကျိုးကျေးဇူးရှိတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ အင်မတန်ကောင်းတဲ့ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ သရုပ်သကန်ကို ဖော်ပြနိုင်တဲ့အနေအထားရှိသလို အာဆီယံကိုကိုယ်စားပြုပြီး ဦးဆောင်ဆောင်ရွက်နိုင်တဲ့ နိုင်ငံတစ်ခုအနေနဲ့ ကျွန်တော်တို့နိုင်ငံအတွက်သာမက အာဆီယံအတွက်လည်း များစွာအကျိုးရှိပါတယ်။ ဒါ့အပြင် ဆွေးနွေးတဲ့ အကြောင်းအရာတွေကလည်း တစ်ကမ္ဘာလုံးနဲ့ပတ်သက်ပြီး စဉ်းစားဆွေးနွေးတာဖြစ်တဲ့အတွက် အာဆီယံကလည်း ဂျီ-၂၀ နိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်း၊ အတွေးအမြင်တွေ၊ အကြံပြုချက်တွေရရှိလာတဲ့ ကောင်းမွန်တဲ့အခွင့်အရေးတစ်ခုဖြစ်ပါတယ်။

တိုက်ဆိုင်မှုကလည်း အာဆီယံ ၁၀ နိုင်ငံက ထိပ်သီးအစည်းအဝေး ဆောင်ရွက်ခွင့်ရဖို့ကလည်း ၁၀ နှစ်မှ တစ်ကြိမ်လောက် ပြန်ကျင်းပခွင့်ရတဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကလည်း ၂၀၁၁ ခုနှစ်ကစပြီး အစိုးရသစ်တက်ခဲ့တဲ့ကာလ ၂၀၁၄ ခုနှစ်မှာ ဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့တယ်ဆိုတာ ပြည်သူပြည်သားတွေ ဂုဏ်ယူဖို့ကောင်းပါတယ်။ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးကိုလည်း ဂျီ-၂၀ ခေါင်းဆောင်များက အသိအမှတ်ပြုချီးကျူးဂုဏ်ပြုကြပါတယ်။ အခု ဂျီ-၂၀ အစည်းအဝေးနဲ့ အတူ ဆက်စပ်ပြီး ထွက်လာတဲ့ရလဒ်တွေကလည်း ကျွန်တော်တို့နိုင်ငံ ပြည်သူ ပြည်သားတွေကို အကျိုးရှိမယ့်ကိစ္စတွေ၊ အစိုးရအဖွဲ့အနေနဲ့ ဘာတွေဆက်လုပ်သင့်တယ်၊ ဘာတွေ စဉ်းစားသင့်တယ်ဆိုတာကိုလည်းရရှိတဲ့အတွက် အင်မတန် ကောင်းတဲ့အခွင့်အရေးတစ်ခုကို ကျွန်တော်တို့ ဆွတ်ခူးနိုင်တယ်လို့ပဲ ပြောချင်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်**

စီးပွားရေး ဖွံ့ဖြိုးတဲ့ နိုင်ငံကြီးတွေရဲ့ အစည်းအဝေးတွေဖြစ်ပါတယ်။ ဒီအစည်းအဝေးတွေမှာ အာဆီယံအလှည့်ကျဥက္ကဋ္ဌကိုလည်း အစည်းအဝေးကျင်းပတဲ့ အလှည့်ကျနိုင်ငံရဲ့ ဝန်ကြီးချုပ်တွေ၊ နိုင်ငံတော်အကြီးအကဲတွေအနေနဲ့ အစိုးရနှစ်စဉ်ဖိတ်ကြားလေ့ရှိပါတယ်။ ဒီနှစ်မှာတော့ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံက ယူထားတဲ့အတွက် သမ္မတကြီးကိုလည်း အလှည့်ကျဖြစ်တဲ့ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်က ဖိတ်ကြားတာဖြစ်ပါတယ်။ ထူးထူးခြားခြား ဆက်စပ်နေတာတော့ အာဆီယံထိပ်သီးအစည်းအဝေးတွေ၊ ဆက်စပ်ကျင်းပတဲ့ အရှေ့အာရှ ထိပ်သီးအစည်းအဝေး၊ ဒါနဲ့ တစ်ဆက်တစ်စပ်တည်းမှာပဲ ဂျီ-၂၀ ကို ဆက်စပ်ပြီးကျင်းပသွားတာ ဖြစ်ပါတယ်။ ရှေ့မှာလည်း တရုတ်နိုင်ငံ ပေကျင်းမြို့မှာ အေပက်ထိပ်သီး ညီလာခံလုပ်တယ်။ အဲဒီမတိုင်ခင်မှာလည်း အေပက်အဖွဲ့ဝင်မဟုတ်သော နိုင်ငံ ခုနစ်နိုင်ငံနဲ့ တရုတ်က (Dialogue Strengthening Connectivity Partnership) ဆိုတဲ့ ထိပ်သီးညီလာခံတစ်ခုကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဒီညီလာခံတွေ ကျင်းပတဲ့ အချိန်၊ ရွေးချယ်မှုကာလကို ကြည့်မယ်ဆိုရင် အာရှဒေသကို ကမ္ဘာ့အနှံ့အပြားက ထိပ်သီးခေါင်းဆောင်ကြီးတွေ၊ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ တက်ရောက်နိုင်ဖို့ တစ်ဆက်တစ်စပ်တည်း စီစဉ်ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ အနေအထားတွေ့ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မိမိတို့ရဲ့ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို အခြေခံပြီး ဆောင်ရွက်ကြသော်လည်း ဒီအချိန်၊ ဒီအခါ ကာလအတွင်းမှာ ထိပ်သီးခေါင်းဆောင်ကြီးတွေ လာရောက်စုစည်းဖို့အတွက် ရွေးချယ်ထားတဲ့ရက်ကရက်သတ္တပတ်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ထူးထူးခြားခြားနဲ့ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်သွားတယ်ဆိုတာတွေ့ရပါတယ်။

မြန်မာနိုင်ငံက တာဝန်ယူရတဲ့ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ (၉)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးတွေဟာ အေပက်နဲ့ ဂျီ-၂၀ လို တကယ့် ကမ္ဘာ့နိုင်ငံကြီးတွေရဲ့ စီးပွားရေးပိုင်းဆိုင်ရာ အစည်းအဝေးကြီးတွေအလယ်မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သမ္မတကြီးအနေနဲ့လည်း အာဆီယံ ထိပ်သီးအစည်းအဝေးမှာ အလှည့်ကျတာဝန်ထမ်းဆောင်ပြီး ပိတ်ပွဲပြီးနောက်တစ်နေ့မှာ ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ကို ထွက်ခွာလာပြီး ဒီအစည်းအဝေးလာတက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အစိုးရသစ်တာဝန်ယူပြီးတဲ့နောက်မှာ ကမ္ဘာ့ဒေသအသီးသီးက နိုင်ငံကြီးများရော၊ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီး နိုင်ငံများပါ စဉ်ဆက်မပြတ်ထိတွေ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတွေ တိုးတက်အောင် ဆောင်ရွက်နေတဲ့နည်းတူ နိုင်ငံတကာနဲ့ထိတွေ့မှု ပိုမိုများပြားတဲ့နှစ်ဖြစ်ပါတယ်။ နှစ်စမှာကတည်းက ဘင်းမ်စတက်ထိပ်သီးညီလာခံ၊ (၂၄)ကြိမ်မြောက်ထိပ်သီးအာဆီယံအစည်းအဝေး စသဖြင့် ဒီလို ထိပ်သီးနိုင်ငံအများအပြားပါတဲ့ အစည်းအဝေးကြီးတွေကို အိမ်ရှင်အဖြစ် ဥက္ကဋ္ဌတာဝန်ယူပြီး ထမ်းဆောင်တယ်။ ဂျီ-၂၀ လိုအစည်းအဝေးမှာလည်း မိမိရဲ့ဒေသကို ကိုယ်စားပြုပြီး တက်ရောက်တာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးကဏ္ဍကလည်း အဆင့်တစ်ခု ထပ်မံတိုးတက်ရောက်ရှိလာတယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**

ဂျီ- ၂၀ ဟာ အရေးကြီးတဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ သဘောသဘာဝကိုကြည့်မယ်ဆိုရင် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ အာရှနိုင်ငံတွေမှာရော၊ ကမ္ဘာ့နိုင်ငံတွေမှာပါ စီးပွားရေးအကျပ်အတည်း၊ ငွေကြေးအကျပ်အတည်းတွေ အများကြီးဖြစ်ပေါ်ခဲ့တယ်။ အဲဒီလိုဖြစ်တဲ့အတွက် အရင်တုန်းက ဂျီ -၇၊ ဂျီ-၈ စတဲ့ ဖွံ့ဖြိုးပြီး ၇-၈ နိုင်ငံအနေနဲ့ ဆောင်ရွက်မှုအားနည်းလာတာကြောင့် ပိုမိုဆောင်ရွက်လာနိုင်အောင် ကမ္ဘာ့တိုက်ကြီးတွေမှာရှိတဲ့ ကိုယ်စားပြုနိုင်ငံအားလုံးပါဝင်တဲ့ နိုင်ငံ ၂၀ ကို တည်ထောင်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံအနေနဲ့ ၁၉ နိုင်ငံပါပြီး ဥရောပသမဂ္ဂက တစ်နိုင်ငံအနေနဲ့ ကိုယ်စားပြုပါဝင်တယ်။ ဒါကြောင့် ဂျီ-၂၀ (Group of -20)လို့ ခေါ်တာဖြစ်ပါတယ်။

အထူးသဖြင့် ဒီအစည်းအဝေးက လွတ်လွတ်လပ်လပ် စည်းဝေးတဲ့ မျက်နှာစုံညီ စကားဝိုင်းကြီးဖြစ်ပါတယ်။ ဆွေးနွေးချက်တွေက အစည်းအဝေးပုံစံ မဆန်ဘဲ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ အလွတ်သဘောဆွေးနွေးတဲ့ ပုံစံဖြစ်ပြီး နှစ်စဉ် ကမ္ဘာမှာဖြစ်နေတဲ့ ဖြစ်စဉ်ပေါ်မှာ အဓိက ဘယ်လိုအခြေခံကြမလဲ၊ ဆွေးနွေးကြမလဲ၊ ဆောင်ရွက်ကြမလဲ၊ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲ နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့လည်း ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံအားလုံးနဲ့ သူတို့ ရှေ့ဆက်ဘာဆောင်ရွက်မလဲ၊ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဘယ်လိုရှေ့ဆက် လက်တွဲဆောင်ရွက်မလဲ၊ လိုအပ်ချက်တွေကို ဂျီ-၂၀ နိုင်ငံတွေက ဘယ်လိုဖြည့်ဆည်းနိုင်မလဲ။ ထိုနည်းတူစွာ ဂျီ-၂၀ နိုင်ငံရဲ့ လိုအပ်ချက်ကို လက်ရှိအာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတဲ့ အခြေအနေပေါ်မှာ အခြေခံပြီး ကျွန်တော်တို့ ဆွေးနွေးခန့်မှန်းနိုင်တာဖြစ်ပါတယ်။

အာဆီယံ ၁၀ နိုင်ငံရဲ့အမြင်နဲ့ အဓိကပါဝင်ဆောင်ရွက်နိုင်တဲ့အခြေအနေကို ဂျီ-၂၀ အစည်းအဝေးမှာ ပါဝင်ဆွေးနွေးနိုင်တဲ့အတွက် အလွန်အကျိုးကျေးဇူးရှိတဲ့ အစည်းအဝေးလည်းဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံမှာ ကာလရှည်စီမံကိန်းဖြစ်တဲ့ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု နှစ်၂၀ စီမံကိန်းတွေ၊ ပထမငါးနှစ် စီမံကိန်းတွေ၊ ဒုတိယငါးနှစ်စီမံကိန်းဆိုရင် လာမယ့်နှစ်မှာ ရေးဆွဲရမှာဖြစ်ပါတယ်။ ဒီလိုရေးဆွဲရမယ့် အခြေခံနှစ်လည်းဖြစ်တဲ့အတွက် ဂျီ-၂၀ နိုင်ငံတွေက ဘယ်လို လမ်းကြောင်းနဲ့သွားမယ်၊ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း သူတို့နဲ့အတူတူ ဘယ်လို ဆက်လက်လျှောက်လှမ်းသွားမလဲ။ အနာဂတ်မှာတိုးတက်ဆောင်ရွက်သွားမယ့် ကျွန်တော်တို့ပြည်သူဗဟိုပြုလုပ်ငန်းများဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံတိုးချဲ့ရေးအပြင် အခွန်အကောက်စနစ်များ၊ စီးပွားရေးဖွံ့ဖြိုးမှုတွေကို ဘယ်လိုတိုးမြှင့်ဆောင်ရွက်သွားမလဲဆိုတာကို သူတို့ ကမ္ဘာ့နိုင်ငံကြီးတွေဖြစ်တဲ့ ဂျီ-၂၀ နိုင်ငံကြီးတွေရဲ့ ဦးတည်ချက်ပေါ်မှာ သိမြင်ပါဝင်ခွင့်ရပြီး ကျွန်တော်တို့နိုင်ငံရဲ့ ရပ်တည်ချက်၊ အာဆီယံနိုင်ငံတွေရဲ့ ရပ်တည်ချက်ကိုလည်း ပြောနိုင်တာဖြစ်တဲ့အတွက် အလွန်အကျိုးရှိပါတယ်။ နိုင်ငံ့အတွက်ရော၊ အာဆီယံနိုင်ငံများအတွက်ရော၊ အာရှဒေသကြီး တစ်ခုလုံးအတွက်ပါ အကျိုးရှိပါတယ်။

**ဒေါက်တာဒေါ်ဝါဝါမောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန)**

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို ကမ္ဘာ့စီးပွားရေး ရေရှည်တည်တံ့၊ ခိုင်မာပြီး ဘက်မျှတဲ့ ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရေး ( Strong, Sustainable and Balanced Growth) ဆိုတဲ့ဆောင်ပုဒ်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်။ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံအားလုံးက စုပေါင်းချမှတ်မယ့် အစီအစဉ်တွေကို တစ်နှစ်ပတ်လုံးချမှတ်ရေးဆွဲပြီး ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမှာ ခေါင်းဆောင်တွေအားလုံး အတည်ပြုတဲ့ ကြေညာချက် ထုတ်ပြန်တာဖြစ်ပါတယ်။ အလုပ်အကိုင်ဖန်တီးမှု၊ ကုန်သွယ်မှုမှာဖြေလျှော့မှုတွေပေးကြဖို့၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ထုတ်ကုန်တွေ နိုင်ငံတကာဈေးကွက်မှာ ဝင်ရောက်နိုင်ဖို့ကိစ္စ၊ သူတို့ရဲ့ နိုင်ငံတစ်နိုင်ငံချင်းစီမှာ ပြည်တွင်းပြုပြင်ပြောင်းလဲမှုတွေကတစ်ဆင့် ဂျီ-၂၀ ရဲ့ စုစုပေါင်း GDP ကို ဆက်စပ်ပြီး အခြားအဖွဲ့ဝင်နိုင်ငံမဟုတ်တဲ့ ဖွံ့ဖြိုးမှုနည်းတဲ့ နိုင်ငံတွေအပေါ်မှာ အပေါင်းလက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေရှိဖို့ ရည်ရွယ်ပါတယ်။ အဓိကအားဖြင့် ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျီ-၂၀ နိုင်ငံတွေက ရင်းနှီးမြှုပ်နှံမယ်။ သူတို့ စုပေါင်းထည့်ဝင်ထားတဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်တို့မှာရှိတဲ့ သူတို့ရဲ့ အရင်းအမြစ်တွေကို ဖွံ့ဖြိုးဆဲနိုင်ငံမှာရှိနေတဲ့ အခြေခံအဆောက်အအုံတွေ တိုးတက်ဖို့အတွက် ပြန်လည်ရင်းနှီးမြှုပ်နှံမယ့် အနေအထားမျိုး (Public Private Partnership )အဖြစ် ဆောင်ရွက်မယ်ဆိုပြီး စီမံထားတယ်။အစကတည်းက ဂျီ-၂၀ ရဲ့ အဓိကရည်ရွယ်တာဟာ ဘဏ္ဍာရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေ ဖြစ်ခဲ့တဲ့အတွက် ဒါတွေကို ပြန်ပြီးကုစားဖို့ စတင်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

ဆောင်းပါး

# ဆက်တိုက်ကျင်းပခဲ့သည့် ကမ္ဘာ့နိုင်ငံများ၏ထိပ်သီးဆွေးနွေးပွဲများ

ဒေါက်တာ ဝါဝါမောင်

နှစ်တစ်နှစ်၏ ကုန်ဆုံးချိန်ရောက်ခါနီးမို့ ကမ္ဘာ့နိုင်ငံများ၏ထိပ်သီးအစည်းအဝေးရာသီကျရောက်ခဲ့ပြီးဖြစ်ပါသည်။ (၂၂) ကြိမ်မြောက် အေပက်ထိပ်သီးအစည်းအဝေးကို တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၈ရက်မှ ၁၀ ရက်အထိ လည်းကောင်း၊ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်(၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့ကို မြန်မာနိုင်ငံ နေပြည်တော်တွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ ၂၀၁၄ ခုနှစ် G-20 ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိလည်းကောင်း ကျင်းပခဲ့ပါသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးများတွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးနှင့်ကမ္ဘာ့စီးပွားရေး တည်ငြိမ်စေရန် ပြုပြင်ပြောင်းလဲမှုများအရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းရပ်များ၊ နိုင်ငံများအကြားမျှတသော ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရေး၊ အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဖွံ့ဖြိုးမှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ဈေးကွက်ရရှိမှုအခြေအနေ၊ ကမ္ဘာ့ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများ၊ ဒေသများအကြားဘက်စုံဆက်သွယ်ယှက်နွယ်မှုနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုများအတွက် မည့်သည့် ဆောင်ပုဒ်များဖြင့် မည်သည့် နယ်ပယ်များအား ချဉ်းကပ်ဆွေးနွေးခဲ့ကြသည်ကို မျှဝေလိုပါသည်။

**အေပက်ထိပ်သီးအစည်းအဝေး(APEC CEO Summit 2014)**

(၂၂)ကြိမ်မြောက် အေပက်ထိပ်သီးအစည်းအဝေးကို **၂၀၁၄ ခုနှစ် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်** အထိ တရုတ်နိုင်ငံပေကျင်းမြို့တွင် ကျင်းပခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မှ စတင်ဆွေးနွေးခဲ့သည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အမှုဆောင်အရာရှိများ ထိပ်သီးအစည်းအဝေး(APEC CEO Summit)သည် ဒေသတွင်းနှင့် ဒေသတွင်းမဟုတ်သော စီးပွားရေးခေါင်းဆောင်များနှင့်အဆင့်မြင့် စီးပွားရေးခေါင်းဆောင်များ၏ အာရှ-ပစိဖိတ်ဒေသ၏ ကနဦးတွင် စီးပွားရေးလုပ်ငန်းများအကြောင်းဆွေးနွေးသည့် ဖိုရမ်ဖြစ်ပါသည်။ အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(သို့မဟုတ်) အေပက်ကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလတွင် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့တွင် အဖွဲ့ဝင် ၁၂ နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၁ နိုင်ငံရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။

အေပက်၏ ရည်မှန်းချက်ပန်းတိုင်မှာ အာရှ-ပစိဖိတ်ဒေသအတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကြွယ်ဝချမ်းသာမှုတို့ဖြစ်ပေါ်စေရန် ဖြစ်သည်။ အေပက်အဖွဲ့ဝင်အားလုံးတို့သည် ခေတ်မီ၍ ညီညွတ်မှုရှိသော အာရှ-ပစိဖိတ် လူ့အဖွဲ့အစည်းကို ထူထောင်ရန်ဖြစ်သည်။ ဤသို့ ထူထောင်ရန် ကြိုးပမ်းရာတွင် လွတ်လပ်ပွင့်လင်းမှုရှိသော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ၊ ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုပိုမိုဖြစ်ထွန်းစေရေး၊ စီးပွားရေးနှင့်နည်းပညာပူးပေါင်းမှုများ၊ လူသားလုံခြုံမှု၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေမည့် ဝန်းကျင် စသည်တို့ဖြစ်ပေါ်စေနိုင်ရေးတို့ကို အဓိကထား၍ ဆောင်ရွက်ရန်ဖြစ်သည်။

အေပက်သည် လုပ်ဆောင်ချက် **မဏ္ဍိုင်သုံးရပ်** အဖြစ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွတ်လပ်ခွင့်၊ စီးပွားရေး လွယ်ကူချောမွေ့စေရေးနှင့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းမှုတို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ဒေသ၏ စီးပွားရေး၊ အလုပ်အကိုင်ဖန်တီးမှု၊ လူနေမှုအဆင့်အတန်းမြှင့်မားရေးနှင့်နည်းပညာမြှင့်မားရေးတို့ အပါအဝင်ဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးမှုကိုလှမ်းခြုံစေပါသည်။ ၂၀၁၄ ခုနှစ် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အမှုဆောင် အရာရှိများ ထိပ်သီးအစည်းအဝေး ဆောင်ပုဒ်မှာ **"အာရှ-ပစိဖိတ် ပူးပေါင်းမှုမှတစ်ဆင့် အနာဂတ်အားပုံဖော်ခြင်း-Shaping the Future through Asia-Pacific Partnership."** ပင်ဖြစ်သည်။ အထူးအလေးပေး ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှာ-

- ❖ ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းမှုများအား ခေတ်မီစေခြင်း(Advancing Regional Economic Integration)၊
- ❖ တီထွင်ဆန်းသစ်မှုရှိသည့်ဖွံ့ဖြိုးမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်မှု (Promoting Innovative development,Economic Reform and Growth)၊
- ❖ ဘက်စုံဆက်သွယ်ယှက်နွယ်မှုနှင့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုအား အားကောင်းစေခြင်း "Strengthening Comprehensive Connectivity and Infrastructure Development" တို့ပင်ဖြစ်ပါသည်။

(၂၂)ကြိမ်မြောက် အေပက်ထိပ်သီးအစည်းအဝေးတွင် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအား ခေတ်မီစေခြင်း၊ တီထွင်ဆန်းသစ်သည့် ဖွံ့ဖြိုးမှုနည်းလမ်းများ မြှင့်တင်ခြင်း၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဘက်စုံဖွံ့ဖြိုးစေသည့် ဘက်စုံဆက်သွယ်ယှက်နွယ်မှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုတို့အား အာရှ-ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်ဖြစ်ပေါ်စေရန်နှင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးမှုနှင့်ဘုံကြွယ်ဝမှုတို့ကို ဖြစ်ပေါ်စေရေးတို့အား ဦးတည်ဆွေးနွေးခဲ့ကြပါသည်။ အေပက်ခေါင်းဆောင်များ၏ ကြေညာချက်တွင်-

- ❖ အာရှ-ပစိဖိတ်လွတ်လပ်သည့် ကုန်သွယ်မှု ဖြစ်ပေါ်စေရေးအတွက် အေပက်၏ ပေကျင်းလမ်းပြမြေပုံ (Beijing Roadmap for APEC's Contribution to the Realization of the Free Trade Area of the Asia-Pacific-FTAAP)
- ❖ ကမ္ဘာ့တန်ဖိုးမြှင့် ကွင်းဆက်ဖွံ့ဖြိုးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် အေပက်၏ မဟာဗျူဟာ လမ်းပြမြေပုံ(APEC Strategic Blueprint for promoting Global Value Chain Development and Cooperation)
- ❖ တီထွင်ဆန်းသစ်သည့် ဖွံ့ဖြိုးမှု၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးမှုအတွက် အေပက်၏ ကြေညာချက် (APEC Accord on Innovative Development Economic Reform and Growth)
- ❖ ၂၀၁၅ မှ ၂၀၂၅ ခုနှစ်အထိ အေပက်၏ ဘက်စုံဆက်သွယ်ယှက်နွယ်မှုလမ်းပြမြေပုံ (APEC Connectivity Blueprint for 2015-2025) စသည့် လမ်းပြမြေပုံနှင့် ကြေညာချက်များအား ထုတ်ပြန်ခဲ့ပါသည်။

**အာဆီယံထိပ်သီးအစည်းအဝေးနှင့် အရှေ့အာရှထိပ်သီး အစည်းအဝေး**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် (၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့အား နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ ၂၀၁၅ ခုနှစ်ကုန်တွင် အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် **အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်၊ အာဆီယံစီးပွားရေးမဏ္ဍိုင်၊အာဆီယံလူမှုရေးနှင့်ယဉ်ကျေးမှုမဏ္ဍိုင်ဟူသည့် အဓိကမဏ္ဍိုင်ကြီးသုံးရပ်မှ ဒေါက်တိုင်သဖွယ်** ပံ့ပိုးလျက်ရှိရာ အဆိုပါမဏ္ဍိုင်သုံးရပ်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း(ASEAN Political and Security Community-APSC)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community- AEC)၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Social and Cultural Community - ASCC) ထူထောင်ရေးဟူ၍ **ဟန်ချက်ညီညီ**နှင့် ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံဒေသ၏တိုးတက်မှုနှုန်းသည် နှစ်စဉ်ပျမ်းမျှ ငါးရာခိုင်နှုန်းထက်ကျော်လွန်ခဲ့ပြီး ယခုအချိန်တွင် အာဆီယံသည် လူဦးရေ ၆၀၉ သန်းရှိသည့် ဈေးကွက်ကြီးဖြစ်ပါသည်။ စုစုပေါင်းကုန်ထုတ်တန်ဖိုး GDP မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံမျှရှိလာခဲ့ပြီဖြစ်ပြီး လာမည့်နှစ်များတွင်လည်း ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်သည့်အတွက် ဆက်လက်တိုးတက်နိုင်စေရန် အလားအလာကောင်းမွန်လျက်ရှိသည်။

အာဆီယံအသိုက်အဝန်း တည်ထောင်ရေးသည် အာဆီယံ၏စည်းလုံးညီညွတ်မှုကိုအခြေခံထားပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်တွင် ဆောင်ပုဒ်အဖြစ် "ရှေ့သို့တူညီတက်လှမ်း၍၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"ဟူ၍ အနှစ်သာရပြည့်ဝသည့် ဦးတည်ချက်ကို ရွေးချယ်သတ်မှတ်ပြီး အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်ခြင်းဖြင့် ဒေသတွင်းမှာ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ငွေကြေးများလွတ်လပ်စွာ စီးဆင်းစေနိုင်မည်ဖြစ်ပြီး ကျွမ်းကျင်လုပ်သားများလည်း လွတ်လပ်စွာရွှေ့ပြောင်းလုပ်ကိုင်နိုင်မည်ဖြစ်သည်။ ယခုအခါ အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်မှုသည် ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ပြီး မြန်မာ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူသည့်ကာလအတွင်း အာဆီယံစီးပွားရေးမဏ္ဍိုင်အနေဖြင့် ဦးစားပေးကဏ္ဍ (၃)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ ပါဝင်ပါသည်။

နိုင်ငံများ ဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကကျသဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ရုပ်ပိုင်းဆိုင်ရာပေါင်းစည်းဆက်နွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် ပုဂ္ဂလိက၏ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို အလေးပေးဆောင်ရွက်နိုင်ရန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာအာဆီယံမူများကို မှတ်တမ်းတင်ခဲ့ပါသည်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာခြင်းဖြင့် အလုပ်အကိုင်များ ဖန်တီးဖြစ်ပေါ်ကာ ဝင်ငွေပိုမိုတိုးတက်လာခြင်းဖြင့် ဖွံ့ဖြိုးမှုကွာဟချက်များအား လျော့နည်းစေမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်များ၏အခန်းကဏ္ဍမှာ အလွန်အရေးပါသဖြင့် အရည်အသွေးပြည့်ဝသည့်အလုပ်အကိုင်ဖန်တီးပေးရေး၊ လူသားရင်းမြစ်နှင့် စွမ်းရည်မြှင့်တင်ပေးရေး၊ စွန့်ဦးတီထွင်သူများပေါ်ပေါက်လာရေးတို့ကိုလုပ်ဆောင်ပေးရမည်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ဥက္ကဋ္ဌရာထူးရယူစဉ်အချိန်အတွင်း အာဆီယံဒေသတွင်း လူငယ်စွန့်ဦးတီထွင်သူများ (Young Entrepreneurs) ပေါ်ပေါက်လာရေးအတွက် Initiative ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အလားတူပင် နဝမအကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင်လည်း အာဆီယံဥက္ကဋ္ဌနိုင်ငံမြန်မာအနေဖြင့် အာဆီယံနိုင်ငံများ၏ ရပ်တည်ချက်ဖြစ်သည့် အာဆီယံဗဟိုပြုမှု (ASEAN Centrality)၊ အာဆီယံ၏ခိုင်မာသည့် စည်းလုံးညီညွတ်မှု (ASEAN Solidarity)အပေါ်အခြေခံ၍ အရှေ့အာရှနိုင်ငံများနှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေး ပိုမိုတိုးတက်ခိုင်မာရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လူမှုရေးဆိုင်ရာတိုးတက်မှုများအတွက်ပါ ဦးဆောင်ဆွေးနွေးနိုင်ခဲ့ပါသည်။ ထို့ပြင် အာဆီယံအနေဖြင့် အေပက်၊ G-20 နိုင်ငံများနှင့်လည်း ဘက်စုံဆက်သွယ်ယှက်နွယ်မှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှု၊ စားနပ်ရိက္ခာဖူလုံမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ စွမ်းအင်ဆိုင်ရာ လုံခြုံမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်အပေါ် တုံ့ပြန်မှုနှင့် ပြင်ဆင်မှုများစသည့်နယ်ပယ်များတွင် ပူးပေါင်းမှုများမြှင့်တင်ရန် ကိစ္စရပ်များအားလည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ လာမည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌနိုင်ငံအဖြစ် မလေးရှားနိုင်ငံမှ ထမ်းဆောင်မည်ဖြစ်ပါသည်။

**G-20 ထိပ်သီးအစည်းအဝေး**

၂၀၁၄ ခုနှစ် G-20 ထိပ်သီးအစည်းအဝေးအား ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ Brisbane Convention and Exhibition Centre(BCEC) တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ရေရှည်တည်တံ့၍ ခိုင်မာပြီး ဘက်ညီမျှတသော ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရေး (Strong,Sustainable and Balanced Growth) ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

G-20 အုပ်စုသည် စုစုပေါင်း ကမ္ဘာ့ထုတ်လုပ်မှု၏ ၈၅ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၈၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံသော ဈေးကွက်ရှိခြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေးအရ အင်အားကြီးမားသောနိုင်ငံများဖြစ်ပါသည်။ G-20 သည် ၁၉၉၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၏ အဓိကကိစ္စရပ်များကို ဆွေးနွေးနိုင်ရန် ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံအချို့နှင့်အရေးပါသည့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တို့ စနစ်တကျပူးပေါင်းကာ ဘဏ္ဍာရေးဝန်ကြီးများနှင့်ဗဟိုဘဏ်ဥက္ကဋ္ဌများ (Finance Ministers and Central Bank Governors) တို့ ဖွဲ့စည်းထူထောင်ထားသည့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ G-20 သည် ၂၀၀၇-၂၀၀၉ ခုနှစ်များအတွင်းဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကို ကျော်လွှားရာတွင် အရေးပါသည့် ဦးဆောင်ဦးရွက်များပြုလုပ်နိုင်ခဲ့ပြီး ကမ္ဘာ့စီးပွားရေးအဆောက်အအုံနှင့်ဘဏ္ဍာရေးစနစ်ကို စီမံခန့်ခွဲရာတွင် လွှမ်းမိုးနိုင်မှု ဒီဂရီပိုမိုမြင့်မားစေသည့် အဖွဲ့ဖြစ်ပါသည်။

G-20 သည် ကမ္ဘာ့စီးပွားရေးအဆောက်အအုံအား တည်ငြိမ်မှု ရရှိစေရန် စက်မှုနိုင်ငံများနှင့် တိုးတက်နေသည့် နိုင်ငံများ (Emerging-market countries) တို့အကြားအဓိကကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းနှင့် အပေါင်းလက္ခဏာဆောင်သော (Open and Constructive Discussion) ပြုလုပ်သည့် Informal forum တစ်ခု ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဩစတြေးလျနိုင်ငံ G-20 ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် အချိန်အတွင်း G-20 ၏ အခန်းကဏ္ဍအားဖွံ့ဖြိုးစေရန်၊ ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှု (Global Governance) ဆက်လက်မြှင့်တင် ဆောင်ရွက်ရာတွင် အဖွဲ့ဝင်မဟုတ်သော နိုင်ငံများ၊ အဖွဲ့အစည်းများ၏ပါဝင်မှု တိုးမြှင့်စေရေး ဆောင်ရွက်ရာတွင် အာဆီယံ ဥက္ကဋ္ဌရာထူးထမ်းဆောင်နေစဉ်အချိန်အတွင်း မြန်မာနိုင်ငံအား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းဖြစ်ပါသည်။

G-20 ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေးပြန်လည်ဦးမော့လာစေရေး၊ ပိုမိုခိုင်မာသော၊ စဉ်ဆက်မပြတ်ဖြစ်၍ ဘက်ညီသည့် စီးပွားရေးတိုးတက်မှုများဖြစ်ပေါ်စေရေး၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပုံသဏ္ဍာန်နှင့်လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲမှု၊ ကမ္ဘာ့စီးပွားရေးနှင့်ဘဏ္ဍာရေးအကျပ်အတည်းများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ပါသည်။ G-20 အဖွဲ့အစည်း၏ လက်တွေ့ဆောင်ရွက်မှု(Legitimacy) နှင့်အဖွဲ့ အစည်းဆိုင်ရာ ထိရောက်မှု (Institutional Effectiveness) ဖြစ်ပေါ်စေရေးအတွက် ဖွံ့ဖြိုးမှုအတွက်သက်ဆိုင်သည့် ပါဝင်သူများ (Stakeholder) များအပြည့်အဝပါဝင်စေရေး၊ ကျယ်ပြန့်သည့်အမြင်နှင့်ထင်မြင်ယူဆချက်များ ဖြစ်ပေါ်စေရန် G-20 အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အလုပ်သမားသမဂ္ဂများ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်များ၊ ပညာရှင်နှင့် Think Tank များတို့ လုပ်ငန်းအဖွဲ့များဖြင့် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

G-20 ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များအပြင် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအနေဖြင့် စင်ကာပူ၊ နယူးဇီလန်၊ စပိန်၊ အာဖရိကသမဂ္ဂမှ ဥက္ကဋ္ဌ နိုင်ငံဖြစ်ကြသည့် မာရီတာနီးယား၊ အာဆီယံဥက္ကဋ္ဌနိုင်ငံဖြစ်သည့် မြန်မာ၊ အာဖရိကဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (NEPAD) ဥက္ကဋ္ဌနိုင်ငံဖြစ်သည့်ဆီနီဂေါနိုင်ငံတို့မှ ခေါင်းဆောင်များ၊ **အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ်(WB)၊ ကမ္ဘာ့ဘဏ္ဍာရေးတည်ငြိမ်မှု ဘုတ်အဖွဲ့(FSB)၊ အိုအီးစီဒီ၊ ကမ္ဘာ့ကုလသမဂ္ဂ(UN)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၊ ကမ္ဘာ့အလုပ်သမားအဖွဲ့(ILO)စသည်ဖြင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ အကြီးအကဲများ စုစုပေါင်း ၃၄ ဦးတို့ တစ်ပြိုင်တည်းတွေ့ဆုံဆွေးနွေးခဲ့ကြသည့် အစည်းအဝေး**ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှ စတင်၍ ထိပ်သီးအစည်းအဝေးကို နှစ်စဉ်ကျင်းပခဲ့ကြရာ ၂၀၁၅ ခုနှစ်တွင် တူရကီနိုင်ငံတို့မှ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။

ကမ္ဘာ့စီးပွားရေးမူဝါဒများ၊ ပိုမိုခိုင်မာသော၊ စဉ်ဆက်မပြတ်ဖြစ်၍ ဘက်ညီသည့် စီးပွားရေးတိုးတက်မှုများဖြစ်ပေါ်စေရေးအတွက် G-20 နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် G-20 အဖွဲ့ဝင်နိုင်ငံ မဟုတ်သည့် နိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အလှည့်ကျဥက္ကဋ္ဌများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ထိပ်တန်းခေါင်းဆောင်များ စုစုပေါင်း ၃၄ ဦးအားဖိတ်ကြားတက်ရောက်စေခြင်းဖြစ်ပါသည်။

ကမ္ဘာ့စီးပွားရေးတွင် ဝယ်လိုအားအရ ပြည့်ပြည့်ဝဝမရှိသကဲ့သို့ ရောင်းလိုအားဘက်တွင်လည်း တိုးတက်ရန် အတားအဆီးများရှိနေသဖြင့် ရေရှည်အားနည်းမှုများ ရင်ဆိုင်နေရပါသည်။ ဘဏ္ဍာရေး (financial markets)၊ ပထဝီဒေသအရ စိုးရိမ်ရမှု(geopolitical tensions) အပါအဝင် စွန့်စားရမှုများလည်းရှိနေပါသည်။

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

## လွှတ်တော်ရေးရာကဏ္ဍ

✳ ပြည်ထောင်စုလွှတ်တော်မှ

ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးတွင် နိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဦးတည်ရှေ့ရှုလျက် အထူးဂရုပြုဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှဝင်းအောင်**က ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် မည်မျှပင်ပြည့်စုံကောင်းမွန်အောင် ရေးဆွဲစေကာမူ ပြီးပြည့်စုံသည်၊ ပြင်ဆင်ရန်မလိုအပ်ဟုမရှိပါကြောင်း၊ ခေတ်ကာလပြောင်းလဲလာသည်နှင့်အမျှ လူတို့၏ လိုအပ်ချက်များသည်လည်း ပြောင်းလဲလာနိုင်သကဲ့သို့ ကြောင်းကျိုးဆက်စပ်မှု အားနည်းချက်များပေါ်ပေါက်လာပါက အများပြည်သူ အကျိုးစီးပွားအလို့ငှာ ပြင်ဆင်ထိုက်သည်ဟု ယူဆပါကြောင်း၊ ထိုသို့ ပြင်ဆင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အားကောင်းလာစေရန် ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် စွမ်းဆောင်ရည်မြင့်မားစေရန်အတွက်ဖြစ်ပါကြောင်း၊ အခြေခံဥပဒေတွင် ပါရှိသောလုပ်ထုံးလုပ်နည်းဆိုင်ရာပုဒ်မတစ်ခုခုက အုပ်ချုပ်သောအစိုးရ၊ ဥပဒေပြုလွှတ်တော်များ၊ တရားစီရင်သော တရားရုံးများတွင် အလုပ်လုပ်၍မရအောင် အခက်အခဲဖြစ်နေပါက အများပြည်သူနှင့် နိုင်ငံ့အကျိုးအတွက် ထိပါးငြိစွန်းနေလျှင် ထိုလုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း နည်းလမ်းတကျ ပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း** က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးသည် ဒီမိုကရေစီစနစ်ကို ပိုမိုပီပြင်လာနိုင်သည့်အပြင် ဖက်ဒရယ် ပြည်ထောင်စုဖော်ဆောင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တစ်ဖက်နှင့်တစ်ဖက် လျှော့သင့်သည်များကို လျှော့ချပြီး လိုက်လျောကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများရရှိလာမည်ဖြစ်ပါကြောင်းဖြင့်ဆွေးနွေးသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**မှ ဦးမြင့်ထွန်းက နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ဦးတည်ဆောင်ရွက်သည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်ပတ်သက်၍ ပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များ၏ အရေးပါမှုအခန်းကဏ္ဍကို အခြေအနေ အချိန်အခါနှင့်အညီ တိုးမြှင့်ပေးသင့်သည့်ဟု အကြံပြုလိုပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

---

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# ပုဂ္ဂလိကနှင့် ကုမ္ပဏီအဖွဲ့အစည်းများအား မြေလွတ် မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးနိုင်ရန် ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင်ကျင်းပသည်။



ဟသ္သာတ မဲဆန္ဒနယ်မှ ဦးဌေးဦး



ဒုတိယဝန်ကြီး ဦးအုန်းသန်း

အစည်းအဝေးတွင် ဟသ္သာတ မဲဆန္ဒနယ်မှ ဦးဌေးဦး၏ **“အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းဆုံးရှုံးသွားသော ဆန်စပါးစိုက်ပျိုးမြေများအတွက် အစားထိုးဖော်ထုတ်ရေးနှင့် ဆန်စပါးဖူလုံပိုလျှံရေးအတွက် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဆုံးရှုံးလျော့နည်းသွားသည့် လယ်မြေအတွက် စိုက်ဧကမလျော့စေရန် ရေသေချာသည့် ဆည်ရေသောက်ဒေသများ၌ စပါးတစ်သီးမှ စပါးနှစ်သီးကို သီးထပ်အဖြစ်ဧကတိုးအောင်စိုက်ပျိုးခြင်း၊ ဒေသအလိုက် စိုက်ဧကများတိုးချဲ့ ဖော်ထုတ်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေရိုင်းဧရိယာ၊ စားကျက်မြေဧရိယာများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပုဂ္ဂလိကနှင့် ကုမ္ပဏီအဖွဲ့အစည်းများအား မြေလွတ်မြေရိုင်းများကို တိုးချဲ့ဖော်ထုတ်စိုက်ပျိုးနိုင်ရန် ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ စိစစ်ခွင့်ပြုမှုဖြင့် ဆောင်ရွက်နိုင်ပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေဥပဒေပြဋ္ဌာန်းချက်ပါ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်း လက်ရှိစပါးစိုက်ပျိုးထုတ်လုပ်မှုအရ လူဦးရေ ၅၁ ဒသမ ၄၂ သန်းအတွက် ဆန်ဖူလုံမှုအခြေအနေသည် ၁၆၈ ရာခိုင်နှုန်းရှိပြီး နောင်တိုးတက်လာမည့် လူဦးရေသန်း ၁၀၀ အတွက် ရည်မှန်းကာ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ နှစ် ၃၀ စီမံကိန်းကို မဟာဗျူဟာချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် စိုက်ပျိုးမြေဧရိယာ တိုးချဲ့စိုက်ပျိုးခြင်းနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး နည်းလမ်းတို့ဖြင့် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ပြောင်းလဲစိုက်ပျိုးခြင်း၊ ရေစနစ်တကျ သုံးစွဲမှုဆောင်ရွက်ခြင်း၊ စက်မှုလယ်ယာစနစ် ကူးပြောင်းဆောင်ရွက်ခြင်း၊ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲအသုံးပြုခြင်း၊ သွင်းအားစုမြေဆီဩဇာများကို အချိုးကျအချိန်ကိုက် ထိထိရောက်ရောက် ထည့်သွင်းအသုံးပြုခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **“စည်းကမ်းမဲ့ ငါးဖမ်းဆီးမှုကြောင့် မြန်မာ့ပင်လယ်ပြင်တွင် ရေသယံဇာတ ကုန်ခန်းလာသဖြင့် အချိန်မီ တားဆီးကာကွယ်နိုင်ရန်အတွက် ပင်လယ်ပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ငါးလုပ်ငန်းဦးစီးဌာနမှ သယံဇာတထိန်းသိမ်းရေးအတွက် နိုင်ငံခြားကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပေးထားသည့် Fishing Right အား ရပ်ဆိုင်းခြင်း၊ ငါးဖမ်းရေယာဉ်စီးရေထိန်းချုပ်ခြင်း၊ ငါးဖမ်းဆီးရက်သတ်မှတ်ခြင်း၊ ငါးမဖမ်းရဧရိယာသတ်မှတ်ခြင်း၊ ငါးမဖမ်းရရာသီ၊ ပိုက်ကွက်၊ ငါးအမျိုးအစားနှင့် လိုင်စင်ကန့်သတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းကွက်များသတ်မှတ်ခြင်း၊ တရားမဝင်

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

---

**အမျိုးသားလွှတ်တော်အစည်းအဝေး**

# လုပ်ငန်းအမျိုးအစား အရေအတွက်ပေါ်မူတည်ပြီး လုပ်ငန်းရှင်များမှ တင်ပြလာပါက စက်မှုဇုန်အဖြစ် တိုးချဲ့ဆောင်ရွက်သွားရန် လျာထားမှုရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နော်မေးရီယန်၏ **“လွိုင်ကော်မြို့ စက်မှုရပ်ကွက်အား စက်မှုဇုန်တစ်ခုအဖြစ် အဆင့်တိုးမြှင့် ထူထောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက စက်မှုရပ်ကွက် အပိုင်း(၁) သည် လွိုင်ကော်မြို့၏ မြောက်ဘက် ၃ မိုင်ခန့်အကွာ နွားလပိုးကျေးရွာအနီးတွင်တည်ရှိပြီး မြေကွက်ပေါင်း ၅၇၉ ကွက်ရှိ၍ မြေအကျယ်အဝန်း ၂၆၉ ဒသမ ၄၆ ဧကရှိပါကြောင်း၊ အဆိုပါစက်မှုရပ်ကွက်တွင် စုစုပေါင်း လုပ်ငန်းအရေအတွက် ၇၅ ခုအား မြေလွတ်ပေါင်း ၄၉၈ ကွက်၊ မြေအကျယ်အဝန်း ၁၁၄ ဒသမ ၅၄ ဧကတွင် နေရာချထားပေးပြီးဖြစ်ပါကြောင်း၊ မြေကွက်ပေါင်း ၂၉ ကွက်၊ မြေအကျယ်အဝန်း ၆ ဒသမ ၆၇ ဧကတွင် နေရာချထားပေးရန် မြေကွက်လွတ်များ ကျန်ရှိပါကြောင်း။

စက်မှုရပ်ကွက် အပိုင်း(၂)တွင် ဖော်ထုတ်ပြီး ဧက ၃၄ ဧကရှိပြီးစက်မှုရပ်ကွက်အပိုင်း(၁)နှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ လုပ်ငန်းအမျိုးအစား အရေအတွက်ပေါ်မူတည်ပြီး လုပ်ငန်းရှင်များမှ တင်ပြလာပါက စက်မှုဇုန်အဖြစ် တိုးချဲ့ဆောင်ရွက်သွားရန် လျာထားမှုရှိပါကြောင်း။

ချေးငွေကိစ္စနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် တစ်ခုလျှင် ငွေကျပ်တစ်ဘီလီယံစီကို ထုတ်ချေးရန် ညွှန်ကြားမှုအရ ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ထားသော လုပ်ငန်းရှင်များသို့ ချေးငွေများ လျှောက်ထားနိုင်ကြောင်း၊ ချေးငွေလျှောက်ထားရာတွင် တင်ပြရမည့် အထောက်အထားများ ပြည့်စုံမှန်ကန်စေရေးအတွက် အသိပေးအကြောင်းကြား ဆောင်ရွက်ခဲ့ပါကြောင်း၊ မြို့နယ်အလိုက် ချေးငွေလျှောက်ထားသူ ၃၈ ဦးရှိပြီး ပြည်နယ်အစိုးရ၏ လမ်းညွှန်ကြီးကြပ်စိစစ်မှုဖြင့် အချက်အလက်ပြည့်စုံသူ ၁၈ ဦးကို အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နည်းပညာနှင့် ပတ်သက်၍ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအောက်ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းရှင်များကို နည်းပညာရရှိနိုင်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိပါကြောင်း၊ ပဲ၊ ပြောင်း၊ ဆန်စပါး၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများကို ဂျာမနီနိုင်ငံ FRITZ နှင့်လည်းကောင်း၊ Forging and Foundry Technology Transfer Training ကို PUM Netherland Expert Group နှင့်လည်းကောင်း စက်မှုဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပြီး ကိုရီးယား၊ ဂျပန်နိုင်ငံရှိ SME လုပ်ငန်းရှင်များနှင့် မိမိတို့နိုင်ငံရှိ SME လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြင့် Technology Transfer ပြုလုပ်ပေးလျက်ရှိပါကြောင်းနှင့် ဌာနသို့ လာရောက်စုံစမ်းသော စီးပွားရေးလုပ်ငန်းရှင်များကို လိုအပ်သော သတင်းအချက်အလက်များ၊ အကြံဉာဏ်များ ပေးနိုင်ရန်အတွက် လက်ခံတွေ့ဆုံအကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇဝန၏ **“နေ့စဉ် မြန်မာတစ်ပြည်လုံးရှိ စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချနေသော စက်သုံး**

*စာမျက်နှာ ၈ ကော်လံ ၃ သို့*

---

*စာမျက်နှာ ၆ မှ*

G-20 နိုင်ငံများအနေဖြင့် တိုးတက်မှုမြင့်တင်ရန်၊ စီးပွားရေးအဆောက်အအုံအား ပိုမိုရေရှည်တည်တံ့စေရန်နှင့် ကမ္ဘာ့အဖွဲ့အစည်းများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

G-20 နိုင်ငံများ၏ ဖွံ့ဖြိုးမှုမဟာဗျူဟာဖြစ်သည့် နိုင်ငံစုံကုန်သွယ်မှု၊ အရည်အသွေးပြည့်ဝသည့်ရင်းနှီးမြှုပ်နှံမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းအင်ဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်မှုနှင့် စွမ်းအင်ဈေးကွက်အတွက် ပူးပေါင်းမှုများ၊ စားနပ်ရိက္ခာဖူလုံရေး၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အခွန်အကောက်နှင့်အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပုံသဏ္ဌာန်နှင့်လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲမှုကိစ္စရပ်များ၊ အရည်အသွေးရှိသည့် အလုပ်အကိုင်ဖန်တီးရေးနှင့် အမျိုးသမီးလုပ်သားအင်အားစုတိုးတက်စေရေးအားချဉ်းကပ်ဖြေရှင်းဆွေးနွေးခဲ့ကြပြီး အဆိုပါကိစ္စရပ်များ ဖွံ့ဖြိုးရေးအတွက် ချဉ်းကပ်မည့် ဘရစ္စဘိန်းလုပ်ငန်းစဉ်ကို ကြေညာခဲ့ပါသည်။

G-20 နိုင်ငံများ၏ စုပေါင်း GDP အားလာမည့် ငါးနှစ်တွင် နှစ်ရာခိုင်နှုန်း တိုးတက်လာစေရန်အတွက် ရည်မှန်းချက်တစ်ခုအနေဖြင့် ချမှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးအား အမေရိကန်ဒေါ်လာ ၂ ထရီလီယံတိုးတက်လာမည်ဖြစ်ပြီး အလုပ်အကိုင်သစ်သန်းပေါင်းများစွာအား ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရန်၊ ကုန်သွယ်မှုနှင့်ယှဉ်ပြိုင်နိုင်မှု တိုးတက်စေရန်နှင့် အလုပ်အကိုင်တိုးတက်စေသည့်ကျွန်ုပ်တို့၏ပြုပြင်ပြောင်းလဲမှုများသည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုံးစုံတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေမည်ဖြစ်ပြီး မညီမျှမှုများကို ဖြေရှင်းရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့အားကူညီနိုင်မည်ဖြစ်ပါသည်။

G-20 ၏အောင်မြင်မှုများအနေဖြင့် ကမ္ဘာ့ဖွံ့ဖြိုးမှုမူဝါဒများ တိုးတက်ကောင်းမွန်လာစေခြင်း၊ အဂတိလိုက်စားမှုများ လျော့ပါးစေခြင်း၊ ဘဏ္ဍာရေးအကျပ်အတည်းများကို ဖြေရှင်းနိုင်ခြင်း၊ ဘဏ္ဍာရေးနှင့်ပတ်သက်သော အကြမ်းဖက်မှုများကို တိုက်ဖျက်နိုင်ခြင်း၊ ဖွံ့ဖြိုးမှုတို့ အပါအဝင် ကိစ္စရပ်များကို ပါဝင်ဖြေရှင်းနိုင်ခဲ့သည်။ G-20 သည် အဖွဲ့ဝင်နိုင်ငံများအား ဘဏ္ဍာရေးမူဝါဒ ပွင့်လင်းစေခြင်း၊ အကောက်အခွန်နှင့်စပ်လျဉ်း၍ ပွင့်လင်းထင်သာမြင်သာ ရှိစေသည့် စံချိန်မြင့်မားလာခြင်း၊ သတင်းအချက်အလက်ဖလှယ်မှုတိုးတက်လာမှု၊ အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်း၊ ကုမ္ပဏီများ၏ အခွန်ရှောင်ခြင်း (Tax Evasion) တို့ကို တိုက်ဖျက်ရန် တိုက်တွန်းဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဆောက်အအုံ တည်ငြိမ်စေရန်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့သည်။ အထူးသဖြင့် ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်တည်ငြိမ်စေရန်အတွက် စည်းမျဉ်း၊ စည်းကမ်းများ၊ ကြီးကြပ်မှုများပြုလုပ်ရာတွင် နက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ **G-20 သည် ကမ္ဘာ့စီးပွားရေးနှင့်ဘဏ္ဍာရေးစနစ်အား ပိုမိုဖွံ့ဖြိုးစေရန် ဘုံအမြင် (Common view)ကို ဖွံ့ဖြိုးစေခဲ့သည်။**

G-20 တွင်အရေးပါသော အဖွဲ့ဝင် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ထွန်းသစ်စပြုနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအပြင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ အကြီးအကဲများလည်း တက်ရောက်ခြင်းကြောင့် စီးပွားရေးအရ အရေးပါမှု (Economic weight)နှင့် ကျယ်ပြန့်သည့် အဖွဲ့ဝင်နိုင်ငံများ (Broad membership)ပါဝင်နေမှုသည် **ကမ္ဘာ့စီးပွားရေးအဆောက်အအုံနှင့် ဘဏ္ဍာရေးစနစ်ကို စီမံခန့်ခွဲရာတွင် လွှမ်းမိုးနိုင်မှု ဒီဂရီပိုမိုမြင့်မားစေသည့်အဖွဲ့**ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ဘဏ္ဍာရေးအကျပ်အတည်းများ ပေါ်ပေါက်ပါက တုံ့ပြန်ရန်၊ ထပ်မံဖြစ်ပွားမှုမရှိစေရန်၊ ကမ္ဘာ့စီးပွားရေးအခြေအနေပိုမိုကောင်းမွန်စေရန်၊ **နိုင်ငံများအကြား မျှတသောဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် အဖွဲ့အစည်းတစ်ရပ်အဖြစ်** ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးအခြေအနေများအား ဆွေးနွေးရန် **အဓိကကျသည့် ဈေးကွက်စီးပွားရေးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အပြည့်အဝပါဝင်နိုင်မှုမရှိခဲ့သည့် အားနည်းချက်အား ဖြည့်ဆည်းသည့်အနေဖြင့်** ဖွဲ့စည်းခြင်းဖြစ်သည်။

နိုင်ငံတစ်ခု၏စီးပွားရေးသည် ဒေသဆိုင်ရာစီးပွားရေး၊ ကမ္ဘာ့စီးပွားရေးအဆောက်အအုံများနှင့် ချိတ်ဆက်နေရာ ဈေးကွက်တိုးတက်မှုနှင့် ယှဉ်ပြိုင်မှုများတိုးမြှင့်ရန်၊ နည်းပညာပူးပေါင်းမှုများ ဆောင်ရွက်ရန် ပူးပေါင်းမှုများ လိုအပ်ပါသည်။ အေပက်အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံနှင့် အရှေ့အာရှအဖွဲ့ဝင်နိုင်ငံများ၊ G-20 နိုင်ငံများအနေဖြင့် နိုဝင်ဘာလအတွင်း ဆက်တိုက်ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးများတွင် ဆွေးနွေးချက်များအရ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများအကြား ဦးတည်ဆွေးနွေးခဲ့သည့်ကိစ္စရပ်များနှင့် ဆောင်ပုဒ်များသည် မည်သို့ဆက်စပ်နေသည်၊ ကမ္ဘာ့စီးပွားရေးမူဝါဒများသည် မည်သည့်လားရာသို့ ဦးတည်နေသည်ကို စုစည်းရေးသားတင်ပြအပ်ပါသည်။

## ပြည်တွင်းသတင်း

*ပြည်သူ့လွှတ်တော်မှ*

ငါးဖမ်းဆီးခြင်းများကို တားမြစ်နိုင်ရန် ငါးဖမ်းရေယာဉ်များအား စောင့်ကြည့် ကြီးကြပ်ထောက်လှမ်းခြင်း၊ ဂြိုဟ်တုစနစ်သုံးငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးကိရိယာများကို နိုင်ငံခြားငါးဖမ်းရေယာဉ်များနှင့် စည်းကမ်းဖောက်ဖျက်သည့် ပြည်တွင်းကမ်းဝေးရေယာဉ်များတွင် တပ်ဆင်စေခြင်း၊ ပြည်တွင်းကမ်းဝေးရေယာဉ်အားလုံးတွင် တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ငါးသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ရှာဖွေတိုင်းတာမှုလုပ်ငန်းများ၊ ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ဖမ်းဆီးမွေးမြူမှုနှင့် ပြုပြင်ထုတ်လုပ်မှု သုတေသနလုပ်ငန်းများ၊ ငါးလုပ်ငန်းစစ်ဆေးကြီးကြပ်သည့် ဝန်ထမ်းအင်အားများ၊ သုတေသနငါးဖမ်းရေယာဉ်နှင့် ကင်းလှည့်စစ်ဆေးသည့်ယာဉ်များ၊ ငါးလုပ်ငန်းဆိုင်ရာပညာရှင်များ၊ လုံခြုံရေးဝန်ထမ်းနှင့် ဆက်သွယ်ရေးကိရိယာများကိုတိုးချဲ့ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးသယံဇာတ ပြန်းတီးမှုနှင့် တရားမဝင်ငါးဖမ်းဆီးမှုကာကွယ်တားဆီးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ ခွင့်ပြုဘဏ္ဍာငွေနှင့် အခြားလုပ်ငန်း အထောက်အကူပြုပစ္စည်းများ၊ နည်းပညာပံ့ပိုးမှုများရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာ မေးခွန်း(၂)ခု မေးမြန်းဖြေကြားပြီး ဥပဒေကြမ်း(၅)ခုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

**ဆီအမျိုးမျိုး၏ အရည်အသွေး အချိန်အတွယ်များ ပြည့်မပြည့်နှင့် စစ်ဆေးသတ်မှတ်ချက်နှင့် မပြည့်စုံသောဆိုင်များအား မည်ကဲ့သို့ အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့တွင် ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များတွင် ဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီ



**ဒုတိယဝန်ကြီး ဦးအောင်သိမ်း**

အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီ မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခြင်းများကို လိုအပ်သည့်အချိန်၌ လိုအပ်သလို သွားရောက်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း။

ထိုကဲ့သို့ စစ်ဆေးရာတွင် စက်သုံးဆီများ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှု မရှိကြောင်း၊ စစ်ဆေးတွေ့ရှိရပါက စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ယာယီပိတ်သိမ်းခြင်းမှ လုံးဝပိတ်သိမ်းခြင်းအထိ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူလူထုအနေဖြင့် မိမိတို့ဝယ်ယူသုံးစွဲခဲ့သည့် စက်သုံးဆီအရောင်းဆိုင်များ၏ အရည်အသွေး၊ အခြင်အတွယ်နှင့်ပတ်သက်၍ သံသယရှိပါက သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဖွဲ့စည်းပေးထားသော ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီများသို့ ဆက်သွယ်သတင်းပို့နိုင်ပြီး လိုအပ်သလို စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင်တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် စက်သုံးဆီအရည်အသွေးကို စစ်ဆေးနိုင်ရန်အတွက် Mobile Fuel Lab



**ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နော်မေးရီယန်**

ယာဉ်ခြောက်စီးကို ပြည်ပမှ မှာယူတင်သွင်းခဲ့ပြီး လိုအပ်သည့်ဓာတ်ခွဲစမ်းသပ်ပစ္စည်းများ တပ်ဆင်လျက်ရှိပါကြောင်း၊ တပ်ဆင်ပြီးစီးပါက အဆိုပါယာဉ်များဖြင့် စက်သုံးဆီအရောင်းဆိုင်များကို ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးသွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**


# ပညာရေးအတွက် ဆွေးနွေးမှုများဖြင့်သာ အဖြေရှာသင့်

**အမျိုးသားပညာရေးဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ နိုဝင်ဘာ ၁၄ ရက် ပထမနေ့တွင် ရန်ကုန်ဘူတာကြီးရှေ့မှ ဆူးလေဘုရားလမ်းတစ်လျှောက် မြို့တော်ခန်းမရှေ့အထိလည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက် ဒုတိယနေ့တွင် သမိုင်းလမ်းဆုံမှ အင်းစိန်လမ်းမတစ်လျှောက် ရန်ကုန်တက္ကသိုလ်အထိလည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက် တတိယမြောက်နေ့တွင် ရွှေတိဂုံစေတီအရှေ့ဘက်မုခ်ရှိ ကြေးသွန်းဘုရားကြီးမှ ရွှေတိဂုံစေတီနှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့အထိလည်းကောင်း ဆန္ဒပြခဲ့ကြသည်။ နိုဝင်ဘာ ၁၆ ရက်တွင် အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ကျောင်းသားအချို့က အချက်ခြောက်ချက်ကို ထုတ်ပြန်ခဲ့သည်။**

တွေ့ဆုံမေးမြန်း-မိုးသူဇာစိုး၊ ရီရီမြင့်
ဓာတ်ပုံ-ရဲထွဋ်



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ**



**ဆရာကြီး ဦးသန်းဦး**



**ပါမောက္ခချုပ် ဒေါက်တာအောင်မင်း**



**ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲ**



**ဥပဒေပညာပါမောက္ခ ဒေါက်တာ ဒေါ်ခင်ချစ်ချစ်**

အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ အစိုးရနှင့်လွှတ်တော်တာဝန်ရှိသူများအား ရက်ပေါင်း ၆၀ အတွင်း တွေ့ဆုံဆွေးနွေးရန် ဆန္ဒပြကျောင်းသားများက တောင်းဆိုလိုက်ပြီး ဆန္ဒပြမှုများကို ခေတ္တဆိုင်းငံ့ထားမည်ဟု နိုဝင်ဘာ ၁၇ ရက်က ကြေညာခဲ့သည်။

ယင်းကဲ့သို့ ထုတ်ပြန်တောင်းဆိုခဲ့ခြင်းနှင့်ပတ်သက်၍ ဆန္ဒပြကျောင်းသားကိုယ်စားလှယ်များ အနေဖြင့် ဥပဒေပြု လွှတ်တော်တာဝန်ရှိကော်မတီများနှင့် တွေ့ဆုံ၍ဆွေးနွေးညှိနှိုင်းတောင်းဆိုလိုပါက ကူညီဆောင်ရွက်ပေးနိုင်ကြောင်း ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီက ဖိတ်ခေါ်ထားသည်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်မှုကော်မတီက ညှိနှိုင်းဆောင်ရွက်မှုအနေဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သထုံလမ်းရှိအဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ပညာရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် သတင်းမီဒီယာများ ဆွေးနွေးခဲ့ရာ မြန်မာ့သတင်းစဉ် သတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဆရာကြီး ဦးသန်းဦး**
**ပညာရှင် အကြံပေးအဖွဲ့နာယက**

အမျိုးသားပညာရေး ဥပဒေက ပညာရပ်တွေအားလုံးကို လွှမ်းခြုံပြီး ပြုစုထားတဲ့ ဥပဒေဖြစ်ပြီး နောင်ထွက်လာမယ့် အခြေခံပညာဥပဒေ၊ အဆင့်မြင့်ပညာဥပဒေစတဲ့ ဥပဒေများအားလုံးရဲ့ မိခင်ဥပဒေ (Mother Law) ဖြစ်ပါတယ်။

ကျောင်းသားများ တောင်းဆိုနေမှုတွေနဲ့ပတ်သက်ပြီး နောင်ထွက်လာမယ့်ဥပဒေတွေမှာ ပါဝင်လာမယ့် အချက်တွေကို ဆွေးနွေးညှိနှိုင်းနိုင်ပါတယ်။ တက္ကသိုလ်အပါအဝင် စတဲ့ အသင်းအဖွဲ့များအားလုံး ပါဝင်ပါတယ်။ တောင်းဆိုချက်တွေကို ပိတ်ပင်ထားတဲ့ အချက်တွေ ဒီအမျိုးသားပညာရေးဥပဒေနဲ့ နောင်ထွက်လာမယ့်ဥပဒေတွေမှာလည်း ပါဝင်မှာမဟုတ်ပါဘူး။

ကျောင်းသားတွေ အနေနဲ့ ဒီဥပဒေကို လုံးစေ့ပတ်စေ့ သေချာစွာ လေ့လာဖတ်ရှုစေချင်ပါတယ်။ တစ်ဦးကောင်းတစ်ယောက်ကောင်း ရေးဆွဲထားတာမဟုတ်ပါဘူး။ အမျိုးသားပညာရေးဥပဒေမှာ ကျောင်းသားတွေ လိုလားချက်တွေကို ပိတ်ပင်ထားချက်တွေ လုံးဝမရှိပါဘူး။ ဆိုင်ရာတွေနဲ့ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ပါတယ်။ အမျိုးသားပညာရေးဥပဒေသည် နိုင်ငံတိုင်းအတွက် ရှိသင့်ရှိအပ်တဲ့ ပညာရေးဥပဒေဖြစ်ပါတယ်။

ဒီဥပဒေဟာ လက်ခံလို့ ရတဲ့ဥပဒေလို့ သတ်မှတ်ပါတယ်။ ၂၁ ရာစု လိုအပ်ချက်များအားလုံးပါဝင်တဲ့ အချက်တွေကို ဒီဥပဒေထဲမှာ ထည့်သွင်းထားတဲ့အတွက် ဒီဥပဒေဟာ သင့်လျော်မျှတတဲ့ ဥပဒေလို့ ရဲရဲကြီး အာမခံပါတယ်။

ဥပဒေရဲ့ အခန်း(၄)မှာ ပါဝင်တဲ့ အမျိုးသားပညာရေးကော်မရှင်ကို ဖွဲ့စည်းရမယ်ဆိုတာ နည်းဥပဒေမှာ ပါဝင်လာမှာဖြစ်တယ်။ ပညာရေးကဏ္ဍတစ်ခုလုံး ချောချောမွေ့မွေ့ ဆောင်ရွက်ပေးမယ့် အဖွဲ့က တက္ကသိုလ်တွေကို အုပ်ချုပ်မယ့် အဖွဲ့မဟုတ်ဘဲ ပေါင်းစပ်ညှိနှိုင်းမှု လုပ်ပေးမယ့်အဖွဲ့ ဖြစ်ပါတယ်။

ဒီလိုဖြစ်စေ၊ ဒီလိုမဖြစ်စေနဲ့ လို့လုပ်မယ့် ဗဟိုချုပ်ကိုင်မှု လုံးဝရှိမှာ မဟုတ်ဘူး၊ ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ ဆိုကတည်းက အခြားတက္ကသိုလ်တွေ အားလုံးနဲ့ ပေါင်းစပ်ညှိနှိုင်းဖို့ပဲဖြစ်ပါတယ်။

လွတ်လွတ်လပ်လပ်ဆန္ဒပြတာ တင်ပြရကောင်းလားဆိုပြီး ကျောင်းထုတ်တာတွေ အရေးယူတာတွေ ရှိမှာမဟုတ်ပါဘူး။ ဒါပေမယ့် ရိုင်းပျတာ၊ ဥပဒေကို ချိုးဖောက်တာတွေတော့ လုပ်လို့မရပါဘူး။ ဒီဥပဒေဟာ စမ်းသပ်တဲ့ ဥပဒေမဟုတ်ပါဘူး။ ပညာရေးကဏ္ဍခိုင်မာတောင့်တင်းအောင်လုပ်သွားဖို့ပဲ ရှိပါတယ်။

ဥပဒေကပြဋ္ဌာန်းထားတာပဲရှိသေးတယ်။ အကောင်အထည်ဖော်ဖို့က နည်းဥပဒေနဲ့လိုက်ရမှာ၊ ဌာနဆိုင်ရာကိုပစ်ပယ်ပြီး တို့ချည်းလုပ်မယ်လို့မရဘူး။ ပညာရေးနဲ့ပတ်သက်ဆက်နွှယ်တဲ့ ပါဝင်သင့်တဲ့အဖွဲ့အစည်းအားလုံးပါဝင်ပြီး တိုင်ပင်ညှိနှိုင်းပြီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**ဒေါက်တာ ဒေါ်ခင်ချစ်ချစ်**
**ဥပဒေပညာပါမောက္ခ**
**ဥပဒေပြုစုရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်**

နည်းဥပဒေနဲ့ပတ်သက်လို့ ကမ္ဘာ့နိုင်ငံများရဲ့ အမျိုးသားပညာရေးဥပဒေအပေါ် လေ့လာပြီး ဥပဒေဆိုင်ရာ အချက်အလက်များကို ရေးဆွဲရပါတယ်။ ဆွေးနွေးပွဲမှာ အားလုံးပါဝင်ဆွေးနွေးခဲ့ပေမယ့်လည်း ဥပဒေနဲ့ပတ်သက်ပြီး Authorized Person က လွှတ်တော်များပဲဖြစ်ပါတယ်။ အခုဥပဒေက Policy Law ပဲဖြစ်ပြီး တစ်လလောက်အတွင်း နည်းဥပဒေတွေကို ပြည်သူကို ချပြနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ အဓိကအတည်ပြုတာဟာ ပြည်ထောင်စုလွှတ်တော်ဖြစ်ပါတယ်။

**ဒေါက်တာခင်နိုင်ဦး**
**တာဝန်ခံပါမောက္ခချုပ်**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

ဘဏ္ဍာရေးတစ်ခုကို အာမခံပေးဖို့ အဖွဲ့အစည်းလိုပါတယ်။ ကိုယ့်ဟာကိုယ် မရပ်တည်နိုင်သေးတဲ့အတွက် ဖြစ်ပါတယ်။ ကျောင်းသူကျောင်းသားတွေ အားလုံးနားလည်လာရင် ဒါတွေက ပြေလည်သွားမယ့်ကိစ္စဖြစ်ပါတယ်။ ပဋိညာဉ်တွေ ကဏ္ဍအသီးသီးအတွက် ဥပဒေတွေဆက်လုပ်ပြီးရင် အားလုံးပါဝင်လာမှာဖြစ်ပါတယ်။

**ဒေါက်တာခိုင်မြဲ**
**ပါမောက္ခချုပ်**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

အားလုံးအတွက် ပညာရေးဆိုတာရယ်၊ ပညာရေးမှာ အားလုံးပါဝင်ရမယ်ဆိုတဲ့အချက်ရယ်ကို ဦးတည်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ပါဝင်ဆွေးနွေးခဲ့တဲ့သူတွေ ရှိပါတယ်။ ကန့်ကွက်သူတွေလည်း ရှိခဲ့ပါတယ်။ ဆန္ဒပြပြီး တောင်းဆိုနေသူတွေဟာ ယခင်ဆွေးနွေးပွဲမှာ ပါဝင်ခဲ့ပြီးသူများဖြစ်ပါတယ်။ အများသဘောတူတာ၊ နိုင်ငံတော်ရဲ့ ပကတိအခြေအနေစတဲ့ အချက်တွေနဲ့ တိုင်းတာပြီး ဥပဒေကို ရေးဆွဲရတာဖြစ်တဲ့အတွက် ကန့်ကွက်ထားတာတွေပါတာ မပါတာကို ပြောလို့မရပါဘူး။

ဒီမိုကရေစီစနစ်အရ ပညာရေးအရ ဆက်နွှယ်တဲ့သူတွေအားလုံး ကိုယ်စား ပကတိအခြေအနေကို တင်ပြဆွေးနွေးခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုလုပ်ခဲ့တယ်။ ဒီလိုအမျိုးသားပညာရေးဥပဒေ အကောင်းဆုံး ပြင်ဆင်ထားတယ်ဆိုတယ်လို့ ပြောလိုခြင်းဖြစ်ပါတယ်။ အကောင်းဆုံးလို့ ဆိုခြင်းမှာ ပြင်လို့မရခြင်းလို့ ပြောဆိုခြင်းမဟုတ်ပါဘူး၊ ရွှေတံခါးဖွင့်တဲ့ တာတစ်ခုမှမရှိပါဘူး။

ဘဏ္ဍာရေးခွဲဝေမှုမှာတိုင်းပြည်ရဲ့တိုးတက်လာတဲ့ စီးပွားရေးအခြေအနေအရပဲ ရာခိုင်နှုန်းအရ သုံးစွဲရမှာ ဖြစ်တယ်။ ဂဏန်းနဲ့အတိအကျ ပြောလို့မရဘူး။ နိုင်ငံ့အခြေအနေပေါ်မှာပဲ မူတည်တယ်။ နိုင်ငံတကာမှာ ပညာရေးကိုမြှင့်တင်ပြီဆိုရင် နိုင်ငံအစိုးရတင်မရဘူး၊ အားလုံးတက်ကြွစွာ ပါဝင်ဖို့ပဲလိုပါတယ်။

ပြင်ဆင်မယ်လို့လည်း ပြောလို့မရဘူး၊ မပြင်ဘူးလို့လည်း ပြောလို့မရဘူး။ ဒီဥပဒေက မကျင့်သုံးရသေးဘူး။ မပြင်မဆင်ရဘူးလို့ ထားရမှာမဟုတ်ပါဘူး။ ပုဒ်မတွေအပေါ်မှာ ဘယ်လိုလုပ်ရင် အဆင်ပြေမယ်၊ ပြင်ချင်ရင်လည်း ဘယ်လိုပြင်ချင်တယ်ဆိုပြီး ဆွေးနွေးလို့ရတဲ့အကြောင်း ဖြစ်ပါတယ်။

**ဒေါက်တာ အောင်မင်း**
**ပါမောက္ခချုပ်**
**ရန်ကုန် ပညာရေးတက္ကသိုလ်**

အမျိုးသားပညာရေး ဥပဒေက ကျွန်တော်တို့ပြင်ဆင်ခွင့်မရှိပါဘူး။ ပြင်ဆင်ဖြည့်စွက်၊ အစားထိုး၊ ပြဋ္ဌာန်းတာတွေဟာ လွှတ်တော်မှာ ဆွေးနွေးရမှာ ဖြစ်ပါတယ်။ လာရောက်ဆွေးနွေးဖို့ အားလုံးကို ဖိတ်ခေါ်ပါတယ်။ ဒီဖိတ်ခေါ်ချက်က ဆက်လုပ်ဖို့ ဖြစ်ပါတယ်။ လူတိုင်းပါဝင်ရမှာဖြစ်ပါတယ်။ ပညာနဲ့သာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ကို ဆောင်ရွက်ကြဖို့ရည်ရွယ်ရင်းကိုသာ ရှေးရှုကြဖို့ ဖြစ်ပါတယ်။ အတည်ပြုပြီးဖြစ်တဲ့ အမျိုးသားဥပဒေကို ကန့်ကွက်နေတာဟာ ရှေ့ဆက်လှမ်းဖို့ အဟန့်အတားဖြစ်စေတယ်လို့ သုံးသပ်မိပါတယ်။ အကုန်လုံးကို တံခါးဖွင့်ထားပါတယ်။ ကြိုက်တဲ့ ရှုထောင့်ကနေ ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

ဗဟိုချုပ်ကိုင်မှု မပါဝင်ဘူးလို့ သေသေချာချာ ပြောရပါတယ်။ တစ်ဆင့်ချင်း အဆင့်လိုက် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အချိန်လိုအပ်ပါတယ်၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းလုပ်ဖို့ဆိုတာ ချက်ချင်းမဖြစ်နိုင်သေးဘူး။ အချိန်လိုအပ်ပါတယ်။

ကျောင်းသားတွေနဲ့ နည်းဥပဒေရေးဆွဲသူတွေနဲ့ ညှိနှိုင်းဆွေးနွေးရမှာ ဖြစ်ပါတယ်။ ကျောင်းသားတွေလာဆွေးနွေးရမှာဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ အတူတွဲလုပ်ခဲ့ပါတယ်။ တူတာကို ပေါင်းလုပ်မယ်။ မတူတာကို ခွဲလုပ်မယ်ဆိုပြီး လုပ်ခဲ့တယ်။ ကျောင်းသားအဖွဲ့အစည်းဆိုတာ ရှိအပ်တယ်။ ကျောင်းသားကိုယ်စားလှယ်၊ ဆရာကိုယ်စားလှယ်ပါကိုပါရမယ်။ အဲ့ဒီလိုပါတဲ့အဖွဲ့ကို ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့လို့ ခေါ်ပါတယ်။ မလွတ်လပ်သေးခင်တုန်းက လွတ်လပ်အောင် ကြိုးပမ်းခဲ့ရတာတွေရှိတယ်။ ဘာသာရပ်ဆိုင်ရာ၊ တိုင်းရင်းသားဆိုင်ရာ၊ လူမှုရေးအဖွဲ့အစည်းတွေ အားလုံးရှိပါတယ်။ သူ့စည်းသူ့ကမ်းနဲ့ဆန္ဒတွေ သဘောထားတွေကို တင်ပြလို့ရပါတယ်။ ဒါတွေက နည်းဥပဒေတွေ ပညာရပ်ဆိုင်ရာ ဥပဒေတွေမှာ ပါလာမှာပါ။ ဒီအမျိုးသားပညာရေးဥပဒေမှာ သဘောလောက်ပဲပါသေးတယ်။ နောက်ထပ်ပေါ်လာမယ့်နည်းဥပဒေတွေမှာ ဆက်ပြီး အသေးစိတ်ပါလာမှာ ဖြစ်တယ်။ အားလုံးဖွင့်ထားပါတယ်။ ပိတ်ထား

ပြည်တွင်းသတင်း

# ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အမျိုးသားပညာရေးဥပဒေအား ကျေနပ်မှုမရှိ၍ ဆန္ဒဖော်ထုတ်နေကြသောကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံအမျိုးသားပညာရေးဥပဒေကိုကျောင်းသားအချို့မှ ဆန့်ကျင်ကန့်ကွက်လျက် ဆန္ဒဖော်ထုတ်နေမှုများနှင့်ပတ်သက်၍ သွားရောက်တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သောပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် သတင်းအဖွဲ့တို့ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ဆရာတို့အဖွဲ့အနေနဲ့ ဆန္ဒဖော်ထုတ်နေသော ကျောင်းသားများကို သွားရောက်တွေ့ဆုံခဲ့တဲ့ရည်ရွယ်ချက်ကို သိချင်ပါတယ်။**

ဖြေ ။ ။ကျွန်တော်တို့အနေနဲ့ ဆန္ဒဖော်ထုတ်နေတဲ့ကျောင်းသားများကို အချက်(၂)ချက်ကြောင့် သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ပထမအချက်ကတော့ ကျောင်းသားထု၏ လုပ်ဆောင်လိုတဲ့အချက်တွေကို ရှင်းလင်းစွာသိရှိဖို့နဲ့ ပညာရေးဌာနက လုပ်ဆောင်ထားတဲ့ အချက်တွေကို ရှင်းလင်းအသိပေးဖို့၊ ဒုတိယအချက်ကတော့ လက်တွေ့ကျကျ ဆောင်ရွက်နိုင်တဲ့ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတွေကို အမြန်စတင်လုပ်ဆောင်နိုင်ဖို့အတွက် ညှိနှိုင်းပွဲပိုး စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။

**မေး။ ။ ကျောင်းသားများသမဂ္ဂအဖွဲ့က ဘယ်နှဦး တက်ရောက်ခဲ့ပါသလဲ။**

ဖြေ ။ ။ နိုဝင်ဘာလ ၁၆ ရက် နံနက်ပိုင်းက အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် ရွှေတိဂုံဘုရား အရှေ့မုခ်ရှိ ကြေးသွန်းဘုရားကြီးမှာ ကျောင်းသားလူငယ်တွေ စုစည်းကြမှာဖြစ်တယ်၊ အဲဒီနေရာမှတစ်ဆင့် ရွှေတိဂုံဘုရားပေါ်သို့ တက်ရောက်ဖို့ အစီအစဉ်ရှိတယ်လို့ သိရှိခဲ့ရတဲ့အတွက် ကျောင်းသားသမဂ္ဂအဖွဲ့က ဦးဆောင်သူတွေကို ဆက်သွယ်ပြီး တွေ့ဆုံဖို့ စီစဉ်ခဲ့ပါတယ်။ တွေ့ဆုံပွဲသို့ ကျောင်းသား သမဂ္ဂအဖွဲ့က ၁၀ ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။

**မေး ။ ။ ဆရာတို့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ အခြေအနေများနဲ့ တွေ့ဆုံမှုရဲ့ ရလဒ်တွေကို ပြောပြပေးပါ။**

ဖြေ ။ ။ ကျွန်တော်တို့အနေနဲ့ ကျောင်းသားထုအရေးပေါ် အစည်းအဝေးရဲ့ ထုတ်ပြန်ချက်(၆)ချက်နဲ့ပတ်သက်ပြီး တစ်ချက်ချင်းအလိုက် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ထုတ်ပြန်ချက်(၁)သည် မှတ်ယူသုံးသပ်ချက်သာဖြစ်သဖြင့် မည်သည့်ပြဋ္ဌာန်းချက်အပေါ် အခြေခံပြီး မည်သို့မှတ်ယူသုံးသပ်သည်ကို မပေါ်လွင်တဲ့အတွက် ဆက်လက်ဆွေးနွေးရမှာဖြစ်တယ်။ ထုတ်ပြန်ချက်(၂)မှာ လွတ်လပ်စွာပညာသင်ကြားခွင့်ကို တောင်းဆိုထားခြင်းဖြစ်ရာ အဲဒီအချက်သည် ပညာရေးဌာနအနေနဲ့ အဓိကထားဖြည့်ဆည်းထားတဲ့ အချက်ဖြစ်သဖြင့် တူညီမှုရှိပါ၍ ဆက်လက်ပြဋ္ဌာန်းမည့်ဥပဒေမှာ ပါဝင်နိုင်ရေးဆောင်ရွက်ဖို့ ဖြစ်ပါတယ်၊ ထုတ်ပြန်ချက်(၃)မှာ မူဝါဒများဟာ ဒီမိုကရေစီမဆန်ဖြစ်ခြင်းနဲ့ စပ်လျဉ်းပြီး မည်သည့်ပြဋ္ဌာန်းချက်အပေါ်အခြေခံပြောသည် မပေါ်လွင်သဖြင့် ဆက်လက်ဆွေးနွေးရမှာဖြစ်တယ်၊ ငြိမ်းချမ်းစွာ ပညာသင်ကြားခွင့်ကို တောင်းဆိုထားခြင်းမှာ ပညာရေးဌာနအနေနဲ့ အဓိကထားဖြည့်ဆည်းထားတဲ့ အချက်ဖြစ်သဖြင့် တူညီမှုရှိပြီး ဆက်လက်ပြဋ္ဌာန်းမယ့် ဥပဒေမှာ ပါဝင်နိုင်ရေး ဆောင်ရွက်ဖို့ဖြစ်ပါတယ်၊ ထုတ်ပြန်ချက်(၄)မှာ-

(၁) အစိုးရထိန်းချုပ်ခွင့်ပါခြင်း၊
(၂) ပညာရှင်ပါဝင်နိုင်မှု အပြည့်အဝပေးမထားခြင်း၊
(၃) ကျောင်းတွင်းအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပေးမထားခြင်းဟု ဖော်ပြထားသဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်သော အမျိုးသားပညာရေးဥပဒေမှာ အမှတ်စဉ်(၁/၂)ကိစ္စရပ်တွေနဲ့ စပ်လျဉ်းပြီး မည်သည့်ကဏ္ဍမှာ မည်မျှပါဝင်ရမည်ကို သတ်မှတ်ပြဋ္ဌာန်းရေးဟာ နောင်ပြဋ္ဌာန်းမယ့် နည်းဥပဒေနဲ့ ကဏ္ဍအလိုက်ဥပဒေတွေမှာ ပြဋ္ဌာန်းရမှာဖြစ်တယ်၊ မိမိတို့အနေနဲ့ အားလုံးညှိနှိုင်းပြီး အဆိုပြုနိုင်ခွင့်ရှိပါတယ်၊ အမှတ်စဉ်(၃)နှင့်ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးပါတီတွေကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေနဲ့အညီ မှတ်ပုံတင်ပြီး လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိသလို တက္ကသိုလ်တွေရှိ ကျောင်းတွင်းအသင်းအဖွဲ့များအနေနဲ့လည်း သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်နဲ့အညီ မှတ်ပုံတင်ပြီး လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိမှာဖြစ်တယ်၊ ပြဋ္ဌာန်းမည့်ဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းဖို့ ဆောင်ရွက်လျက်ရှိခြင်းကြောင့် တူညီသောအချက်သာဖြစ်ပါတယ်၊ ထုတ်ပြန်ချက်(၅)ဟာ ထုတ်ပြန်ချက်(၄)မှာ ရှင်းပြခဲ့တဲ့ ကျောင်းတွင်းအဖွဲ့အစည်းတွေ လွတ်လပ်စွာဖွဲ့စည်းခွင့်နဲ့ သက်ဆိုင်သဖြင့် ပြဋ္ဌာန်းမယ့်ဥပဒေနဲ့အညီဆောင်ရွက်နိုင်တဲ့ အချက်ပင်ဖြစ်တယ်၊ ထုတ်ပြန်ချက်(၆)နဲ့စပ်လျဉ်းပြီး အထက်ဖော်ပြပါတောင်းဆိုချက်တွေဟာ တူညီသောဆန္ဒဖြစ်ပြီး ပြဋ္ဌာန်းမယ့်ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်သောကိစ္စရပ်များသာဖြစ်တာကြောင့် အထူးရှင်းဖို့မလိုကြောင်း စသဖြင့် အချက်တစ်ခုချင်းအလိုက် အသေးစိတ်ဆွေးနွေးခဲ့ပါတယ်။

**မေး ။ ။ဆရာ့ဆွေးနွေးချက်နှင့်ပတ်သက်၍ ကျောင်းသားသမဂ္ဂအဖွဲ့မှ သဘောထားအမြင်ကို သိလိုပါတယ်။**

ဖြေ ။ ။ကျောင်းသားတွေဘက်မှပြန်လည်ဆွေးနွေးရာမှာ-

(၁) ပြဋ္ဌာန်းပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေသည် NNER ၏ အဆိုပြုချက်များမပါသဖြင့် သဘောမတူကြောင်း။
(၂) ပြဋ္ဌာန်းပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေကို ဖျက်သိမ်းရန်(သို့မဟုတ်) ပြင်ဆင်ရန် ရှိ/မရှိနှင့် ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ။
(၃) ကျောင်းသားသမဂ္ဂများဖွဲ့စည်းခွင့်ရရေး အာမခံနိုင်ခြင်းရှိ/မရှိ။
(၄) တက္ကသိုလ်တိုင်းတွင် ကျောင်းသားသမဂ္ဂကို နှုတ်သဘောအရဖွဲ့ခွင့်ပေးရန်။

**မေး ။ ။ကျောင်းသားသမဂ္ဂရဲ့ သဘောဆန္ဒအချက်(၄)ချက်နှင့်ပတ်သက်၍ ဆရာတို့အနေနဲ့ မည်သို့စီစဉ်ပေးနိုင်မှုရှိပါသလဲ။**

ဖြေ ။ ။ ဆွေးနွေးချက်တွေနဲ့ ပတ်သက်ပြီး မိမိတို့ဆောင်ရွက်နိုင်တဲ့ ကိစ္စရပ်တွေကို ဥပဒေနဲ့အညီ စီစဉ်ဆောင်ရွက်နိုင်ဖို့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်-

(၁) ဆောင်ရွက်လိုတဲ့အချက်များအနက် လက်တွေ့ကျကျဆောင်ရွက်သင့်သော၊ ဆောင်ရွက်နိုင်သောအချက်များစာရင်းကိုရေးချရန်ဖြစ်ပါတယ်၊
(၂) ထိုစာရင်းပါ အချက်များကို မည်သို့ဆောင်ရွက်မည်ကို ညှိနှိုင်းရန်ဖြစ်ပါတယ်၊
(၃) ကျောင်းသားသမဂ္ဂများဖွဲ့စည်းခွင့်ရရှိရေး အာမခံနိုင်ခြင်းရှိ/မရှိနဲ့ စပ်လျဉ်းပြီး တက္ကသိုလ်အသီးသီးတွင်ရေးဆွဲမယ့် တက္ကသိုလ်ပဋိညာဉ် စာတမ်းများမှာ ပြဋ္ဌာန်းမယ့်အချက်အတိုင်း ဆောင်ရွက်ဖို့ဖြစ်တယ်၊
(၄) ဆောင်ရွက်မယ့် လုပ်ငန်းတွေကိုဥပဒေနဲ့အညီ ဆောင်ရွက်ခွင့်ရရေးအတွက် နောင်ပြဋ္ဌာန်းမယ့် နည်းဥပဒေ၊ ကဏ္ဍအလိုက်ဥပဒေနဲ့ တက္ကသိုလ်ပဋိညာဉ်တို့တွင် ထည့်သွင်းပြဋ္ဌာန်းဆောင်ရွက်ဖို့ အဓိကဖြစ်တယ်၊

**မေး။ ။ ဆရာတို့ နှစ်ဦးနှစ်ဖက် အကျေအလည်ဆွေးနွေးပြီးနောက် နှစ်ဖက်ညှိနှိုင်းရရှိချက်များကို သိလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော့်အနေနဲ့ ကျောင်းသားထုအရေးပေါ်အစည်းအဝေးမှ ထုတ်ပြန်ချက်(၆)ချက်နဲ့ ကျောင်းသားသမဂ္ဂအဖွဲ့က ထပ်မံဆွေးနွေးတဲ့ အချက်(၄)ချက်တို့အပေါ် တစ်ချက်ချင်းအလိုက် ကျယ်ပြန့်စွာဆွေးနွေးခဲ့ပါတယ်။ ထိုသို့ဆွေးနွေးစဉ် ဒီမို

**သတင်းအဖွဲ့**

ကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင်ဆိုသူများက အောက်ပါအချက်များကို ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ပါတယ်-

(၁) မိမိတို့အဖွဲ့သည် ပြဋ္ဌာန်းပြီးဖြစ်သည့် အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်ရန် တောင်းဆိုကြောင်း၊ ထိုအချက်ကို အာမခံပေးနိုင်မှသာ ဆွေးနွေးမည်ဖြစ်ကြောင်း၊
(၂) ပြင်ဆင်ရန်အတွက် လွှတ်တော်ကိုတင်ပြရန် မိမိတို့မှာ လမ်းကြောင်းရှိကြောင်း၊
(၃) ဆွေးနွေးမည်ဆိုပါက ပြင်ဆင်ရန်အတွက် တာဝန်ခံပေးနိုင်သော အစိုးရအဖွဲ့ရယ်၊ လွှတ်တော်ပိုင်းရယ်၊ NNER အဖွဲ့နဲ့ မိမိတို့ သပိတ်မှောက်ကောင်စီနဲ့ တွေ့ဆုံဆွေးနွေး အဖြေရှာရမှာဖြစ်ကြောင်း၊ ယခုဆရာတို့နှင့် ဆွေးနွေးပွဲသည် အဖြေထွက်မည့် ဆွေးနွေးပွဲမဟုတ်သဖြင့် ဆွေးနွေးမှုကိုရုပ်သိမ်းပါကြောင်းနှင့် ဒီကနေ့ အမျိုးသားနေ့ သပိတ်မှောက်ကောင်စီရဲ့ လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊

**မေး ။ ။ ကျောင်းသားသမဂ္ဂအဖွဲ့ရဲ့ ထပ်မံတောင်းဆိုချက်များနှင့် ပတ်သက်၍ ဆရာ့သဘောထားအမြင်ကို သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ ဒီနေ့ သွားရောက်တွေ့ဆုံတာဟာ ဒီမိုကရေစီနည်းလမ်းနဲ့အညီ နှစ်ဦးနှစ်ဖက် တွေ့ဆုံညှိနှိုင်း အဖြေရှာကြခြင်းပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် ကျင့်သုံးနေသောနိုင်ငံများရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စတွေမှာ ကျွန်တော်လေ့လာမိသလောက်တော့ ဒီမိုကရေစီနိုင်ငံများမှာ လွှတ်တော်က ဥပဒေပြဋ္ဌာန်းလျှင် သမ္မတကိုယ်တိုင်ပင်လျှင် လိုက်နာရတဲ့အတွက် ပြည်သူအားလုံးအနေနဲ့ လိုက်နာကြကြောင်း တွေ့ရှိရပါတယ်။

**မေး။ ။ ဆရာ့အနေနဲ့ တခြားဘာများပြောချင်ပါသေးသလဲ။**

ဖြေ ။ ။ ဒီနေ့ ကျောင်းသားသမဂ္ဂအဖွဲ့နဲ့ ကျွန်တော်တို့ နှစ်ဖက်တွေ့ဆုံမှုဟာ အင်မတန်ထူးခြားမှုရှိပါတယ်။ နှစ်ဦးနှစ်ဖက်ရဲ့ သဘောဆန္ဒတွေ ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ် ဆွေးနွေးခွင့်ရတဲ့အပြင် မီဒီယာအဖွဲ့ ၃၀ ခန့်ရဲ့ရှေ့မှာပဲ ပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ကျောင်းသားသမဂ္ဂအဖွဲ့တွေနဲ့ ကျွန်တော် မိနစ် ၄၀ ကြာဆွေးနွေးပြီးနောက်မှာလည်း မီဒီယာများရဲ့ မေးမြန်းချက်တွေကို ကျွန်တော်နှင့်အတူ ပါလာတဲ့ ပါမောက္ခချုပ်အချို့ကလည်း မိနစ် ၃၀ ကျော်ခန့် ဖြေကြားခဲ့တဲ့အတွက် သတင်းစာရှင်းလင်းပွဲပုံစံမျိုး ဖြစ်ခဲ့ပါတယ်။ ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော အာဏာ(၃) ရပ်မှာ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ ဖြစ်ကြပါတယ်။ ဒါကြောင့် ဥပဒေနှင့်စပ်လျဉ်း၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းစတဲ့ ဥပဒေပြုရေးအာဏာမှာ ဥပဒေပြုလွှတ်တော်တွင်ရှိနေတဲ့အတွက် ကျောင်းသားလူငယ်များရဲ့ ဆန္ဒနဲ့ သဘောထားတွေကို သက်ဆိုင်ရာ လွှတ်တော်ကော်မတီများထံ တင်ပြဆွေးနွေးနိုင်ဖို့အတွက် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက အကျိုးဆောင်အဖြစ် စေ့စပ်ညှိနှိုင်းပေးရန် အဆင်သင့်ရှိနေကြပါတယ်။ ကျွန်တော့်အနေနဲ့ ရည်ရွယ်ချက်တူညီမှုရှိသဖြင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်းပူးပေါင်းအဖြေရှာတဲ့ စနစ်သာလျှင် နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာနိုင်မယ်လို့ ယုံကြည်ပါတယ်။

---

ဥပဒေပဲဖြစ်ပါတယ်။ ဘယ်လိုသွားမယ်။ ဘယ်လမ်းနဲ့သွားမယ်ဆိုတာတွေကို လမ်းမဖောက်ရသေးဘူး။ မဖောက်ရသေးတဲ့လမ်းကို မှားနေတယ်လို့ မပြောသင့်ပါဘူး။လုပ်ချင်တာတွေပြောတယ်။ တောင်းဆိုနေတဲ့ကိစ္စတွေကို ဥပဒေနဲ့အညီ လုပ်ပေးရမှာဖြစ်တယ်။ တွေ့ဆုံခွင့်တောင်းနေတယ်။ သားသမီးတွေကို မိဘကပြောသလို ပြောကြားခဲ့ပြီး ပြောလိုတာကို ညင်ညင်သာသာပြောဆိုဖို့ ပြောခဲ့ပါတယ်။ တက္ကသိုလ်ပဋိညာဉ်စာတမ်းအရ အားလုံးပါဝင်လိုတဲ့ ဆန္ဒတွေကို ဆွေးနွေးကြရမှာဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း**
**နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်၊**
**သင်ရိုးအကြံပေး**

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း(CESR) အမျိုးသားပညာရေးဥပဒေရေးဆွဲတဲ့နေရာမှာ ပါဝင်ခဲ့ပါတယ်။ ဥပဒေရေးဆွဲနေစဉ်မှာ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းနဲ့ဖြစ်စေ၊ လူကိုယ်တိုင်စာနဲ့ဖြစ်စေ၊ အီးမေးလ်နဲ့ဖြစ်စေ ပါဝင်ဆွေးနွေးတဲ့ အကြံပြုချက်တွေအားလုံး မှတ်တမ်းတင်ထားတဲ့ ဖိုင်တွေရှိပါတယ်။ အဲ့ဒီမှတ်တမ်းတွေအပေါ် မူတည်ပြီး ဒီဥပဒေအပေါ် ဘာတွေလုပ်မယ်၊ ဘာတွေ ဖွင့်ဆိုမယ်ဆိုတာကအစ နိုင်ငံတကာမှာ ဘယ်လိုလုပ်ကြတယ်ဆိုတာ အားလုံးဆွေးနွေးပြီး ရေးထားကြတာ ဖြစ်ပါတယ်။

နောင်လာမယ့် ၁၅ နှစ်၊ အနှစ် ၂၀ မှာ တို့နိုင်ငံမှာ ဘယ်လို ပညာတတ်တွေ ပေါ်ထွန်းလာစေချင်သလဲဆိုတဲ့ အမေးမျိုးကို ကိုယ့်ကိုယ်ကိုယ်မေးပြီး နိုင်ငံတကာမှာ ပညာရေးရည်မှန်းချက်တွေ ဘယ်လိုချသလဲ၊ လူ့စွမ်းအားအရင်းအမြစ်တွေကို ဘယ်လို တိုးတက်လာစေချင်လဲဆိုတာတွေပါ လေ့လာပြီး ရေရှည်တည်တံ့နိုင်မယ့်ဖွံ့ဖြိုးမှုကို ဆောင်ယူသွားနိုင်မယ့် ပညာတတ်တွေဖြစ်အောင် ရေးထားတာ ဖြစ်ပါတယ်။ စိတ်ကြံ့ခိုင်မှုအပြင် ကိုယ်လက်ကြံ့ခိုင်ဖို့ (Sound Mind in a Sound Body) ဖြစ်ဖို့ကိုပါ ရှေးရှုထားတာတွေပါပါတယ်။ အဲ့ဒီနှစ်ချက်နဲ့လည်း ပြည့်စုံအောင် လုပ်ထားပါတယ်။

ပညာရေးမှာအရေးကြီးတဲ့ ညီတူညီမျှရှိဖို့ ၊တရားမျှတဖို့လည်း ကြိုးစားထားတာဖြစ်ပါတယ်။ ပညာရေးဟာ အရည်အသွေး အာမခံမှုရှိနေမယ်။ ပညာရေးဟာ အာဆီယံအဆင့်နဲ့လည်း ယှဉ်နိုင်ရမယ်။ နိုင်ငံတကာ တက္ကသိုလ်တွေနဲ့လည်း ကူးလူးဆက်သွယ်နိုင်ရမယ်။ ဒါတွေကိုကြိုးစားပြီး ဆောင်ရွက်ထားတယ်လို့ ပြောချင်ပါတယ်။

နိုင်ငံတိုးတက်အောင်လုပ်နေတဲ့ အချိန်မှာ ဘာလုပ်လုပ်စည်းလုံးကြပါ။ ကိုယ့်ကိုယ်ကိုယ် လေးစားမှုနဲ့ နှစ်ဦးနှစ်ဖက် အပြန်အလှန်လေးစားမှုရှိပြီး စည်းစည်းလုံးလုံး ဝိုင်းဝန်းလုပ်ကြပါလို့ ပြောချင်ပါတယ်။

● *ကျောဖုံးမှ*

ရေးဆွဲသွားမှာဖြစ်ကြောင်း၊ အဆင့်မြင့်ပညာဥပဒေ (သို့) တက္ကသိုလ်များဖြင့်ဆိုင်သောဥပဒေများ ထွက်ရှိလာမှာဖြစ်ကြောင်း၊ အဆိုပါဥပဒေများ၏ အောက်တွင် တက္ကသိုလ်တစ်ခုချင်း၏ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်သော ပဋိညာဉ်ရေးဆွဲနေကြောင်း၊ ဥပဒေပြုအဖွဲ့များကလည်း ညှိနှိုင်းပြီး တက္ကသိုလ်များ၊ ပညာရေးနှင့်ဆက်စပ်နေသူများအားလုံး ဖိတ်ခေါ်ထားကြောင်း၊ ကျောင်းသားအချို့ ထုတ်ပြန်ထားသောအချက် ခြောက်ချက်အနက် တစ်ချက်တွင် ၎င်းတို့ ပါဝင်ခြင်းမရှိခဲ့ဟုဆိုသည့်အပေါ် အားလုံးပါဝင်ရေးဆွဲခဲ့ကြောင်းကို ဓာတ်ပုံနှင့်တကွ ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် ဖြစ်တဲ့အတွက် တစ်ဦးတစ်ယောက်ဆန္ဒနှင့် မရဘဲ အားလုံးညှိနှိုင်း ဆောင်ရွက်ရကြောင်းကို ပညာရေးဆိုင်ရာ ပညာရှင်များ၊ ဥပဒေရေးဆွဲရာတွင် ပါဝင်ခဲ့သူများ၊ ဥပဒေရေးရာ ကျွမ်းကျင်သော ဥပဒေပညာရှင်များက ရှင်းလင်းပြောကြားမှာဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများသည် ဆရာ ဆရာမများ၏ သားသမီးများပင်ဖြစ်သည့်အတွက် နားလည်သည်အထိ ရှင်းပြသွားမည်ဖြစ်ကြောင်း၊ ဥပဒေကို မနှစ်သက်သည့် အချက်အလက်ရှိခဲ့သော် နားထောင်ရန်အဆင်သင့်ဖြစ်ကြောင်း၊ ယင်းတို့ တောင်းဆိုချက်များကို လုပ်ပေးနိုင်သည်၊ မလုပ်ပေးနိုင်သည်ကို ဒီမိုကရေစီနိုင်ငံဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း ဆုံးဖြတ်၍ မရဘဲ ဥပဒေပြုသည့်နေရာသို့ ပြန်လည်တင်ပြရမည်ဖြစ်သည့်အတွက် လာမည့် သီတင်းပတ်တွင် ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း၊ ပညာရှင်အဖွဲ့များအပါအဝင် ဆရာ ဆရာမများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း၊ ယနေ့ ရှင်းလင်းတင်ပြခြင်းသည် ကျောင်းသားများပြောသည့်ချက်များကို ချေပခြင်းမဟုတ်ဘဲ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ တင်ပြရန် ဖြစ်ကြောင်း၊ အားလုံးပါဝင်သော ပညာရေးစနစ်တွင် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသော အရည်အချင်းပြည့်ဝသည့် ပညာရှင်များ ဖြစ်ထွန်းရေးကို ဦးတည်ဆောင်ရွက်ရန်မှာ အဓိကဖြစ်ကြောင်း စသည်ဖြင့်ပြောကြားခဲ့သည်။

ထို့နောက် ပညာရှင် အကြံပေးအဖွဲ့ နာယက(၁)ဖြစ်သူ ဆရာကြီး ဦးသန်းဦး၊ ဥပဒေပြုစုရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဥပဒေပညာပါမောက္ခ ဒေါက်တာဒေါ်ခင်ချစ်ချစ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ်ဒေါက်တာ ဒေါ်ခင်နိုင်ဦး၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲတို့က အမျိုးသားပညာရေး ဥပဒေရေးဆွဲရခြင်း၊ ဆန္ဒပြကျောင်းသားအချို့ တောင်းဆိုထားသည့် အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် အားလုံးပါဝင်ဆွေးနွေးကြရန် ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။ ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဖြေကြားခဲ့သည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။** (သတင်းစဉ်)

နိုဝင်ဘာ ၁၆ ရက်တွင် အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ ကျောင်းသားအချို့ အချက်(၆)ချက်ကို ထုတ်ပြန်တောင်းဆိုခဲ့ခြင်းနှင့် ပတ်သက်၍ ဆန္ဒပြကျောင်းသားကိုယ်စားလှယ်များ အနေဖြင့် ဥပဒေပြုလွှတ်တော်တာဝန်ရှိ ကော်မတီများနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းလိုပါက ကူညီဆောင်ရွက်ပေးနိုင်ကြောင်း ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက ဖိတ်ခေါ်ထားသည်။

ထို့အပြင် ဥပဒေများ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းစသည့် ဥပဒေပြုရေးအာဏာမှာ ဥပဒေပြုလွှတ်တော်တွင်ရှိနေသည့်အတွက် ကျောင်းသားလူငယ်များ၏ ဆန္ဒနှင့် သဘောထားများကို သက်ဆိုင်ရာ လွှတ်တော်ကော်မတီများထံ တင်ပြဆွေးနွေးနိုင်ရန်အတွက် အဆိုပါကော်မတီက အကျိုးဆောင်အဖြစ် စေ့စပ်ညှိနှိုင်းပေးရန်အဆင်သင့်ရှိကြောင်း၊ ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည့် အမျိုးသားပညာရေး နည်းဥပဒေ၊ ကဏ္ဍအလိုက် ဥပဒေများနှင့် တက္ကသိုလ်ပဋိညာဉ်မူကြမ်းများကို ရေးဆွဲပြီး မိဘပြည်သူများ အားလုံးထံသို့ တစ်လအတွင်း တင်ပြသွားနိုင်ရန် ဥပဒေပညာရှင်များအဖွဲ့က စိစစ်လျက်ရှိရာ ကျောင်းသားလူငယ်များ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် ပညာရေးနှင့် ပတ်သက်ဆက်နွှယ်နေသူများအနေဖြင့် တက္ကသိုလ်အလိုက်ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းအနေဖြင့်ဖြစ်စေ တင်ပြဆွေးနွေးချက်များအပေါ် ဝိုင်းဝန်းညှိနှိုင်းရေးဆွဲနိုင်ရေးအတွက် ပူးပေါင်းပါဝင်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# သတင်းမီဒီယာကဏ္ဍ လွတ်လပ်မှုရှိလာသည်နှင့်အမျှ သတင်းသမားများအနေဖြင့် မှန်မှန်ကန်ကန်တင်ပြရန် တာဝန်ရှိလာကြောင်း ဘီဘီစီညွှန်မှူးပြော

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်များအတွင်း မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲဆောင်ရွက်မှုများသည် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်အတွက် ကြီးမားသည့်ခြေလှမ်းများဖြစ်ကြောင်းနှင့် တစ်ဖက်တွင် သတင်းမီဒီယာကဏ္ဍလွတ်လပ်မှုရှိလာသည်နှင့်အမျှ သတင်းသမားများအနေဖြင့် မှန်မှန်ကန်ကန် ဘက်လိုက်မှုကင်းကင်းတင်ပြရန် တာဝန်ရှိလာကြောင်းဖြင့် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်ပြုလုပ်သည့် အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းနှင့် ယင်း၏စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတွင် ဘီဘီစီ ကမ္ဘာတစ်လွှား အစီအစဉ်၏ ညွှန်ကြားရေးမှူးဖြစ်သူ မစ္စတာ ပီတာ ဟောရော့ခ်စ် (Mr. Peter Horrocks) က ပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ်မှာတော့ မြန်မာမီဒီယာလောကမှာ အချိုးအကွေ့ကြီး တစ်ခုတွေ့လာရပါတယ်။ မြန်မာခေါင်းဆောင်တွေဟာ တိုင်းပြည်ကို နှစ်ပေါင်းများစွာ အထီးကျန်နေမှုကဆွဲထုတ်ပြီး အရင်ကမရှိခဲ့ဖူးတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို ဆက်တိုက်လုပ်လာခဲ့ပါတယ်။ အစိုးရက ပုံနှိပ်မီဒီယာတွေမထုတ်ဝေခင် ဆင်ဆာတင်ရတဲ့စနစ်ကို ဖျက်သိမ်းခဲ့ပါတယ်။ ဒါဟာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် ကြီးမားတဲ့ခြေလှမ်းတစ်ခုပါပဲ။ ၂၀၁၃ ခုနှစ် ဧပြီလကစတင်ပြီး ပုဂ္ဂလိက နေ့စဉ်သတင်းစာတွေကို ထုတ်ဝေဖြန့်ချိခွင့်ပြုခဲ့ပြီး ယနေ့အချိန်မှာ နေ့စဉ်ထုတ်သတင်းစာ ၁၆ စောင်နဲ့ အပတ်စဉ်ထုတ်ဂျာနယ် ၃၀၀ ကျော်အထိ တိုးလာပါတယ်။

အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေးတွေထဲမှာ ပုဂ္ဂလိက FM ရေဒီယို အသံလွှင့်ဌာနတွေကို ဖွင့်ခွင့်ပြုလာတာလည်း ပါပါတယ်။ အခုတော့ FM ရေဒီယိုနားထောင်သူဦးရေကလည်း အများကြီးတိုးလာနေပါပြီ။ နှစ်ပေါင်းများစွာ စာပေစိစစ်ရေးက ထိန်းချုပ်ထားခဲ့အပြီး မီဒီယာပိုင်းမှာ ထိန်းချုပ်မှုတွေ ဖြေလျှော့ပေးလိုက်တဲ့အခါ မြန်မာသတင်းသမားတွေအနေနဲ့ သတင်းတွေရေးသားရာမှာ ကိုယ်တိုင်ဆုံးဖြတ်ချက်တွေကို ပိုမိုပြုလုပ်လာရပြီး အဲဒီလို လွတ်လပ်လာတာနဲ့အမျှ သတင်းသမားတွေမှာ အကြောင်းအရာတွေကို မှန်မှန်ကန်ကန် ဘက်လိုက်မှုကင်းကင်း တင်ပြဖို့ တာဝန်ရှိလာပါတယ်" ဟု Mr. Peter Horrocks က အဆိုပါအခမ်းအနားမှာ ထည့်သွင်းပြောကြားခဲ့သည်။

အစိုးရပိုင်းက တာဝန်ရှိသူတွေက MRTV ကို လွတ်လပ်တဲ့ အများပြည်သူဝန်ဆောင်မှုဆိုင်ရာ ရုပ်သံလွှင့်မီဒီယာတစ်ခုအဖြစ် ပြောင်းလဲဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပြီး အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းတွေကို လိုက်နာဖော်ဆောင်ရာမှာ ဘီဘီစီအနေနဲ့ အားပေးကူညီဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ထို့အပြင် ပြည်သူ့ဝန်ဆောင်မှုကိုပေးနေသည့် မီဒီယာများ၏ မှားယွင်းထုတ်လွှင့်မှုများအပေါ်တွင် တာဝန်ခံရန်လိုအပ်ပုံနှင့်စပ်လျဉ်း၍လည်း ဘီဘီစီကိုယ်တိုင်ကတော့ အမှားအယွင်း ဘာမှမရှိဘူးလို့လည်း မဆိုလိုပါဘူး။ ကျွန်တော်တို့လည်း အမှားတွေလုပ်မိတဲ့အခါ ရှိပါတယ်။ သောတရှင်တွေအနေနဲ့လည်း ဒါကို နားလည်ပါတယ်။ ဒါပေမယ့် သောတရှင်တွေက ဒီအမှားလုပ်မိတဲ့ လူအနေနဲ့ ပွင့်ပွင့်လင်းလင်းနဲ့ တာဝန်ခံဖို့ကိုတော့ မျှော်လင့်ပါတယ်။ မှားသွားရင် ဝန်ခံမယ်၊ အမှားကို ပြင်မယ်၊ လိုအပ်ရင် တောင်းပန်ရမယ်" ဟု ၎င်းကပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် အများပြည်သူဝန်ဆောင်မှုမီဒီယာ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက သိရှိလိုသည်များကိုမေးမြန်းကြရာ ရှေးဦးစွာ BBC World Service တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ နိုင်ငံရေးပါတီများနှင့် ဆက်စပ်မှု၊ အစိုးရအဖွဲ့ဝင်များ၊ နိုင်ငံရေးသမားများ၏ဖိအားနှင့် ဩဇာသက်ရောက်မှုများနှင့်စပ်လျဉ်း၍ မေးမြန်းရာ လူတိုင်းမှာသဘောထားအမြင်တွေ ရှိပေမယ့် သဘောထားအမြင်တွေကို အလုပ်ဌာနကို ယူမလာဖို့ လိုအပ်ပါတယ်။ BBC အနေနဲ့ ကိုယ်ပိုင်သဘောထားအမြင်ကို တင်ပြဖို့ခွင့်မပြုပါဘူး၊ Social Media တွေမှာလည်း သူတို့ရဲ့သဘောထားအမြင်တွေကို တင်ပြခွင့်မရှိပါဘူး။ အီရတ်စစ်ပွဲနဲ့ ပတ်သက်ပြီးတော့ BBC ရဲ့ သတင်းတင်ပြချက်မှာ အမှားအယွင်းတွေရှိခဲ့တဲ့အတွက် ဒီအပေါ်မှာ အစိုးရက တော်တော်လေးကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပါတယ်။

နောက်ဆုံးမှာ BBC ရဲ့ ညွှန်ကြားရေးမှူးချုပ်က ရာထူးမှနုတ်ထွက်ပေးရတဲ့အဆင့်အထိ ရောက်ပါတယ်။ ဒီအခါမှာ လူထုက ဘယ်လိုတုံ့ပြန်သလဲဆိုရင် အစိုးရအနေနဲ့ BBC မှာ ဝင်ရောက်ပြီးတော့ စွက်ဖက်တာ မသင့်ဘူးလို့ တောင်းဆိုခဲ့ပါတယ်။ အဲဒီလို တောင်းဆိုခြင်းအားဖြင့် နောက်ပိုင်းမှာ ဒီအစိုးရရဲ့ စွက်ဖက်မှုကလည်း လျော့ပါးသွားပါတယ်။ မှားလို့ရှိရင်ဝန်ခံပါ၊ မှားတဲ့အကြောင်းကို ရဲရဲပဲ ဝန်ခံဖို့လိုပါတယ်" ဟု ပြန်လည်ဖြေကြားပါသည်။



ဆက်လက်၍ အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်အဖွဲ့အစည်းတစ်ခုကိုတည်ထောင်ရာမှာ ဥပဒေတစ်ရပ်ရေးဆွဲဆောင်ရွက်ဖို့ လို၊ မလိုနှင့် BBC ကို အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်အဖွဲ့အစည်းအဖြစ်ဆောင်ရွက်ရာမှာ ကျင့်သုံးလျက်ရှိတဲ့ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့် စပ်လျဉ်းပြီး မေးမြန်းရာမှာ "BBC သည် Royal Charter အရ ပေါက်ဖွားလာခြင်းဖြစ်ပြီး BBC အဖွဲ့အစည်းမှာ အငြင်းပွားဖွယ်ပြဿနာတွေလည်း ရှိပါတယ်။ BBC က မှန်မှန်ကန်ကန် စည်းကမ်းနဲ့အညီ လွတ်လွတ်လပ်လပ်နဲ့သတင်းကို ထုတ်ပြန်လား၊ မပြန်ဘူးလားဆိုတာကို စောင့်ကြည့်တဲ့အဖွဲ့ ရှိပါတယ်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းဆောင်ရွက်ဖို့ အတွက်ဆိုရင် လွတ်လပ်တဲ့အဖွဲ့အစည်းကနေပြီးတော့ ဒီဥပဒေကို ဦးစီးဖော်ဆောင်ဖို့ လိုအပ်ပါတယ်။ ပြည်သူ့ကိုယ်စားလှယ်တွေကနေတစ်ဆင့် ဥပဒေလိုအပ်တယ်ဆိုရင် ဒါကို ပါလီမန်မှာ ဆွေးနွေးမယ်။ ပါလီမန်ဆွေးနွေးပြီးတော့ ဒီဥပဒေကို ရေးဆွဲအတည်ပြုဆောင်ရွက်ရပါတယ်။ အဓိက သူတို့ ဦးစားပေးရမှာက သူတို့ရေးဆွဲတဲ့ဥပဒေက ပြည်သူတွေရဲ့အကျိုးအတွက် ထိန်းသိမ်းစောင့်ရှောက်တဲ့ဥပဒေဖြစ်ရမှာပါ။ အများပြည်သူဝန်ဆောင်မှု မီဒီယာတစ်ခုအနေနဲ့ စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်။ အပြိုင်အဆိုင် မီဒီယာတွေပေါ်လာတာ၊ Social Media ပေါ်လာတာ၊ ပရိသတ်ကိုယ်တိုင်က ကိုယ့်ရုပ်မြင်သံကြားကိုကြည့်တဲ့ပရိသတ်က အခြားကို ရောက်သွားတာ စတဲ့ အမျိုးမျိုးစိန်ခေါ်မှုတွေရှိပါတယ်။ မီဒီယာတွေထဲမှာ လူကြိုက်များတဲ့သတင်းတွေကို တင်တဲ့ ထုတ်တဲ့ လွှင့်တဲ့ မီဒီယာတွေလည်းရှိတယ်။ ဒါလည်း စိန်ခေါ်မှုတစ်ရပ်ပဲ။ ဒီလိုတင်တဲ့ သတင်းထုတ်တဲ့ မီဒီယာတွေက တကယ်တော့ သူတို့ကိုယ်သူတို့ တာဝန်မယူ၊ တာဝန်မခံဘဲ လက်လွတ်စပယ်ပဲ တင်ပြတာဖြစ်ပါတယ်။ သတင်းသမားတစ်ယောက်ရဲ့တာဝန်က သတင်းက မှန်ကန်ရမယ်၊ မျှတရမယ်၊ တိကျရမယ် စတာတွေကို သတိထားဖို့တော့ လိုပါတယ်" ဟု ပြန်လည်ဖြေကြားခဲ့ပါသည်။

ဆက်လက်၍ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ မီဒီယာတွေအပေါ်မှာ တလွဲအသုံးချမှု၊ အမြတ်ထုတ်အသုံးချမှုနဲ့ ဖိအားများနှင့်စပ်လျဉ်း၍ ၎င်း၏အမြင်ကို မေးမြန်းရာ မီဒီယာလုပ်ငန်းရှင်ကြီးတွေရဲ့ ခြိမ်းခြောက်မှုတွေတုံ့ပြန်နိုင်ဖို့ အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်ဌာနတွေရှိခြင်းဟာလည်း တွန်းအားတစ်ခုဖြစ်ပါတယ်။ ဥပဒေတွေနဲ့လည်း အကာအကွယ်ယူနိုင်ပါတယ်။ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်တွေမှာ မျှတတဲ့စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်တွေရှိဖို့လိုပါတယ်။ Public Service Media အနေနဲ့ စံနှုန်း တွေနဲ့အညီ ဆောင်ရွက်ပြီး ထိန်းညှိရင်ဆိုင်နိုင်ပါတယ်။ သူတို့နဲ့အမီလိုက်ပြီး သူတို့ထက်သာအောင်လုပ်နိုင်လို့ရှိရင် သူတို့ရဲ့ဖိအားတွေ၊ လွှမ်းမိုးမှုတွေကို ကျော်လွှားနိုင်ပါတယ်" ဟု ပြန်လည်ဖြေကြားသည်။

သတင်းသမားများ၏ အယောင်ဆောင်သတင်းရယူမှုနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း Sydney's 2 Days FM မှ အစီအစဉ်တင်ဆက်သူများက တော်ဝင်မင်းသား၊ မင်းသမီးများအယောင်ဆောင်ပြီး ဖုန်းဆက်သတင်းရယူ ကြိုးစယ်ထုတ်လွှင့်ရာက ဖုန်းလက်ခံဖြေကြားသူ တော်ဝင်ဆေးရုံမှသူနာပြုကလေးနှစ်ယောက်မိခင် Ms. Jacintha Saldamha အရှက်ရပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေခဲ့တဲ့ဖြစ်စဉ်အပေါ်မှာ အလားတူ ဖြစ်စဉ်မျိုးတွေမဖြစ်ရအောင် BBC ၏ Editorial Guide Line အရ ကာကွယ်ထားမှုအခြေအနေကို သိလိုကြောင်းမေးမြန်းမှုနှင့်စပ်လျဉ်း၍လည်း " BBC မှာ အယ်ဒီတာတွေနဲ့ သတင်းသမားတွေလိုက်နာရမယ့် လမ်းညွှန်ချက်တွေရှိပါတယ်။ သတင်းလုပ်ငန်းမှာ အကြောင်းအရာတစ်ခုကို ကိုယ်ကစုံစမ်းပြီးတော့ ဖော်ထုတ်တဲ့သတင်းကို မရမကလေ့လာပြီး ဖော်ထုတ်တဲ့နေရာမှာ ဒီလိုလုပ်လို့ရပါတယ်။ လုပ်တဲ့အခါမှာ ရာဇဝတ်ကျူးလွန်တဲ့သူတွေရဲ့အမှုတွေကိုစုံစမ်းပြီးတော့ လေ့လာမယ်၊ သူတို့အကြောင်းကိုတင်ပြမယ်ဆိုရင် သတင်းထောက်က ခိုင်လုံတဲ့အထောက်အထားတွေ ရရှိဖို့လိုပါတယ်။ အဲ့ဒီ မတိုင်ခင်မှာလည်း Guideline တွေလိုက်နာရပါမယ်။ စုံစမ်းတဲ့အခါမှာ အထောက်အထား ခိုင်ခိုင်မာမာရှိပြီဆိုရင် ဒီသတင်းကို ထုတ်လို့ရပါတယ်။ Sydney's 2 Days FM က သတင်းထောက်နှစ်ယောက်လုပ်လိုက်တဲ့ကိစ္စကတော့ သတင်းတန်ဖိုးက တော်ဝင်မိသားစု Entertainment အနေနဲ့ ဟန်ဆောင်ပြီးတော့ သတင်းသွားယူတာဖြစ်တယ်။ ဒါမျိုးကို BBC က ခွင့်မပြုပါဘူး။ မှန်တယ်၊ မှားတယ်ဆိုတာ ဆုံးဖြတ်ရန် ခက်ခဲပါတယ်။ ဟန်ဆောင်ပြီးတယ်လီဖုန်းဆက်တာမျိုးကိုတော့ BBC က ခွင့်မပြုပါဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။

BBC World Service ၏အစီအစဉ်ထုတ်လွှင့်မှု ရာခိုင်နှုန်းအချိုးအစားများနှင့်စပ်လျဉ်း၍လည်း ယေဘုယျအားဖြင့် ပြန်ကြားရေးအတွက် ၄၀%၊ ဖျော်ဖြေရေးအတွက် ၄၀% နှင့် ပညာပေးရေးအတွက် ၂၀% အချိုးအစားများဖြင့် ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ယခုလတ်တလောတွင်လည်း BBC Media Action မှ MRTV နှင့်ပူးပေါင်းပြီး drama ပြုလုပ်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ၎င်းကဲ့သို့ drama မျိုးတွင် ပညာပေးရေးအပိုင်းများ ပိုမိုပါဝင်နိုင်ပါကြောင်းဖြင့် ၎င်းက ပြန်လည်ဖြေကြားပြီး တွေ့ဆုံပွဲကို ညနေ ၃ နာရီတွင် ရုပ်သိမ်းခဲ့သည်။

BBC World Service အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ မိတ်ဖက်ရေဒီယိုနှင့် ရုပ်သံလွှင့်ဌာနပေါင်း ၁၂၅၀ခန့်မှ သတင်းများထုတ်လွှင့်ပေးလျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် ပရိသတ်သန်းပေါင်း ၅၀၀ အထိရှိရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ဘီဘီစီ၏ မီဒီယာ နည်းပညာပံ့ပိုးအကူအညီပေးရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် BBC Media Action သည် ၂၀၁၂ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံအတွင်း ရုပ်သံလွှင့်မီဒီယာအတတ်ပညာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပို့ချဆောင်ရွက်လျက်ရှိပြီး ယခုနှစ်အတွင်း BBC Media Action မှ ဖွင့်လှစ်ပို့ချခဲ့သည့် စာနယ်ဇင်းအတတ်ပညာဆိုင်ရာသင်တန်းများနှင့် သတင်းတင်ဆက်ပုံအပါအဝင် ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ သင်တန်းအသီးသီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်း ၆၈၀ ဦး ပါဝင်တက်ရောက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

UNIQUE TRAVELS & TOURS CO.,LTD.
UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [ Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Nov: 22,29 / Dec: 6,13,20,27 (300,000)
ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Nov: 29 / Dec: 13,27 (400,000)
ဥရောပ(10) နိုင်ငံ အမေရိကား ကိုရီးယား ပီကင်း ဖူးခက်/ဘာလီ
ဩစတြေးလျ စင်္ကာပူ+မလေး ဂျပန် ဟောင်ကောင် မော်လဒိုက်
No.(70/A) , Kabaaye Pagoda Rd , Bahan Tsp, Yangon. Ph: 860 4964 , 860 4965 , 860 4966. 708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166 , 09514 8079

**အိမ်ရောင်းမည်**

ရန်ကင်းမြို့နယ်ရှိ အသင့်နေ နှစ်ထပ် RC တိုက်နှင့် ဗဟန်းဆရာစံလမ်းပေါ်ရှိ လေးလွှာအခန်း Hall Type ရောင်းမည်။ အကျိုးဆောင်များ ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၉-၃၁၈၆၅၂၃၆၊ ၀၉-၂၅၀၂၇၄၁၅၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ခိုင်ဇော်ဦး(ဘ)ဦးဇော်ဦး ၈/မသန(နိုင်)၀၆၅၉၇၅၏ PP-MA 129815 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၉၂၉၅၉၈၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ရွှမ်းဒင်လျံ ၅/ကလထ(နိုင်) ၁၂၆၁၇၅၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၉၅၅၂၈**

## မွေ့ရှင်တော် မိုးကောင်းဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်မင်္ဂလာနှင့် ဌာပနာတော်သွင်းမင်္ဂလာပွဲ ဆုတောင်းအနုမောဒနာ သာဓုခေါ်ဆိုခြင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြု

## အထူးကျေးဇူးတင်ရှိပါကြောင်း

တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုကုန်းကျေးရွာအုပ်စု၊ ကြက်ရိုးစမ်းကျေးရွာ၊ ကျောက်မိချောင်း ရေလွှဲဆည်အနီးတွင် အများပြည်သူဖူးမြော်ကြည်ညိုနိုင်စေရန်အလို့ငှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်-ဇနီးဒေါ်နွယ်နွယ်ယု အမှူးပြုသော မကွေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး) ညွှန်ကြားရေးမှူး ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်-ဒေါ်ကေခိုင်အောင်ခင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူကြွယ်-ဇနီးဒေါက်တာဒေါ်နှင်းကြည်ဖေ၊ ဦးစီးအရာရှိ ဦးသိန်းအောင်-ဇနီးဒေါ်မော်မော်ဝင်း ဆည်မြောင်းဦးစီးဌာန ထိန်းသိမ်းရေးမိသားစုမှ အသစ်တည်ထားသော မွေ့ရှင်တော် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်းမင်္ဂလာနှင့် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနား ပြည့်စုံစွာ ဆင်ယင်ကျင်းပပေးခြင်းအတွက် ဒေသခံတောင်သူလယ်သမား မိဘပြည်သူများမှ အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းနှင့် ရွှေထီးတော်တင်လှူပေးပါသော စကြာရွှေထီးတော်တင်အဖွဲ့အားလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ဒေသခံကျေးရွာများမှ**
**ကျေးရွာသူ၊ ကျေးရွာသားများ**

## မွေ့ရှင်တော် မိုးကောင်းဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်မင်္ဂလာ ကျေးဇူးတင်လွှာ

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက်(တနင်္ဂနွေနေ့)(၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) ၈း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုကုန်းကျေးရွာအုပ်စု၊ ကြက်ရိုးစမ်းကျေးရွာ၊ ကျောက်မိချောင်းရေလွှဲဆည်အနီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့်ဇနီး ဒေါ်နွယ်နွယ်ယုမိသားစု ဦးစီးတည်ထားကိုးကွယ်သည့် မွေ့ရှင်တော် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်းမင်္ဂလာနှင့် ရွှေထီးတော်တင်မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်၍ ဌာပနာတော်သွင်းပေးပြီး စိန်ဖူးတော်တင်လှူပေးပါသော ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဌာပနာတော်သွင်း၍ ရွှေထီးတော်တင်လှူပေးတော်မူခဲ့ကြသော မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)၊ တည်ဆောက်ရေး(၈)၊ စက်မှုဌာနခွဲ၊ ရေအားလျှပ်စစ်ဌာနခွဲတို့မှ ညွှန်ကြားရေးမှူးများနှင့်ဇနီးများ၊ တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ အဖွဲ့အစည်းများမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကုက္ကိုကုန်းကျေးရွာ၊ စမ်းကုန်းကျေးရွာ၊ တောင်လျောင်းကျေးရွာ၊ သရက်ခုံကျေးရွာ၊ နှစ်ကျပ်ခွဲကျေးရွာနှင့် ကြက်ရိုးစမ်းကျေးရွာမှ တောင်သူလယ်သမားမိဘပြည်သူများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဌာပနာတော်သွင်းမင်္ဂလာအခမ်းအနား၊ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားနှင့် ဧည့်ခံကျွေးမွေးရာတွင် စေတနာအလျောက် ဆောင်ရွက်ခဲ့ရာ၌ မပြည့်စုံမှုများ၊ အားနည်းချက်များရှိခဲ့ပါက မေတ္တာရှေ့ထား၍ သည်းခံခွင့်လွှတ်ပေးတော်မူကြပါရန် အနူးအညွှတ်တောင်းပန်အပ်ပါသည်။ မိမိတို့နှင့်အတူတကွ ကြည်ညိုဝမ်းမြောက်စွာ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါရန် အမျှပေးဝေအပ်ပါသည်။

**ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး) မိသားစု၊ မကွေးတိုင်းဒေသကြီး**

*စာမျက်နှာ ၅ မှ*

ဖွံ့စည်းခဲ့တာဖြစ်တယ်။ အခုက ဘဏ္ဍာရေးတည်ငြိမ်မှု၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ အကျပ်အတည်းတွေကို ပြန်ပြီးကုစားဖို့တင်မကဘူး၊ ကမ္ဘာ့ရဲ့ စီးပွားရေးကို တောင့်တင်းခိုင်မာအောင်၊ ရေရှည်ရပ်တည်နိုင်အောင်အတွက် ပိုပြီးဘက်ညီမျှတတဲ့ ဖွံ့ဖြိုးမှုတွေ နိုင်ငံတွေအကြားမှာ ဖြစ်ပေါ်ရေးအတွက် ဖွံ့ဖြိုးမှုဘက်ကို ပိုပြီးဦးတည်လာတဲ့ သဘောဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုနဲ့ဆိုင်တဲ့ ဆွေးနွေးပွဲမှာလည်း ဂျီ-၂၀ နိုင်ငံတွေဟာ စက်မှုနိုင်ငံတွေဖြစ်တဲ့အတွက် ကမ္ဘာပေါ်မှာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုမှာ ၇၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ရာသီဥတုပြောင်းလဲမှုတွေ ဖြစ်တဲ့အခါမှာ အများစုသည် သူတို့ကြောင့်ဆိုပြီး ကမ္ဘာကြီးက လက်ခံထားကြတယ်။ ကမ္ဘာကြီးပူနွေးလာတဲ့အတွက် အကျိုးသက်ရောက်မှုအနေနဲ့ ဆိုးကျိုးတွေ အများကြီးရှိပါတယ်။ အထူးသဖြင့် ဆင်းရဲတဲ့နိုင်ငံတွေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ရာသီဥတုပြောင်းလဲမှုရဲ့အကျိုးသက်ရောက်မှုကို အလွန်ခံစားရပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွေကို အခြေခံတဲ့စီးပွားရေးလုပ်ငန်းတွေ တော်တော်များများက ဒီအကျိုးသက်ရောက်မှု ရိုက်ခတ်ပါတယ်။ စက်မှုဖွံ့ဖြိုးတဲ့နိုင်ငံတွေက ရာသီဥတုပြောင်းလဲမှုအတွက် ဘယ်လိုတုံ့ပြန်မလဲ၊ ဘယ်လိုစွမ်းအင်ချွေတာတဲ့နည်းပညာတွေ တီထွင်မလဲ၊ ဒါတွေအတွက် ရန်ပုံငွေတွေ စုပေါင်းပြီးထည့်မယ်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ နိုင်ငံတွေကို ဒီရန်ပုံငွေတွေနဲ့ ကူညီသွားမယ်။ သစ်တောတွေ ပြန်းတီးနေရင် ပြန်စိုက်ပျိုးမယ်။ စွမ်းအင်ကို ချွေတာပြီးသုံးစွဲတဲ့ နည်းပညာတီထွင်မှုတွေ ပျံ့နှံ့အောင် ဆောင်ရွက်မယ်။ ကာဗွန်ထုတ်လုပ်မှုကို နည်းပါးစေတဲ့ နည်းလမ်းတွေ ပျံ့နှံ့အောင် ရန်ပုံငွေဝိုင်းဝန်းထည့်ကြမယ်။ အထူးသဖြင့် အမေရိကန်၊ ပြင်သစ်၊ ကိုရီးယား အစရှိတဲ့ နိုင်ငံတွေအားလုံးက ဝိုင်းဝန်းပြီး ထည့်ကြမယ့် အစီအစဉ်တွေလည်း ပါပါတယ်။ ကမ္ဘာကြီးရဲ့ ထိပ်တန်းရောက်နေတဲ့ အင်အားကြီးနိုင်ငံတွေဖြစ်တယ်။ တကယ်တမ်းကျတော့ ကမ္ဘာကြီးရဲ့ စီးပွားရေးကို ဂျီ-၇၊ ဂျီ-၈ နိုင်ငံတွေနဲ့ပဲ ဖြေရှင်းလို့ မရဘူး။ ထွန်းသစ်စနိုင်ငံတွေ ပိုပြီးတော့ ပါဝင်တဲ့အခါ အတွေးအမြင်တွေမျိုးစုံနဲ့ ပါဝင်ဆွေးနွေးလာနိုင်တယ်။ ကမ္ဘာမှာ နိုင်ငံတွေ အများကြီးရှိတဲ့အထဲမှာ ဂျီ-၂၀ ဆိုတဲ့ နိုင်ငံ ၂၀တည်းနဲ့ပဲ ကိုယ်စားပြုနေတာကို သူတို့အနေနဲ့မလုံလောက်ဘူး။ အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေကိုလည်း ဖိတ်ခေါ်ပြီး သူတို့အထဲမှာ ပါဝင်ဆွေးနွေးစေတာ၊ ကျွန်မတို့ အာဆီယံလို၊ အာဖရိကအစရှိသဖြင့် သက်ဆိုင်ရာဒေသတွင်း နိုင်ငံတွေ ဖွံ့ဖြိုးမှုနည်းတဲ့နိုင်ငံတွေက အသံတွေကိုလည်း တင်ပြခွင့်၊ ဆွေးနွေးခွင့် ရရှိတယ်။ ရာသီဥတုတွေ ပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာတဲ့ နိုင်ငံတွေအတွက် ဘယ်လိုအခွင့်အလမ်းမျိုး ပြန်ပြီးဖန်တီးပေးနိုင်မလဲဆိုတဲ့ အနေအထားမျိုးတွေကိုလည်း ဆွေးနွေးခွင့်ရရှိတယ်။ အထူးသဖြင့်တော့ ကျွန်မတို့အနေနဲ့ သူတို့ဆွေးနွေးမှုတွေကနေ နိုင်ငံတကာနဲ့ပတ်သက်တဲ့ အရေးကိစ္စ၊ ကမ္ဘာပေါ်မှာ အဓိကကျတဲ့စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ အလုပ်အကိုင်ဖန်တီးမှု၊ စွမ်းအင် စွမ်းဆောင်ရည်ဆိုင်ရာ အစရှိသဖြင့် အများကြီး လေ့လာသိရှိရပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဂျီ-၂၀အစည်းအဝေးမှာကမ္ဘာမှာ ဒီနေ့အရေးကြီးနေတဲ့ စွမ်းအင်ကိစ္စကိုလည်း အဓိကထား ဆွေးနွေးပါတယ်။ တစ်ပိုင်းက ဒီနေ့ထုတ်လုပ်နေတဲ့ စွမ်းအင်အကုန်လုံးက ထိန်းထိန်းသိမ်းသိမ်းနဲ့ Supply and Demand မျှတအောင် ထိန်းပြီးသုံးသွားဖို့ ဒါမှသာ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရနိုင်မယ်။ နောက်တစ်ခုက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကိုပါ တိုးတက်ထုတ်လုပ်မှသာ ကမ္ဘာ့သူ ကမ္ဘာ့သားတွေအတွက် လိုအပ်ချက်တွေကို ရမှာပေါ့။ ဒီနေ့ ကမ္ဘာ့လူဦးရေရဲ့ ငါးပုံတစ်ပုံလောက်က လျှပ်စစ်အသုံးပြုနိုင်ဖို့ အနေအထားတွေကိုလည်း ခေါင်းဆောင်တွေ ဆွေးနွေးပါတယ်။ ကမ္ဘာ့ခေါင်းဆောင်ကြီးတွေက ပြည်သူတွေရဲ့ ရှေ့အလားအလာတွေအတွက် ဆွေးနွေးသွားကြပါတယ်။

ဒါ့အပြင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နဲ့ သဘာဝဘေးအန္တရာယ်တွေကျော်လွှားဖို့ ကိစ္စတွေလည်း ပါဝင်ပါတယ်။ အေပက်အစည်းအဝေး၊ အာဆီယံအစည်းအဝေး၊ အခု ဂျီ-၂၀ အစည်းအဝေးက တစ်ဆက်တစ်စပ်တည်းလေ။ နိုင်ငံအားလုံးအတူတူ ပေါင်းစည်းပြီးလုပ်မှ အခုလက်ရှိရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်မယ်။ တူညီတဲ့ အမြင်တွေရှိတယ်။ အတူတူ ပူးပေါင်းပြီး လက်တွဲဆောင်ရွက်ကြမယ်ဆိုတဲ့ အနေအထားရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အာဆီယံမှာလည်း ပြည်သူဗဟိုပြုအာဆီယံဆိုပြီး လုပ်သလိုပဲ ဒီနေ့ ဂျီ-၂၀ အစည်းအဝေးမှာလည်း တစ်ကမ္ဘာလုံးအတွက်ကို ခြုံပြီးတော့ စဉ်းစားတဲ့အချက်တွေ ပါဝင်ပါတယ်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာဖွယ်ရာ ရှိသည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

*❖ ကျောဖုံးမှ*

အရှေ့တောင်အာရှနိုင်ငံများတွင် သစ်ဆွေးမြေဧရိယာ ပိုင်ဆိုင်မှုအများဆုံးမှာအင်ဒိုနီးရှားနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ မလေးရှားနှင့်တတိယအများဆုံးနိုင်ငံမှာ ပါပူးဝါးနယူးဂီနီနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံသည် သစ်ဆွေးမြေဧရိယာ ပိုင်ဆိုင်မှု စတုတ္ထ အများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ သစ်ဆွေးမြေဒေသများမှာ ပင်းတယ၊ အင်းလေး၊ ဟဲဟိုးနှင့် ကမ်းရိုးတန်းဒေသများနှင့် လွင်ပြင်များတွင် တည်ရှိကြောင်း၊ ၂၀၁၃ ခုနှစ် တစ်နိုင်ငံလုံး အတိုင်းအတာအရ ၁၂၂၈၀၀ ဟက်တာကျော်ရှိပြီး ပိုမိုများစွာရှိနိုင်သည်ဟု ခန့်မှန်းကြောင်း သစ်တောဦးစီးဌာန လက်ထောက်သုတေသန ဦးစီးအရာရှိ ဒေါ်သီတာဆွေထံမှ သိရသည်။

“သစ်ဆွေးမြေက အပင်ရဲ့အပိုင်းအစတွေ တစ်စိတ်တစ်ပိုင်း ဆွေးမြည့်နေတဲ့အတွက် ကာဗွန်တွေအများကြီးသိုလှောင်ထားပြီး ရာသီဥတုပြောင်းလဲတဲ့နေရာမှာ အဓိကအရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ သစ်ဆွေးမြေကို လူတွေ အသုံးချတဲ့အခါမှာရေထုတ်ပစ်ကြတယ်။ အဲ့ဒီအခါမှာ သစ်ဆွေးတွေခြောက်ပြီး မီးလောင်တယ်။ Fuel Wood အနေနဲ့ ပြန်သုံးကြတဲ့အတွက်ကြောင့် သစ်ဆွေးမြေထဲမှာ သိုလှောင်ထားတဲ့ ကာဗွန်တွေက လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုက်အဖြစ် ထွက်သွားတယ်။ ဒါကြောင့် သစ်ဆွေးမြေကို ထိန်းသိမ်းဖို့ အရေးကြီးပါတယ်”ဟု ၎င်းကဆက်လက်ပြောကြားသည်။

သစ်ဆွေးမြေများ ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ သစ်ဆွေးမြေများအသုံးပြုရာတွင် ရေများထုတ်ပစ်ခြင်းမပြုရန်နှင့် ထွန်ယက်စိုက်ပျိုးခြင်းများမပြုလုပ်သင့်ကြောင်း၊အစေ့တိုက်ရိုက်ချစိုက်ပျိုးခြင်းများသာပြုလုပ်ပြီး ဒေသနှင့် ကိုက်ညီမှုရှိသောသီးနှံများ စိုက်ပျိုးလျှင် အကောင်းဆုံးဖြစ်ကြောင်း၊ သစ်ဆွေးမြေများကို မီးရှို့ခြင်းများ မပြုလုပ်သင့်ကြောင်း၊ မီးရှို့မှုများပြုလုပ်ပါက လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသောကြောင့် သစ်ဆွေးမြေများကို စနစ်တကျကာကွယ်ထိန်းသိမ်းသင့်ကြောင်း သစ်တောဦးစီးဌာန လက်ထောက် သုတေသနဦးစီးအရာရှိ ဒေါ်သီတာဆွေက ပြောကြားသည်။

ရေတိမ်ဒေသများအတွင်း သေကျေပျက်စီးနေသော အပင်များ ကျေပျက်မှုနှုန်းထား အမျိုးမျိုးဖြင့် စုစည်းနေသောမြေများသည် သစ်ဆွေးမြေများဖြစ်ပြီး ၎င်းတွင် အော်ဂဲနစ်ကာဗွန်ပမာဏအနည်းဆုံး ၁၂ မှ ၁၈ ရာခိုင်နှုန်းအထိ ပါဝင်ကြောင်း သိရသည်။ သစ်ဆွေးမြေများကို ရေသွင်းရေထုတ်ပြုလုပ်၍ စိုက်ပျိုးမြေအဖြစ် ကြာရှည်စွာ အသုံးပြုပါက သိုလှောင်ထားသော ကာဗွန်များသည် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အမြောက်အမြား ပြန်လည်ပြောင်းလဲထုတ်လွှတ်မည် ဖြစ်သောကြောင့် သစ်ဆွေးမြေများကို ကာဗွန်ထုတ်လွှတ်မှုနည်းပါးစေသည့် စီမံအုပ်ချုပ်မှုများ ဆောင်ရွက်ရန် အရေးတကြီး လိုအပ်ကြောင်း သိရသည်။

## မြန်မာ့အာမခံလုပ်ငန်းအကြောင်း ဟောပြောရှင်းလင်း



**စစ်တွေ နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ် စစ်တွေမြို့ မြန်မာ့အာမခံလုပ်ငန်းရုံးမှ အာမခံအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး ရှင်းလင်းပွဲကို စစ်တွေမြို့ အဝေးပြေးကားဂိတ်ဝင်းရှိ မထသရုံး၌ နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် မြန်မာ့အာမခံလုပ်ငန်း ပြည်နယ်တာဝန်ခံ ဦးခင်ဖေက အသက်အာမခံ၊ မီးအာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံ၊ ရေကြောင်းပို့ကုန်ပစ္စည်းအာမခံ၊ ခရီးသွားလာရေး အာမခံတို့အကြောင်းကိုဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ပြည်နယ်တာဝန်ခံ ဦးခင်ဖေနှင့် ဒုတိယပြည်နယ်တာဝန်ခံ ဒေါ်သန်းသန်းဦးတို့က ရှင်းလင်းဖြေကြားဆွေးနွေးကြသည်။ အခမ်းအနားသို့ ပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုကြီးစော**




### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀တောင်/၁၀-ရပ်ကွက်၊ ဇေယျဝတီ(၅)လမ်း၊ အမှတ်(၂၃၆၇/ခ)ရှိ ဦးမြင့်သိန်း (၁၂/သကတ(နိုင်)၀၅၇၉၇၉) အမည်ပေါက်ပိုင်ဆိုင် ဂရံမြေအမျိုးအစားမြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးတင်မောင်ကြီး(၁၉၁၇) လိပ်စာ-အမှတ်-၇၄၊နေပေါင်းအိမ်ရာ၊သုဝဏ္ဏ၊ရန်ကုန်။**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ မင်းလမ်း၊ တိုက်အမှတ်(၁၉)၊ မြေညီထပ်(၁၉/ဘီ)၊ (အလျား ၁၇ပေ×အနံပေ ၄၀)ရှိ နေအိမ်တိုက်ခန်းကို ဒေါ်လေးလေး ၁၃/မဆတ(ပြု)၀၀၀၀၀၂က နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသူ (အကျိုးခံစားခွင့်ရှိသူ) အဖြစ် ဝန်ခံပြောဆိုလျက် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလွန်ဂျာ(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၂၇၇၇)**
**အမှတ် ၅၄၊ အခန်း ၆/ဘီ၊ ဇေယျဝတီလမ်း၊**
**သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၀၀၄၂၃၄၂**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲမြင့်ထွန်း ၇/ပခန(နိုင်)၀၉၆၆၃၂၏ PP-MA-553007 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၀၆၅၀၂၉**

### ပျောက်ဆုံးကြောင်း

ကျွန်တော်လင်းလင်းအောင်(ဘ)ဦးဟန်လင်း ၅/ဘတလ(နိုင်)၀၆၃၉၅၁၏ P.P. MA-544430 ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားအပ်ပါသည်။

**ဖုန်း-၀၉-၇၉၉၂၉၅၉၈၂**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/7304 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အသက်သည်သွေး**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



# ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ဟိုမိန်း နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သည် ဟိုမိန်းမြို့နယ်တွင် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ပထမပတ်အတွင်း ကွင်းဆင်းကြည့်ရှုခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း(ဟိုမိန်း-နားမွန်းလုံ) ခြောက်မိုင် ကျောက်ခင်းလမ်းကို ဟိုမိန်းပြည်သူ့စစ်(ဌာနေ)အဖွဲ့က ပြည်နယ်ဘတ်ဂျက်ခွင့်ပြု ငွေကျပ် ၂၆၄ သန်းဖြင့် ဆောင်ရွက်နေမှုနှင့် အမှတ်(၃) ရပ်ကွက်အတွင်း ပျက်စီးနေသည့် တံတားနှစ်စင်း ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့သည်။

ဆက်လက်၍ ပန်သပြေကျေးရွာနှင့် နားမွန်းလုံကျေးရွာ စာသင်ကျောင်းများကို ကြည့်ရှုရာ စာသင်ကျောင်းများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ဝန်းကျင်က အဆောက်အအုံများဖြစ်၍ ဥပဓိရုပ်မကောင်းမွန်ခြင်းကြောင့် အဆောက်အအုံသစ်ရရှိရေး၊ ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရေးအတွက် အမြန်တွက်ချက်တင်ပြကြရန် မှာကြားခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ ဟိုမိန်းမြို့၌ လျှပ်စစ်မီးရရှိရေး၊ ကျေးရွာမီးလင်းရေးနှင့် သောက်သုံးရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ပေးစေလိုကြောင်း တင်ပြဆွေးနွေးကြရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ရေး တင်ပြသွားရန် သက်ဆိုင်ရာတာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၁၁-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၂-၁၀၆၃ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဇီယာအသစ်) | တစ်အိတ် | ၁၆၈၀၀-၁၇၀၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၅၁၀၀-၁၅၃၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၂၉၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၄၀ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၀၀-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၂၅-၁၉၂၅ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၁၀၀-၂၂၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၀၀-၆၆၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၃၀၀-၂၄၅၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၄၇၀၀ |
| သကြား | တစ်ပိဿာ | ၈၈၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

# မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

**အင်းတော် နိုဝင်ဘာ ၁၈**

နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက အင်းတော်မြို့ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သောင်းစိန်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကသာခရိုင် မူခင်းနှိမ်နင်းရေးတပ်ဖွဲ့မှ တပ်ကြပ် ကျော်မင်းထိုက်တို့သည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ အင်းတော်မြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးရှာဖွေ ဖမ်းဆီးခွင့်ဝရမ်းအမှတ်ဖြင့် သက္ကယ်ကျင်းကျေးရွာနေ ဝင်းနိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ဝင်းနိုင်ကိုအသင့်တွေ့ရှိ၍ စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသော ပုဆိုးအတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်များထည့်ထားသည့် ၀ ဒသမ ၅ ဂရမ်ခန့်ပါ ပလတ်စတစ်ဘူးအဖြူတစ်ဘူးနှင့် ၀ ဒသမ ၄ ဂရမ်ခန့်ပါ ပင်နီဆီလင် ပုလင်းတစ်လုံးတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။ ဝင်းနိုင်ကို စစ်ဆေးမေးမြန်းရာ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများမှာ တစ်ရွာတည်းနေသူ အောင်ချစ်ထွေးဆိုသူထံမှ နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ငွေကျပ် ခြောက်သောင်းဖိုးဝယ်ယူခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ထွက်ဆိုချက်အရ ဆက်လက်၍ အောင်ချစ်ထွေး၏ နေအိမ်ကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အိမ်ရှင်အောင်ချစ်ထွေးမှာ အိမ်တွင်မရှိဘဲ အိမ်တွင်လည်း မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ တစ်စုံတစ်ရာတွေ့ရှိခဲ့ခြင်းမရှိကြောင်းသိရသည်။ သို့ပါ၍ မူးယစ်ဆေးဝါးများနှင့်အတူ ပြစ်မှုကျူးလွန်သူဝင်းနိုင်နှင့် အောင်ချစ်ထွေး (ပြေး)တို့ကို ဥပဒေအရ အရေးယူပေးနိုင်ပါရန် တိုင်တန်းထားကြောင်း သိရသည်။

ကျော်သီဟ


**မြန်မာ့ရပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

**ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားစာ**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ် ၇၆ နှင့် အညီ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ "က" အစုရှယ်ယာဝင်နှင့် "ခ" အစုရှယ်ယာဝင်များအားလုံးကိုယ်တိုင် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အမှုဆောင်ဒါရိုက်တာအဖွဲ့ ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါ၍ ကိုယ်တိုင်မတက်ရောက်နိုင်သူများသည် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၇၆ (၂)(ဆ) အရ အခြားအစုရှယ်ယာဝင်တစ်ဦးဦးကို ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်းနှင့်အညီ အစည်းအဝေး မကျင်းပမီ (၇၂)နာရီ ကြိုတင်စာရင်း ပေးသွင်း၍ ဆန္ဒမဲပေးနိုင်ရန်အလို့ငှာ ကိုယ်စားတက်ရောက်စေနိုင်ပါသည်။ ဆွေးနွေးလိုသည့် မေးခွန်းနှင့်အဆိုများကို (၇) ရက် ကြိုတင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

**နေ့ရက် – ၉ – ၁၂ – ၂၀၁၄ (အင်္ဂါနေ့)၊ အချိန် – နံနက် (၉:၀၀) နာရီမှ (၁၂:၀၀) နာရီ၊ နေရာ – ဆူးလေ(Shangri-La Hotel)**

အသေးစိတ်သိရှိလိုပါက စုံစမ်းရန် ဖုန်း-၀၉ ၂၅၄၂၀၂၀၃၀၊ ၀၁ ၃၉၈၀၈၁



**သားအဖြစ်မှစွန့်လွှတ်ခြင်း**

ကျွန်တော်၏သား မောင်အောင်ကျော်ဇံ ၅/မရန(နိုင်)၂၉၁၄၄၀သည် မိဘဆိုဆုံးမမှု မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးဟန်ခင်**

၅/ဆလက(နိုင်)၀၃၉၄၀၆







# ချယ်လ်ဆီးတို့အမှတ်ပြည့်ရနိုင်ပေမယ့် မန်ယူတို့ရင်ပူရဦးမယ့်ပွဲစဉ်

ပရီမီယာလိဂ်ပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၂၂ ရက်မှာ ယှဉ်ပြိုင်ကစားမှာမို့ ပရိသတ်တွေအတွက် အာဆင်နယ်နဲ့မန်ယူပွဲက စောင့်ကြိုနေပါတယ်။ ပရိသတ်တွေအားမလို အားမရဖြစ်နေတဲ့ မန်ယူရဲ့ ခြေစွမ်းအပေါ် ယုံကြည်မှုကင်းမဲ့နေတာကို ဘယ်လိုသက်သေပြမလဲဆိုတာ စိတ်ဝင်စားစရာပါ။

**အာဆယ်နယ်နှင့် မန်ယူ**

အာဆင်နယ်နဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှတ်တမ်းကိုကြည့်ရင် မန်ယူတို့ရှုံးပွဲမရှိပါဘူး။ ဒါပေမယ့် လက်ရှိခြေစွမ်းပိုင်းကနှစ်သင်းစလုံးအတွက် အားရစရာမရှိပါဘူး။ ဒဏ်ရာပြဿနာတွေနဲ့ ရင်ဆိုင်နေရတဲ့မန်ယူဟာ ဒီပွဲမှာပြင်းထန်တဲ့ ရုန်းကန်မှုတွေနဲ့ ဖြတ်သန်းရပါတော့မယ်။ အမှတ်လိုအပ်နေတဲ့အာဆင်နယ်ဟာ မန်ယူကို အကောင်းဆုံးကစားသမားတွေနဲ့ပွဲထွက်လာမှာဖြစ်လို့ မန်ယူတို့အမြင့်ဆုံးမျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

**ချယ်လ်ဆီးနှင့် ဝက်စ်ဘရွန်း**

ဝက်စ်ဘရွန်းဟာချယ်လ်ဆီးကိုအခက်တွေ့အောင်ကစားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ဒီနှစ်သင်းနောက်ဆုံးသုံးပွဲကစားထားမှုမှတ်တမ်းကို ကြည့်ရင် ချယ်လ်ဆီးတို့တစ်ပွဲသာနိုင်ထားပြီး သရေနှစ်ပွဲဖြစ်ထားပါတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာ ရှုံးပွဲမရှိသေးတဲ့ချယ်လ်ဆီးဟာ ဝက်စ်ဘရွန်းရဲ့ ခံစစ်ပိုင်းယိုပေါက်မှုကို ကောင်းကောင်းအသုံးချပြီး အမှတ်ပြည့်ယူဦးမှာပါ။

**မန်စီးတီးနှင့် ဆွမ်ဆီး**

မန်စီးတီးဟာ အိမ်ကွင်းမှာ တိုက်စစ်မှူးတွေ ဂိုးသွင်းစွမ်းရည်ကျဆင်းနေတတ်တာ သတိပြုရမှာပါ။ အဝေးကွင်းမှာ ရှုံးပွဲတွေနဲ့ ကြုံတွေ့နေရတဲ့ ဆွမ်ဆီးဟာ အခုပွဲမှာ မန်စီးတီးကွင်းမှာ အမှတ်ဗလာနဲ့ အိမ်ပြန်ရမယ့်ကိန်းပါပဲ။

**အဲဗာတန်နှင့် ဝက်စ်ဟမ်း**

အဲဗာတန်ဟာ ဝက်စ်ဟမ်းနဲ့ဆိုတိုင်း အနိုင်ကစားနိုင်တဲ့ ခြေစွမ်းရှိပါတယ်။ ဒါပေမယ့် ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းခြေစွမ်းကျဆင်းနေတဲ့ အဲဗာတန်ဟာ ဂိုးတွေ အလှူပေးသလိုဖြစ်နေတာမို့ အဝေးကွင်းမှာလည်း ခြေစွာနေတဲ့ ဝက်စ်ဟမ်းကို ပိုပြီးသဘောကျနေမိတာ အမှန်ပါ။

**လက်စတာနှင့် ဆန်းဒါးလန်း**

လက်စတာတို့ တန်းဆင်းဇုန်ထဲက ရုန်းထနိုင်မလား ကြည့်ရမယ့်ပွဲပါပဲ။ ဆန်းဒါးလန်းရဲ့ အဝေးကွင်းရလဒ်က အားရစရာမရှိတာမို့ လက်စတာတို့ အလေးထားကစားရင် ဒီပွဲမှာ အမှတ်ရနိုင်တဲ့ ပွဲဖြစ်ပါတယ်။

**စတုတ်နှင့် ဘန်လေ**

တစ်လှည့်စီအနိုင်ယူနေတဲ့ ဒီနှစ်သင်းရဲ့ ထိပ်တိုက်ဆုံတွေ့မှုက ပွဲကောင်းတစ်ပွဲအဖြစ် မြင်တွေ့ရမှာပါ။ တိုက်စစ်မှာထက်မြက်ပေမယ့် ခံစစ်ပိုင်းကျစ်လျစ်တဲ့ စတုတ်ကို ဘန်လေတိုက်စစ်မှူးတွေထိုးဖောက်ဖို့မလွယ်ပါဘူး။ ဘန်လေရဲ့ အဝေးကွင်းနိုင်ပွဲ ဈေးဦးမပေါက်သေးတဲ့ မှတ်တမ်းက ဒီအတိုင်းဆက်ရှိနေဦးမယ့် အနေအထားပါပဲ။

**နယူးကာဆယ်နှင့် ကျူပီအာ**

တန်းဆင်းဇုန်ထဲရောက်နေတဲ့ ကျူပီအာတို့ လက်ရှိခြေစွမ်းအရ နယူးကာဆယ်ကို ယှဉ်နိုင်ဖို့ မလွယ်ပါဘူး။ အိမ်ကွင်းရလဒ်ကောင်းတဲ့ နယူးကာဆယ်ဟာ ကျူပီအာကို ဒီပွဲမှာ အမှတ်ခွဲပေးမှာ မဟုတ်ပါဘူး။

**မိုးမြင့်လင်းလက်**

# အင်္ဂလန်အသင်းအောင်မြင်မှု နည်းပြကျေနပ်

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားတွင် အောင်မြင်မှုမရခဲ့သော်လည်း တိုးတက်မှုရှိသည့်အတွက် ကျေနပ်မိကြောင်း အင်္ဂလန်နည်းပြဟော့ဆင်က ပြောကြားသည်။ အင်္ဂလန်အသင်းသည် ဘရာဇီး၌ကျင်းပသော ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ကမ္ဘာ့ဖလားအပြီး အင်္ဂလန်အသင်းသည် ငါးပွဲဆက်တိုက်အနိုင်ရထားသည်။ အင်္ဂလန်အသင်းသည် ယူရို ၂၀၁၆ခြေစစ်ပွဲအဖြစ် ဆလိုဗေးနီးယားကို သုံးဂိုး-တစ်ဂိုးဖြင့် စနေနေ့က အနိုင်ကစားခဲ့သည်။ ယူရို ၂၀၁၆ ခြေစစ်ပွဲလေးပွဲကစားအပြီး အင်္ဂလန်အသင်းသည် အုပ်စု Eတွင် ၆မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။ သို့သော် တောင်အမေရိကတိုက်၌ ကျင်းပခဲ့သော ကမ္ဘာ့ဖလားတွင် စောစီးစွာထွက်ခဲ့ရခြင်းသည် မိမိတွင်တာဝန်ရှိကြောင်း နည်းပြရှိုင်းဟော့ဆင်က ပြောကြားသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

# ကွင်းလယ်ကစားသမားနှစ်ဦး အာဆင်နယ်ခေါ်ယူမည်

အာဆင်နယ်က ခရိုအေးရှားလက်ရွေးစင် မာဆယ်လိုဘရိုဇိုဗစ်အား ပေါင် ငါးသန်းဖြင့်စာချုပ်ချုပ်ရန် ပစ်မှတ်ထားလျက်ရှိသည်။ အသက် ၂၁ နှစ်အရွယ် ကွင်းလယ်ကစားသမား ဘရိုဇိုဗစ်အား ယူရို ၂၀၁၆ ခြေစစ်ပွဲအဖြစ် အီတလီအသင်းနှင့် ကစားခဲ့ရာတွင် စိတ်ဝင်စားခဲ့ပြီး ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။ ဘရိုဇိုဗစ်သည် ဒိုင်နမိုဇာဂရက်အသင်းတွင် ကစားလျက်ရှိသည်။ အာဆင်နယ်အသင်းအနေဖြင့် ပိုလန်ကွင်းလယ်ကစားသမား ခရိုင်ချိုဝိတ်ကိုလည်း ပေါင် ၂၄သန်းပေးခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ သို့သော်လည်း ခရိုင်ချိုဝိတ်အား အင်တာမီလန်နှင့်ဒေ့ါမွန်တို့နှင့် အပြိုင် ခေါ်ယူရဖွယ်ရှိသည်။ အသက် ၂၄နှစ်အရွယ်ရှိ ခရိုင်ချိုဝိတ်သည် ဆီဗီလာအသင်းနှင့်အတူ ခြေစွမ်းပြကစားလျက်ရှိရာ လာမည့် ဇန်နဝါရီလ ခေါ်ယူရေးကာလတွင် အာဆင်နယ်က ခေါ်ယူဖွယ်ရှိသည်။

## အာဖရိကဖလား အုပ်စုပွဲစဉ်များ (သီဟ)

**အာဖရိကဖလား အုပ်စု(က)** — **နိုဝင်ဘာ ၁၉**

| | | | |
|---|---|---|---|
| နိုင်ဂျီးရီးယား | - | တောင်အာဖရိက | ည ၁၁း၃၀ |
| ဆူဒန် | - | ကွန်ဂို | ည ၁၁း၃၀ |

**အာဖရိကဖလား အုပ်စု(ခ)** — **နိုဝင်ဘာ ၁၉**

| | | | |
|---|---|---|---|
| မာလီ | - | အယ်လ်ဂျီးရီးယား | ည ၁၁း၃၀ |
| အီသီယိုးပီးယား | - | မာလဝီ | ည ၁၁း၃၀ |

**အာဖရိကဖလား အုပ်စု(ဂ)** — **နိုဝင်ဘာ ၂၀**

| | | | |
|---|---|---|---|
| ဘာကီနာဖာဆို | - | အင်ဂိုလာ | နံနက် ၀၀း၃၀ |
| ဂါဘွန် | - | လီဆိုသို | နံနက် ၀၀း၃၀ |

**အာဖရိကဖလား အုပ်စု(ဃ)** — **နိုဝင်ဘာ ၁၉**

| | | | |
|---|---|---|---|
| အိုင်ဗရီကို့စ် | - | ကင်မရွန်း | ည ၈း၃၀ |
| ဒီအာကွန်ဂို | - | ဆီရာလီယွန်း | ည ၈း၃၀ |

**အာဖရိကဖလား အုပ်စု(င)** — **နိုဝင်ဘာ ၁၉**

| | | | |
|---|---|---|---|
| ဂါနာ | - | တိုဂို | ည ၁၀း၃၀ |
| ဂီနီ | - | ယူဂန္ဒာ | ည ၁၀း၃၀ |

**အာဖရိကဖလား အုပ်စု(စ)** — **နိုဝင်ဘာ ၁၉**

| | | | |
|---|---|---|---|
| ဇမ်ဘီယာ | - | ကိပ်ဗာဒီ | ည ၁၀း၀၀ |
| နိုင်ဂျာ | - | မိုဇမ်ဘစ် | ည ၁၀း၃၀ |

**အာဖရိကဖလား အုပ်စု(ဆ)** — **နိုဝင်ဘာ ၂၀**

| | | | |
|---|---|---|---|
| တူနီးရှား | - | အီဂျစ် | နံနက် ၁း၃၀ |
| ဆီနီဂေါ | - | ဘော့ဆွာနာ | နံနက် ၁း၃၀ |

**အုပ်စု(က)ရပ်တည်မှု**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | တောင်အာဖရိက | ၅ | ၃ | ၂ | ၀ | ၁၁ |
| ၂ | နိုင်ဂျီးရီးယား | ၅ | ၂ | ၁ | ၂ | ၇ |
| ၃ | ကွန်ဂို | ၅ | ၂ | ၁ | ၂ | ၇ |
| ၄ | ဆူဒန် | ၅ | ၁ | ၀ | ၄ | ၃ |

**အုပ်စု(ခ)ရပ်တည်မှု**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | အယ်လ်ဂျီးရီးယား | ၅ | ၅ | ၀ | ၀ | ၁၅ |
| ၂ | မာလီ | ၅ | ၂ | ၀ | ၃ | ၆ |
| ၃ | မာလဝီ | ၅ | ၂ | ၀ | ၃ | ၆ |
| ၄ | အီသီယိုးပီးယား | ၅ | ၁ | ၀ | ၄ | ၃ |

**အုပ်စု(ဂ)ရပ်တည်မှု**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ဘာကီနာဖာဆို | ၅ | ၃ | ၁ | ၁ | ၁၀ |
| ၂ | ဂါဘွန် | ၅ | ၂ | ၃ | ၀ | ၉ |
| ၃ | အင်ဂိုလာ | ၅ | ၁ | ၂ | ၂ | ၅ |
| ၄ | လီဆိုသို | ၅ | ၀ | ၂ | ၃ | ၂ |

# ၁၃၇၆ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ ဖိတ်စာထုတ်ယူရန်နှိုးဆော်

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပမည့် ၁၃၇၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို နိုဝင်ဘာ ၂၃ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီ၌ ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးစာပေပညာရှင်များနှင့် မြို့နယ်စာရေးဆရာအသင်းများ တက်ရောက်နိုင်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌ အတွင်းရေးမှူးများသည် နိုဝင်ဘာ ၁၉ ရက်မှစ၍ အမှတ် (၁၇၃/၁၇၅) ခုနစ်လွှာ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး၌ ဖိတ်စာများထုတ်ယူရန် နှိုးဆော်ထားကြောင်းသိရသည်။

**(မြန်မာ့အလင်း)**


## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ
ဦးမြင့်သန်း ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း)-ဒေါ်မြင့်မြင့်သိန်းတို့၏သားကြီး

**ဗိုလ်ကြီးသက်အောင်**

**B.Sc (D.S.A) (Physics), M.E(Tech) ME PhI (Russia)**

**နှင့်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ
ဒုတိယဗိုလ်မှူးကြီးစိန်အေး(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဝန်ကြီးရုံး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-ဒေါ်နိုင်နိုင်အေး
တို့၏ တစ်ဦးတည်းသော သမီး

**မချောစုစုနိုင်**

**B.Sc (Hons;) Physics, Dip.CA. IT Consultant Beter Life Co.,Ltd.**

တို့၏ ၁၄-၁၁-၂၀၁၄ ရက် လက်ထပ်မင်္ဂလာလက်မှတ်ရေးထိုးရာတွင် ဆောင်ရွက်ပေးပါသော တာမွေမြို့နယ်တရားရုံးတွဲဖက်မြို့နယ်တရားသူကြီး(၁) ဦးဇော်မင်းနိုင်အား လည်းကောင်း၊ အလိုတော်ပြည့်ကျောင်းတိုက်တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၁၆-၁၁-၂၀၁၄ရက် Sky Star Hotelတွင် ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ကုံးချီးမြှင့်ပေးပါသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့်ဇနီး ဒေါ်နီနီ၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနုတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးရန်ပိုင်စိုးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး ဒေါ်နှင်းရီသန့်၊ မင်္ဂလာတေးသံသာများဖြင့်သီဆိုဖျော်ဖြေညှော်ခံပေးပါသောရန်ပိုင်စိုးတေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မဖူးသဥ္ဇာလတ်၊ မင်္ဂလာအောင်စံပယ်ကုံးများ ကိုင်ဆောင်ပေးပါသော မသင်းယုလွင်၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးပါသော မဆုမြတ်မွန်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးအောင်ခိုင်ဇော်နှင့် ဗိုလ်ကြီးသိန်းဝေဖြိုး၊ မင်္ဂလာသတို့သမီးအရံမဇာခြည်ချမ်းမြေ့နှင့် မသက်စုစုလှိုင်၊ မိတ်ကပ်ဆံပင် အဆိုင်နှင့်ထွေးထွေး၊ ပန်းအလှဆင်ပေးပါသော ဦးပါနှင့်အဖွဲ့၊ Pre Wedding နှင့် မင်္ဂလာညှော်ခံပွဲမှတ်တမ်းတင် ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော ကိုကျော်သူဝင်း (Yes I do)နှင့်အဖွဲ့ မင်္ဂလာဝတ်စုံအားဖန်တီးပေးပါသော Marvelous Sky Star Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် မင်္ဂလာပွဲသို့ မအားလပ်သည့်ကြားမှ တက်ရောက်ချီးမြှင့်ပေးခဲ့ပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးသက်အောင်-မချောစုစုနိုင်**



**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383



## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၈၁၃၅၊ ၄ခ/၉၃၃၄၊ ၅ခ/၃၆၇၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**



တောင်ကြီးတက္ကသိုလ်
**နည်းပြ/သရုပ်ပြ ရာထူး ရေးဖြေ/လူတွေ့ စာမေးပွဲစစ်ဆေးမည့်**

## အစီအစဉ်ကြေညာခြင်း

၁။ စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ပေးမည့်ရက် -၂၀-၁၁-၂၀၁၄ ရက်မှ ၂၈-၁၁-၂၀၁၄ ရက်အထိ
၂။ **ရေးဖြေ ဖြေဆိုရမည့်ရက်** - ၃-၁၂-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)
၃။ **ဖြေဆိုမည့်ဘာသာ** - မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ
  (၁) **မြန်မာစာ** - နံနက် ၈း၃၀နာရီ မှ ၁၀း၃၀နာရီ
  (၂) **အင်္ဂလိပ်စာ** - နံနက်၁၁း၃၀ နာရီမှ မွန်းလွဲ ၁း၃၀နာရီ
  (၃) **အထွေထွေဗဟုသုတ** - မွန်းလွဲ ၂း၀၀နာရီမှ ညနေ၄း၀၀နာရီထိ
၄။ **ရေးဖြေ ဖြေဆိုရမည့်နေရာ** - တောင်ကြီးတက္ကသိုလ် မိုင်းပွန်ဆောင်(အခန်း-၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆)
၅။ **လူတွေ့/နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း ထုတ်ပြန်မည့်ရက်** - ၁၉-၁၂-၂၀၁၄ရက်(သောကြာနေ့)
၆။ **လူတွေ့/နှုတ်ဖြေစစ်ဆေးမည့်ရက်** - ၂၃-၁၂-၂၀၁၄ရက်(အင်္ဂါနေ့)နှင့် ၂၄-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)

အသေးစိတ်သိရှိလိုပါက တောင်ကြီးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း- ၀၈၁-၂၁၂၁၀၉၀၊ ၀၈၁-၂၁၂၂၇၁၄ လိုင်းခွဲ-၁၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**သင်တန်းရေးရာ**
**တောင်ကြီးတက္ကသိုလ်**



**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**



## တစ်ဦးတည်းဖြစ်ပါကြောင်း

အိမ်အမှတ် ၃၄၉ မင်္ဂလာလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်နေ ဦးတင်ဦး-ဒေါ်ဆွေဆွေဝင်း တို့၏သမီး မသက်ထားထားဆွေ (ခ)မခင်ရတနာဦးသည် တစ်ဦးတည်းဖြစ်ပါသည်။

ကြော်ငြာ


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
68 Residence
We Define Lifestyle
Developed By: UNITED GP
Development by GOLDEN PALACE
ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးဘွားပိုင်မြေ တစ်ကေပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
More than 82% Sold Out
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
• အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ LOW E-GLASS SYSTEM
• တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
• အဆင့်မြင့် SMART HOME SYSTEM နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
• အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်
PARTNERS
KBZ BANK ကမ္ဘောဇဘဏ်လီမိတက်
ZONE
SOMERSET SERVICED RESIDENCE Managed by The Ascott Limited
SOILBUILD GROUP HOLDINGS LTD.
OrangeTee
777Lux GROUP CO., LTD. Real Estate Advisory
1st Prize
(၂၅)ထပ်ရှိအိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း
2nd Prize
BMW 528 BRAND NEW
3rd Prize
GIA(3) ကာရက်ရှိစိန်လက်စွပ်တစ်ကွင်း
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ငလျှင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင် တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည့် အလွန်စိုင်မာသောရင်းနှီးမြှုပ်နှံမှု
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
ROOM TYPES SQFT
1 BEDROOM 750 Sqft
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft

# ရှင်ဥပဂုတ္တမထေရ်မြတ် ဆီမီးတစ်သိန်း ရေမျှောပူဇော်၊ လေ့ပြိုင်ပွဲများ ထည့်သွင်းကျင်းပ

**ပုသိမ် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က စတုတ္ထအကြိမ်မြောက် ရှင်ဥပဂုတ္တမထေရ်မြတ်အား မီးရှူး၊မီးပန်း၊ မီးပုံးပျံလွှတ်ပွဲနှင့် ဆီမီးတစ်သိန်း ရေမျှောပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက် ညနေ ၅နာရီက ပုသိမ်မြို့တော်ခန်းမ ရှုခင်းသာရင်ပြင်ရှေ့၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ တက်ရောက်ပြီး အိုးစည်၊ ဒိုးပတ်၊ အဆိုအကများဖြင့် ဖျော်ဖြေခဲ့သည်။



အဆိုပါအခမ်းအနားကို ညနေ ၅ နာရီတွင် ပဏာမဖျော်ဖြေရေးအဖြစ် ရွှေသောင်ယံမြို့နယ် ရခိုင်အမျိုးသားရိုးရာယဉ်ကျေးမှုအဖွဲ့က ဗုံရှည်၊ သံယိမ်းအဖွဲ့က ညွှတ်ခံဖျော်ဖြေကြပြီး ၂၀၁၄ခုနှစ် ဝန်ကြီးချုပ်ဖလားခြောက်ခရိုင်အမျိုးသားမီတာ၅၀၀ -၁၀ တက်လှေလှော်ပြိုင်ပွဲ ပထမဆုရရှိသော မအူပင်ခရိုင်၊ ဒုတိယဆုရရှိသော လပွတ္တာခရိုင်၊ တတိယဆုရရှိသော မြောင်းမြခရိုင်အသင်းနှင့် အမျိုးသမီးမီတာ ၅၀၀-၁၀ တက်လှေလှော်ပြိုင်ပွဲ၌ ပထမဆုရရှိသော မအူပင်ခရိုင်အသင်း၊ ဒုတိယဆု ရရှိသော မအူပင်ခရိုင်အသင်း၊ တတိယဆုရရှိသော မြောင်းမြခရိုင်အသင်းများက နဂါးလှေများဖြင့် ဝဲနမြစ်အတွင်း လှေလှော်အားကစား သရုပ်ပြလှော်ခတ်ကြသည်။ ထို့အပြင် လှေလှော်ပြိုင်ပွဲသမိုင်း၌ ပထမဆုံး ပြိုင်ပွဲဖြစ်သော မြန်မာ့ရိုးရာ နှစ်တက် တစ်ဦးချင်း ကူးတို့လှေ ၁၀ စင်း ရေဆန်/လေဆန် ပြိုင်ပွဲက မြန်မာတို့၏ ဇာတိသွေးဇာတိမာန် ဖော်ကျူးထားသော လှေပြိုင်ပွဲဖြစ်ခြင်းကြောင့် ပြည်သူအပေါင်းက ကမ်းလုံးညွှတ်မျှ အားပေးကြသည်။

ပုသိမ်မြို့ ကမ်းနားတစ်လျှောက်တွင် ကရင်အမျိုးသားရိုးရာယဉ်ကျေးမှုအဖွဲ့၏ ဒိုးယိမ်းအကပြိုင်ပွဲ၊ ရခိုင်အမျိုးသားယဉ်ကျေးမှုအဖွဲ့၏ ဆီမီးခွက်ယိမ်းအက၊ ကျောက်ဆည်မြို့မှ ဆင်အကအဖွဲ့၊ ပညာအလင်္ကာမြန်မာ့တေးဂီတအဖွဲ့များဖြင့် စည်ကားသကဲ့သို့ စတုဒိသာမဏ္ဍပ်ပေါင်း ၆၀ တို့နှင့် ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ် ဘာသာရေးအဖွဲ့တို့က လည်းကျွေးမွေးလှူဒါန်းကြသည်။

ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆီမီးတစ်သိန်း ရေမျှော ပူဇော်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အမွှေးနံ့သာ၊ ချိုချဉ်၊ သစ်သီး၊ ပန်း၊ ဆီမီးစုံလင်စွာဖြင့် ပူဇော်၍ ဖွင့်လှစ်ရာ ဝဲနမြစ်ကြောင်းအထက် အမှတ်(၁) ဗောတံတားမှ တိုင်းရင်းသားပေါင်းစုံ ယိမ်းအဖွဲ့၊ လှေလှော်သံယိမ်း၊ တက်ခုတ်သံ ယိမ်းအဖွဲ့များနှင့် ကျေးလက်တောရွာများမှ ပရိသတ်အဖွဲ့များက လှေကြီးလှေငယ်များဖြင့် ရှင်ဥပဂုတ္တမထေရ်မြတ်၏ ဖောင်တော်အား ပင့်ဆောင်လာစဉ် ဝဲနမြစ်ကမ်းဝဲယာမှ ပြည်သူအပေါင်းက မီးရှူး၊ မီးပန်း၊ မီးပုံးပျံများ ပစ်လွှတ်၍ ဆီမီးတစ်သိန်း ရေမျှောပူဇော်ကြပြီး "ကမ္ဘာတစ်ခွင် အေးချမ်းသာယာရှိကြပါစေ၊ ဆန်ရေစပါး ပေါကြွယ်ဝပါစေ၊ သူတော်ကောင်းစိတ်ဓာတ်လွှမ်းမိုးပါစေ"ပါကြောင်း ဆုတောင်းမေတ္တာသံများသည် ရောင်စုံဆီမီးခွက်နှင့်အတူ ပုသိမ်ကမ်းခြေ ဝဲနမြစ် ရေအလျဉ်တွင် စီးမျောလျက်ရှိသည်မှာ လွန်စွာ ငြိမ်းချမ်းသာယာဖွယ်အတိ ဖြစ်ပါသည်။

**ပုသိမ်-လှကြည်**

# မူးယစ်ဆေးဝါးဆန့်ကျင်ရေး (MANA)မှ ပညာပေးဟောပြော

**ပခုက္ကူ နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ပခုက္ကူခရိုင်)မှ ကြီးမှူးကျင်းပသော ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အလက(၃)ကျောင်း သီတာခန်းမ၌ ကျင်းပရာ ပခုက္ကူခရိုင်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းအောင်နှင့် အသင်းဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ကြီး ဦးသန်းမြင့်ကျော်က မိတ်ဆက်အမှာစကား ပြောကြားပြီး ပခုက္ကူခရိုင် (MANA) အသင်းဥက္ကဋ္ဌ ဦးလှဝင်းအောင်က မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအကြောင်းကို လည်းကောင်း၊ ပခုက္ကူ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ညွှန့်ဇော်က မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှောင်ခိုကူးမှုဆိုင်ရာများကိုလည်းကောင်း၊(MANA) အဖွဲ့ဝင် ဒေါက်တာဌေးလှိုင်က မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာ ကိုလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးမှုကို ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှူးရုံးမှ ဒုတိယရဲအုပ်ဝင်းခိုင်က လည်းကောင်း ပညာပေးဟောပြောခဲ့ကြောင်းသိရသည်။

**အောင်(မန်းတက္ကသိုလ်)**



# ဂုံးထောင်ကျေးရွာအတွင်း ရေလှောင်ကန်မှ သောက်သုံးရေများ နေ့စဉ်ပေးဝေ

**နေပြည်တော် နိုဝင်ဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဥယျာဉ်စုကျေးရွာအုပ်စု ဂုံးထောင်ကျေးရွာတွင် ၂၀၁၄ခုနှစ် ဇွန်လ၌ ရေလှောင်ကန်တူးဖော်လျက်ရှိရာ ယခုအခါ ကျေးရွာအတွင်း အိမ်ထောင်စု ၁၁စုကို နေ့စဉ်ရေချိုများကို ရေပိုက်လိုင်းများဖြင့် အဆက်မပြတ် ပေးဝေလျက်ရှိပြီး ပိုလျှံရေများကိုကျေးရွာအနီးရှိ ရုံးပင်ချောင်းအတွင်းသို့ ပိုက်လိုင်းများဖြင့် ပေးပို့လျက်ရှိသောကြောင့် ကျေးရွာအတွင်း ရေဝပ်ဧရိယာများမရှိကြောင်း၊ ရွာသူ ရွာသားများအနေဖြင့် အချိန်မရွေး အသုံးပြုနိုင်သောကြောင့် ဝမ်းသာလျက်ရှိကြောင်း ယင်းကျေးရွာနေ မလှဝင်းက ပြောသည်။

အဆိုပါ ရေလှောင်ကန်ကို လေးလက်မပိုက်လုံးဖြင့်စတင်တူးဖော်ပြီး နှစ်လက်မ ပိုက်လုံးကို စိုက်ထူထားလျက်ရှိကြောင်း၊ ပေ ၂၈၀တွင် ရေလှောင်ကန်ရရှိကြောင်းနှင့် ကုန်ကျငွေကျပ် ၁၀ သိန်းခန့်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လွိုင်လင်မြို့နယ် ကွတ်ချိုးနယ်မြေ လျှပ်စစ်မီးလင်းပြီ

**လွိုင်လင် နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကွတ်ချိုးကျေးရွာ (ကွတ်ချိုးနယ်မြေ) ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က အဆိုပါကျေးရွာ ထရန်စဖော်မာအနီးရှိ ယာယီမဏ္ဍပ်၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယနေ့သည် ကွတ်ချိုးကျေးရွာ၏ မင်္ဂလာရှိသောနေ့ရက်ဖြစ်ပါကြောင်း၊ ကျေးရွာမီးလင်းရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အပါအဝင် မိမိတို့ကျေးရွာပြည်သူများ၏ ချွေးနဲ့စာတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့၍ ဝမ်းသာဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ကျေးလက်မီးလင်းရေး ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကျေးရွာမှ ပြည်သူတစ်ဦးက "ကျွန်တော်ဒီရွာမှာ မွေး၊ ဒီရွာမှာကြီးပြင်းခဲ့တာပါ။ ကျွန်တော်တို့ငယ်စဉ်ကတည်းက လျှပ်စစ်မီးရရှိရေးအတွက် မျှော်လင့်စောင့်စားခဲ့တာကြာပါပြီ၊အခု ဒီနေ့ မီးလင်းပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပတဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။ ကျွန်တော်တို့အင်အားနဲ့ဆို ဒီလုပ်ငန်းက မအောင်မြင်နိုင်ပါဘူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဆီကနေ အတိုးနှုန်းသက်သက်သာသာနဲ့ ချေးငွေရရှိလို့ အခုလိုအမြန်ဆုံး အကောင်အထည်ပေါ်လာတာပါ၊ ရှမ်းပြည်နယ်အစိုးရနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

**မိုးလွင်ဦး (လွိုင်လင်)**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/7119, SHAN MIN THAR(SMT-01),P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၅/မရန(နိုင်)၀၀၃၃၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးတင့် ၅/ဝလန(နိုင်)၀၂၅၉၇၈၊ ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ အိန္ဒာရပ်နေထိုင်သူသည် ဝက်လက်မြို့နယ်၊ မုဆိုးခြုံကျေးရွာ၊ ဘူတာရွာရှိ ယင်းမာကန်ရွာမ၊ ကွင်းအမှတ်-၃၃၂၃၊ ဧရိယာ ၃ဒသမ ၂၄ဧက၊ စက်ဝင်းမြေနှင့် အဆိုပါဝင်းမြေပေါ်ရှိ အဆောက်အအုံအားလုံး၊ အကျိုးခံစားခွင့်အားလုံးအား လွှန်ခဲ့သော ၂၅-၅-၂၀၀၃ခုနှစ်က ဦးကျော်ငွေ၏ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သည့်အချိန်မှစ၍ ယနေ့ထိ အဆိုပါဝင်းမြေပေါ်တွင် ချမ်းမြေ့အောင်အမည်ဖြင့် ဆန်စက်လုပ်ငန်းကို လုပ်ကိုင်နေထိုင်လျက်ရှိပါသည်။ အဆိုပါဝင်းမြေသည် မြေစာရင်းဌာနတွင် ဒေါ်ဒေါ်ပုံ အမည်ပေါက်လျက်ရှိနေပါသည်။ သို့အတွက် ယနေ့တွင် ဒေါ်ဒေါ်ပုံ၏အမည်မှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးတင့်၏အမည်သို့ ပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို သက်သေအထောက်အထား ခိုင်လုံစွာဖြင့်လည်းကောင်း၊ စာရွက်စာတမ်းမူရင်းများဖြင့်လည်းကောင်း ကျွန်ုပ်၏ထံသို့ သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစိုးတင့်**
**၅/ဝလန(နိုင်)၀၂၅၉၇၈**
**အမှတ်(၃)ရပ်ကွက်၊ အိန္ဒာရပ်၊ ရွှေဘိုမြို့။**

**အမှုလွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်အောင် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၂၆၃၆၉)**
**အမှတ်(၃)ရပ်ကွက်၊ လမ်းမတော်၊ ရွှေဘိုမြို့၊**
**ဖုန်း-၀၉-၄၀၀၄၇၁၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၆)၊ အကွက်အမှတ်(၁၀/ဃ)၊ (အထက-၄)၊ ရှေ့ဦးပိုင်အမှတ်(၅)၊ အိမ်အမှတ် ၁၇၀၊ ဘူတာလမ်း၊ ဧရိယာ ၀ဒသမ ၃၆၃ဧကတွင် နေထိုင်သူ ဒေါ်ညိုညိုလွင် ၁၃/လရန(နိုင်)၀၅၈၆၁၂မှ အိမ်မြေဂရန်ရရှိရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အောက်ပါလိပ်စာသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ညိုညိုလွင်**
**အမှတ် ၁၇၀၊ နယ်မြေ(၆)၊ ရပ်ကွက်(၁၀)၊ လားရှိုးမြို့၊**
**ဖုန်း-၀၉-၂၅၆၀၇၀၄၅၈၊ ၀၈၂-၂၃၅၉၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဃ၊ မြေကွက်အမှတ် ၃၂၂/၂၊ ဧရိယာ(၂၀'×၆၀')အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၂၂/၂၊ သုမင်္ဂလာလမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အိမ်နှင့်မြေမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၅၃၀၃/၂၀၁၂ ဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မင်းထွန်း ၁၂/လမတ(နိုင်)၀၃၁၀၅၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်လှလှလွင်** | **ဦးအောင်ကျော်ကျော်မြတ်** | **ဒေါ်လဲ့လဲ့ဝင်း** |
| **(စဉ်-၅၇၇၃)** | **(စဉ်-၂၇၀၀၉)** | **(စဉ်-၃၉၈၈၀)** |
| **ဒေါ်လွင်မာ** | **ဦးထွန်းထွန်းနိုင်** | **ဒေါ်ဆုမွန်ထက်** |
| **(စဉ်-၈၉၀၉)** | **(စဉ်-၃၅၅၃၄)** | **(စဉ်-၄၁၆၀၁)** |
| **တရားလွှတ်တော်ရှေ့နေများ** | **ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)** | |
| **အမှတ် ၅၅(ဒုတိယထပ်)၊ အခန်း ၇၊** | **အထက်တန်းရှေ့နေများ** | |

**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၆)၊ အကွက်အမှတ်(အမက-၁၇ ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၇၇၇)+(၇၇၈)+(၇၇၉) မြေချိန်ဧရိယာ ၀ဒသမ ၀၆၈ဧကစီရှိ မြေကွက်(၃)ကွက်မှာ ဦးကျောက်ကျီးချိန် KKI-၀၉၁၄၉၁ ၏အမည်ဖြင့် မြေဂရန်အမည်ပေါက်ပြီး အဆိုပါ မြေဂရန်များပျောက်ဆုံးသွား၍ အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ **ဦးကျောက်ကျီးချိန်**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**မိုးညှင်းခရိုင်တရားမရုံး၌**
**၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၄**
**ကွယ်လွန်သူ ဦးခင်မောင်ထွေးတွင် ကျန်ရစ်သောပစ္စည်းများအကြောင်း**

ဒေါ်အေးကြူ **လျှောက်ထားသူ**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ရှရော်ခရွာနေ ဒေါ်အေးကြူက ကွယ်လွန်သူ ဦးခင်မောင်ထွေး၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ ဖားကန့်မြို့၊ ရှရော်ခရွာနေ ဦးခင်မောင်ထွေးတွင်ကျန်ရစ်သော ဖားကန့်မြို့၊ ကမ္ဘောဇဘဏ်၌စုဆောင်းထားသည့်ငွေပေါင်း ၂၂,၂၂၆,၀၆၀ ကျပ်နှင့် ၂၇ ပြားအား ထုတ်ယူခွင့်ရရန်အတွက် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးတွင် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေရန် ကြော်ငြာသည်မှာ ကွယ်လွန်သူ ဦးခင်မောင်ထွေးတွင် ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူအားလုံးသည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၂ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၆ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်အေးကြူ၏ လျှောက်ချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်ကို စီရင်ဆုံးဖြတ်မည်ဖြစ်သည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စာထွန်း)**
**ခရိုင်တရားသူကြီး**
**မိုးညှင်းခရိုင်တရားရုံး**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ဗန်းမောက်၌ ကလပ်ချောင်းကူးတံတား ဆောက်လုပ်ပြီးစီး၍ လမ်းပန်းဆက်သွယ်ရေးလွယ်ကူ



**ဗန်းမောက် နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် သရက်ကုန်းနှင့်ပါသက်ကြားတွင်ရှိသော ကလပ်ချောင်း ပေါင်းကူးသစ်သားတံတားကို တည်ဆောက်ပြီးဖြစ်၍ ဒေသခံများ ရာသီမရွေး သွားလာရေးများ လွယ်ကူတော့မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ အရင်ကဆိုရင် ပွင့်လင်းရာသီမှာတော့ လမ်းပန်းဆက်သွယ်သွားလာရေးတွေဟာ လွယ်ကူတယ်၊ မိုးရာသီကာလမှာတော့ အဆင်မပြေဘူး၊ ဘာကြောင့်လဲဆိုတော့ မိုးရွာလို့ ရေကြီးရေလျှံခြင်းဖြစ်ပေါ်ရင် ကလပ်ချောင်းဟာ တောင်ကျ ချောင်းရေဖြစ်တဲ့ အလျောက်ရေစီးကလည်း အတော်လေးသန်တယ်။ ရေစီးသန်တော့ ဖြတ်သန်းသွားလာလို့ မရကြဘူး။ အခု ဗန်းမောက်မြို့နယ် ရန်ပုံငွေထဲက သိန်း ၅၀ ကို မတည်ပြီး သရက်ကုန်းနဲ့ ပါသက်ရွာကြားမှာရှိတဲ့ကလပ်ချောင်း ပေါင်းကူးသစ်သားတံတားကို အလျား ပေ ၂၂၀၊ အနံ အကျယ် ခြောက်ပေ သုံးလက်မ၊ အမြင့်ပေ ၂၄ ပေရှိတဲ့ တံတားကို ဒေသခံပြည်သူတွေနဲ့ ဗန်းမောက်မြို့နယ် တာဝန်ရှိသူများက ပူးပေါင်းဆောက်လုပ်ခဲ့ကြပါတယ်။

တံတားကို စတင်ဆောက်လုပ်ခဲ့တာကတော့ ပွင့်လင်းရာသီ ဧပြီလက စတင်ခဲ့တယ်ဆိုပေမယ့် တံတားဆောက်လုပ်လို့ ပြီးစီးခဲ့တာကတော့ အခုနိုဝင်ဘာလအတွင်းမှာ ဖြစ်ပါတယ်။ ဆိုင်ကယ်နဲ့ လူကူးသစ်သားတံတားကြီးပြီးသွားပြီဖြစ်လို့ ဒေသခံတွေအတွက်လည်း ရာသီမရွေး နေ့နေ့ညည ဆက်သွယ်သွားလာလို့ရပြီဖြစ်ပါတယ်" ဟု ဗန်းမောက်မြို့နယ် ပါသက်ကျေးရွာ ရပ်မိရပ်ဖ ဦးသင်းဖေက ပြောကြားခဲ့သည်။

ယခုအခါတွင် ကလပ်ချောင်း ပေါင်းကူးတံတားကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# ထူးချွန်ကျောင်းသူများ စင်ကာပူနိုင်ငံခရီးစဉ် အတွေ့အကြုံရှင်းပွဲနှင့် ဆုချီးမြှင့်ပွဲ သန်လျင်၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘက်စုံထူးချွန် (လူရည်ချွန်)နှင့် တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင် မသင်းနွယ်ဇင်နှင့် မခင်ငြိမ်းချမ်းအေးတို့က စင်ကာပူနိုင်ငံ လေ့လာရေးခရီးစဉ်အတွေ့အကြုံ ရှင်းလင်းပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီက သန်လျင်အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင် အဖွဲ့နာယကဦးတင်ဝင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးမြဆွေတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဘက်စုံထူးချွန် (လူရည်ချွန်)နှင့် တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင် မသင်းနွယ်ဇင်နှင့် မခင်ငြိမ်းချမ်းအေးတို့က စင်ကာပူနိုင်ငံ လေ့လာရေးခရီးစဉ်အတွေ့အကြုံများ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သန်လျင် အထက(၁)မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဘက်စုံထူးချွန် (လူရည်ချွန်) တစ်ဦး၊ တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် လေးဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ တန်းချုပ်တံခွန်စိုက်ဆု၊ ခွင့်ရက်မပျက် ဆရာ ဆရာမများ၊ ဖွံ့ဖြိုးရေးထူးချွန်ဆု၊ တန်းခွဲထူးချွန်ဆုရရှိသူများကို နာယက ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# မိသားစုအား ရဲဒင်းနှင့်ခုတ်ပြီး ထွက်ပြေးတိမ်းရှောင်သူအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**တာလေ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့ မဟိုဆန်ခါ(၁)ရွာ၌ နိုဝင်ဘာ ၁၄ ရက်က အတူနေ မိသားစုအား ရဲဒင်းဖြင့်ခုတ်ပြီး ထွက်ပြေး တိမ်းရှောင်နေသူထံမှ တူမီးသေနတ်နှင့် လက်ပစ်ဗုံးများ ဖမ်းဆီးရမိကြောင်း သိရသည်။

တာလေနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မျိုးထွန်းဦးစီးအဖွဲ့၊ ကျာကူနီ ပြည်သူ့စစ်ငါးဦးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် မဟိုဆန်ခါ(၁)ရွာသို့ ထွက်ခွာလာခဲ့ရာ ရဲစခန်းအနောက်တောင်ဘက် ခြောက်မိုင်ခန့်အကွာ တောင်သုံးလုံးအပေါ်ရွာနှင့် အလယ်ရွာကြား တောင်တက်လမ်းတွင် လောဖကို ထိုင်းနိုင်ငံလုပ် ဟွန်ဒါဝေ့ဗ် ၁၀၀ နက်ပြာရောင် ဆိုင်ကယ်ဖြင့် စီးနင်းလာသည်ကို တွေ့ရှိရ၍ ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။

ထွက်ပြေး တိမ်းရှောင်သူ၏ ကျောတွင် လွယ်ထားသော အရှည်ငါးပေခန့်ရှိ တူမီးသေနတ်တစ်လက်၊ လွယ်ထားသော အာခါလွယ်အိတ်အတွင်းမှ တရုတ်နိုင်ငံလုပ် ဖြူးစ်တပ်လျက် အစိမ်းရောင် လက်ပစ်ဗုံးနှစ်လုံး၊ ယမ်းများထည့်ထားသော ပလတ်စတစ်ဘူးတစ်ဘူးတို့ကို ရှာဖွေတွေ့ရှိရသဖြင့် သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး အမှုမှ တရားမဝင် တူမီးသေနတ်နှင့် လက်ပစ်ဗုံးများ ကိုင်ဆောင်သူ လောဖ (၄၀ နှစ်) မဟိုဆန်ခါ (၁)ရွာ နားယောင်းအုပ်စု တာလေမြို့နေသူကိုတာလေနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ဒေါင်ဖန်းမီးသတ်ယာဉ်နှင့် CNJ ရေသယ်ယာဉ် လွှဲပြောင်း

**သာစည် နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချထားပေးသော ဒေါင်ဖန်းမီးသတ်ယာဉ်နှင့် CNJရေသယ်ယာဉ်တို့ကို မိတ္ထီလာခရိုင် သာစည်မြို့နယ် ယင်းမာပင်တိုက်နယ်သို့ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီက သာစည်မြို့နယ် မီးသတ်ဌာန၌ ကျင်းပသည်။

အဆိုပါ မီးသတ်ယာဉ်များ ထားရှိရန်အတွက် သာစည်မြို့နယ် ယင်းမာပင်တိုက်နယ်တွင် နယ်မြေမီးသတ်စခန်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး နယ်မြေမီးသတ်စခန်းအတွက် အလျားပေ ၁၀၀၊ အနံ ပေ ၄၀ မြေနေရာကို အလှူရှင် ဦးဝင်းကျော်သူရက လှူဒါန်းသည်။ မီးသတ်ယာဉ်နှင့် ဝန်ထမ်း အိမ်ရာအတွက် အလျား ၃၅ ပေ၊ အနံ ၂၅ ပေ အဆောက်အအုံကို ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင် ငွေများဖြင့် ဆောက်လုပ်ထားရှိကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**


# ဂုဏ်ယူဝမ်းမြောက်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ နဂါးရပ်ကွက်၊ လမ်း ၆၀၊ ၃၄လမ်း×၃၅လမ်းကြားနေ ဦးခင်မောင်ညို(ဥပဒေ) LL.B, D.B.L, D.I.L, PG,Dip in English(MUFL) (အောင်ဟိန်း၊ ရာထူးဝင်ခွင့်သင်တန်း)မှ ၂၀၁၄ခုနှစ် ဥပဒေအရာရှိအဆင့်(၄) ဝင်ခွင့်စာမေးပွဲကို မေတ္တာစေတနာဖြင့် သင်ကြားပို့ချခဲ့ရာ ရေးဖြေ ၄၈ ဦး အောင်မြင်ခဲ့ပြီး၊ နှုတ်ဖြေ ၄၅ ဦး အောင်မြင်အောင် သင်ကြားပေးခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-** ၀၉-၂၀၆၃၂၂၉၊ ၀၉-၉၁၀၁၂၉၆၆၊ ၀၉-၄၀၂၅၈၆၆၃၂

**ဥပဒေအရာရှိအဆင့်-၄များ**
**လုပ်ငန်းခွင်သင်တန်းအမှတ်စဉ် ၂/၂၀၁၄**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်**



# အထက ပုတီးကုန်းမြို့၊ မြတ်ဆရာပူဇော်ပွဲ

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းမြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အထက ပုတီးကုန်း မြည်လာခန်းမ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ပွဲအကြို မိတ်ဆုံညစာစားပွဲ** - ၂၆-၁၂-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၆:၀၀ နာရီ
**အရဟံဆွမ်းကပ်၊ တရားတော်နာ** - ၂၇-၁၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၅:၃၀ နာရီ
**မြတ်ဆရာပူဇော်ပွဲအခမ်းအနား** - ၂၇-၁၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၉:၀၀ နာရီ

ဆရာကြီး ဆရာမကြီးများအား မွန်းတည့်စာဖြင့်ဧည့်ခံပြီး ကျောင်းသား ကျောင်းသူဟောင်းများအား ပုတီးကုန်းထမင်းသုပ်ဖြင့် ဧည့်ခံပါမည်။

**အလှူငွေများကို အောက်ပါဖုန်းများထံဆက်သွယ်၍ လှူဒါန်းပေးပါရန် နှိုးဆော်အပ်ပါသည်။**

| | | | |
|---|---|---|---|
| ဦးမောင်မောင် | ဖုန်း-၀၉-၃၁၄၅၀၄၁၀ (ပုတီးကုန်း) | ဦးဇော်ကြီး | ဖုန်း-၀၉-၄၄၈၀၂၁၆၀၆ (ရန်ကုန်) |
| ဦးမိုးမိုးကျော် | ဖုန်း-၀၉-၃၁၆၆၇၆၉၃ (ပုတီးကုန်း) | ဦးလွင်ဦး | ဖုန်း-၀၉-၅၄၁၅၉၀၇ (ရန်ကုန်) |
| ဦးမြင့်ထွန်းအောင် | ဖုန်း-၀၉-၃၁၅၉၅၃၀၅ (ပုတီးကုန်း) | ဦးမျိုးမြင့်စန်း | ဖုန်း-၀၉-၅၄၁၂၀၃၃ (ရန်ကုန်) |
| ဦးဝင်းကိုကို | ဖုန်း-၀၉-၄၂၃၆၉၇၀၆၄ (ပုတီးကုန်း) | ဦးကျော်ဆွေဝင်း | ဖုန်း-၀၉-၇၃၂၁၈၆၀၉ (ရန်ကုန်) |
| ဦးသိန်းထွန်းအောင် | ဖုန်း-၀၉-၄၂၃၇၅၄၆၉၈နှင့် | ဒေါ်ရီရီသွင် | ဖုန်း-၀၉-၇၃၀၈၈၇၁၉ (ရန်ကုန်) |

ရိုးမဘဏ်(ပေါင်းတည်) ၀၅၁၃၁၅၀၀၄၁၇၈

**မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ် ၁၁၃၁၊ မြေကွက်တည်နေရာအမှတ် ၁၁၃၁၊ ရေဝတီလမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံတောင် ဦးယုမောင် ၁၂/လကန(နိုင်)၀၃၃၃၃၄-ဒေါ်တင်စိန် ၁၂/လကန(နိုင်)၀၃၃၃၂၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးယုမောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်တင်စိန် ၁၂/လကန(နိုင်)၀၃၃၃၂၉ က တရားဝင် တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ၎င်းထံမှ G.Pအမှတ် ၂၁၆၀/၁၄ဖြင့်ရရှိသူ ဦးမြင့်ဦး ၁၂/ပဇတ(နိုင်)၀၂၂၇၅၃က ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၆၈၂၄၂ ယာဉ်လက်ဝယ်ရှိသူ Sabai Thinn Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နိုင်ငံတော်နှင့်အတူ သစ်တောသစ်ပင်များ စိုက်ပျိုးမည်



**သီပေါ နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ခြေမြစ်ပင် ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အစီအစဉ်အရ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိမ်းညိမ်းခိုင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် ဦးစီးအရာရှိ ဦးတက်တိုးအောင်နှင့် စာရေးဆရာ ဇာဏီဟိန်း (သီပေါ)တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဟောပြောကြသည်။

"ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယခုလို ကျွန်တော်တို့ကျေးရွာကို လာရောက် အသိပညာပေးကြတဲ့အတွက် များစွာကျေးဇူးတင်ပါတယ်။ နိုင်ငံနှင့်အဝန်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တည်ဆောက် ပြုပြင်ရေး လုပ်ငန်းများမှာလည်း မြို့ပြနှင့်အလားတူ ကျေးလက်ဒေသများပါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် အဆောက်အအုံများဆောက်လုပ်ရန် အဓိကလိုအပ်တဲ့ ထုံးထုတ်လုပ်မှုလုပ်ငန်းဟာ ထင်းလောင်စာ ရှားပါးလာမှုကြောင့် ကုန်ထုတ်လုပ်မှုကျဆင်းပြီး စားဝတ်နေရေး အခက်အခဲရှိလာပါတယ်"ဟု ခြေမြစ်ပင်ကျေးရွာမှ ထုံးလုပ်သား ဦးမြင့်ဇော်ဦးက ပြောသည်။

ဒေသခံတစ်ဦးဖြစ်သူ ဦးဝင်းမောင်ကလည်း "ထင်းလောင်စာရရှိဖို့အတွက် ကျေးလက်နေ မိမိတို့ပြည်သူတွေက နိုင်ငံတော်နဲ့အတူ သစ်တောပြုန်းတီးနေတဲ့ မြေလွတ်၊ မြေရိုင်းတွေ၊ ပျက်စီးနေတဲ့ ကာကွယ်တောတွေမှာ သစ်ပင်၊ သစ်တောတွေ ပြန်လည်စိုက်ပျိုးပြီး သစ်တောစိုက်ခင်းတွေ ပြန်လည်ထူထောင်လိုပါတယ်" ဟု ပြောသည်။

ထို့နောက် ကျေးလက်ပြည်သူများ၏ တင်ပြချက်များအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းကြပြီး ထင်းစိုက်ခင်းကို စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ရှမ်းပြည်နယ် ထင်းစိုက်ခင်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုကို ခံယူ၍ ထင်းစိုက်ခင်း ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဟုဆိုသည်။

လုပ်ငန်းသုံး ထင်းစိုက်ခင်းများ စိုက်ပျိုး ထူထောင်ရန် နောင်ချိုမြို့နယ် ကြိမ်ဂနိုင်ကျေးရွာအုပ်စု ခြေမြစ်ပင် ကျေးရွာမှ ထုံးလုပ်သား ဒေသခံ ၅၄ ဦးတို့က အစုအဖွဲ့၏ ထင်းစိုက်ခင်း ဧက ၆၀၀ အသုံးပြုခွင့်ရရှိရေးအတွက် နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနသို့ တင်ပြတောင်းခံထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# (၉၄) နှစ်မြောက် အမျိုးသားနေ့အခမ်းအနား သထုံ၌ ကျင်းပ

**သထုံ နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် သထုံမြို့နယ်၏ (၉၄) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်၌ကျင်းပရာ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ဖတ်ကြားပြီး အခြေခံကျောင်းများအလိုက် ကျင်းပခဲ့သည့် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲနှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများမှ ဆုရကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မိုဘိုင်းဖုန်းခိုးသူအား စစ်ဆေးရာမှ အခြားခိုးမှုများဖော်ထုတ်နိုင်ခဲ့

**တာချီလိတ် နိုဝင်ဘာ ၁၈**

**ထပ်မံပေါ်ပေါက်**

တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက်၌ နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက မိုဘိုင်းဖုန်းခိုးသူအား စစ်ဆေးရာမှ အခြားနေရာမှ ခိုးယူထားသော မိုဘိုင်းဖုန်းများ ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်နေ ကိုဝင်းကိုသည် နိုဝင်ဘာ ၅ ရက်က ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ဒေါ်စုစုဝင်းနေအိမ် ဆောက်လုပ်ရေးအလုပ် ဆိုက်ထဲတွင် ညအိပ်နေစဉ် ၎င်းပိုင်ဆိုင်သည့် Huawei စာတန်းပါ ဖုန်းကို ခေါင်းရင်း၌ ထားရှိစဉ် နံနက် ၂ နာရီကျော်ခန့်တွင် ကြည့်သောအခါ မတွေ့တော့ကြောင်း သိရှိရသဖြင့် လိုက်လံစုံစမ်းခဲ့ရာ ဇင်မင်းသူဆိုသူ ခိုးယူသွားကြောင်း သိရသဖြင့် ကိုဝင်းကိုက တရားလိုပြုလုပ်၍ အရေးယူပေးပါရန် တိုင်တန်းခဲ့ရာ မိုဘိုင်းဖုန်းခိုးယူသူ ဇင်မင်းသူ (၂၃ နှစ်) သာယာစုရွာ ဖေယျာသီရိမြို့ နေပြည်တော်နေသူကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ပြီး ဆက်လက်စစ်ဆေးရာ ပိုင်ဆိုင်ကြောင်းအထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိဘဲ မိုဘိုင်းဖုန်းသုံးလုံးကို ခိုးယူထားကြောင်း ထပ်မံပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# နှစ်လယ်ပညာရေးဆွေးနွေးပွဲဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ကျောင်းများတွင် သင်ကြားသင်ယူမှုဝန်းကျင် ပိုမိုတိုးတက်ကောင်းမွန်လာစေရေး နှစ်လည်ပညာရေးဆွေးနွေးပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ ရန်ကင်းပညာရေးကောလိပ်တွင် ကျင်းပသည်။

အစီအစဉ်အရ ပညာတန်ဆောင်အဖွဲ့ အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးသန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗြိတိသျှကောင်စီမှ Country Director KEVIN MACKENZIE က အမှာစကားပြောကြားသည်။

ထို့နောက် ပညာတန်ဆောင်အဖွဲ့ ECCD Director ဦးတင်လှိုင်က Keynote ကို ဖတ်ကြားပြီးနောက် ကျောင်းများတွင် သင်ကြားသင်ယူမှုဝန်းကျင် ပိုမိုတိုးတက်ကောင်းမွန်လာရေး နှစ်လည်ပညာရေးဆွေးနွေးပွဲ ဖွင့်ပွဲ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**အောင်နိုင်**

# သွားလာရေးခက်ခဲသောလမ်းကို ရပ်ကွက်နေပြည်သူများ ကိုယ့်အားကိုယ်ကိုး၍ စည်ပင်သာယာရေးအဖွဲ့၏ ကူညီမှုဖြင့် ကတ္တရာလမ်းခင်းမည်

**နမ့်ခမ်း နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ် အမှတ်(၃)ရပ်ကွက်လမ်းရှိ လမ်းသွယ်(၁) မြေသားလမ်းသည် ချိုင့်ခွက်များဖြစ်နေခြင်း၊ မိုးရာသီကာလတွင် ရေဝပ်ခြင်းများဖြင့် အများပြည်သူများသွားလာရန်ခက်ခဲမှုနှင့် ကြုံတွေ့ရသည်ဖြစ်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၅ ရက်က ကွင်းဆင်းတိုင်းတာစစ်ဆေးကြည့်ရှုပြီး ပျက်စီးနေသော မြေသားလမ်း၏ အကျယ် ၁၂ ပေ၊ အရှည်ပေ ၆၃၀ ကို ကတ္တရာလမ်းအဖြစ် တိုးချဲ့ပြင်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းကို တိုးချဲ့ပြင်ဆင်မည်ဆိုပါက လုပ်အားခ၊ သဲ၊ ကျောက်များအတွက် ကုန်ကျစရိတ်ကို အမှတ်(၃)ရပ်ကွက်နေပြည်သူများက ထည့်ဝင်မည်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လိုအပ်သော လမ်းခင်းကတ္တရာကို ပံ့ပိုးကူညီပေးရန် စီစဉ်လျက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# ကျောက်တစ်လုံးကျောက်ချောလမ်း အဆင့်မြှင့်

**တောင်သာ နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်တစ်လုံး-စွန်းလွန်းကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ကျောက်တစ်လုံးကျေးရွာမှ စွန်းလွန်းကျေးရွာအထိ ကျောက်ချောလမ်းဖောက်လုပ်ရာတွင် ၁၁ မိုင် (၂၀× ၂)ပေ ဖောက်လုပ်လျက်ရှိသည်။ လမ်းများဖောက်လုပ်ပေးခြင်းကြောင့် လယ်ကွက်ကြီးကျေးရွာ၊ ဆုံကုန်း ကျေးရွာ၊ သပွတ်ပင်တဲကျေးရွာ၊ ရုံးတောကျေးရွာ၊ ဇီးပင်ကန်းကျေးရွာ၊ ကြက်တက်တောကျေးရွာ၊ ခါးတက်ကုန်းကျေးရွာစသည့် ကျေးရွာများရှိ ဒေသခံပြည်သူများမှာ ယခင်ကထက် သွားလာရေးလွယ်ကူအဆင်ပြေချောမွေ့ကြပြီး ဒေသထွက်ကုန်စီးဆင်းမှုမှာလည်း မြန်ဆန်လာကြောင်း ဒေသခံများက ပြောပြသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**တင်ဒါအဆိုပြုလွှာများဖိတ်ခေါ်ခြင်း**

၁။ အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ 33 kV Transmission Line in EPC/ Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၂၈-၁၁-၂၀၁၄ ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၁၂-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက် ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၁၃၄၉၊ ၀၉-၄၅၀၅၁၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁**

**၁၆-၁၁-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၄)ပါ ပြန်လည်ရှင်းလင်းကြော်ငြာစာအား အမှားပြင်ဆင်ခြင်း**

အထက် ရှင်းလင်းကြော်ငြာစာတွင် အမည်ပေါက်ပိုင်ရှင် ဦးထီ ၁၂/ဗတထ(နိုင်)၀၀၄၈၁၈ ထံမှ ဒေါ်တင်လေးရီ ၁၂/ရကန(နိုင်)၀၃၄၇၀၅၈ က မြေကွက်ဝယ်ယူခဲ့သည့်ရက်စွဲကို ၅-၉-၂၀၁၄ရက်ဟု မှားယွင်းဖော်ပြမိပါသည်။ အမှန်တကယ် ဝယ်ယူခဲ့သည့်ရက်စွဲမှာ ၅-၉-၂၀၀၉ ဖြစ်ပါကြောင်း အမှားပြင်ဆင် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက် ၅၊ အခန်း(၀၀၈)၊ အေးရိပ်မွန် ၉ လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀**

**ဩဃဆတ္တာယဆိုင်းဘာဘာကြီး၏ ၇၉ နှစ်မြောက် ဝိဇာတမင်္ဂလာပူဇော်ပွဲဖိတ်ကြားလွှာ**

**ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ခင်ဗျာ-**

ကျွန်တော်များ ပန်းဆိုးတန်းလမ်း၊ အမှတ် ၁၄၁ ရှိ မဟာပိန္နဲကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဩဃဆတ္တာယဆိုင်းဘာဘာကြီး၏ ဝိဇာတမွေးနေ့မင်္ဂလာ ပူဇော်ပွဲအခမ်းအနားကို ၂၃-၁၁-၂၀၁၄ ရက်၊ တနင်္ဂနွေနေ့၊ နံနက် ၉း၀၀ နာရီတွင် စတင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေများ မိမိတို့မိသားစု ဆွေမျိုးမိတ်သင်္ဂဟများနှင့်တကွ လာရောက်ကြည်ညိုပူဇော်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**နံနက် ၁၀း၃၀ နာရီမှစတင်၍ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။**
**ညနေ ၅း၃၀ နာရီတွင် ဆီမီး ၁၀၀၀ ဖြင့် ပူဇော်ပါမည်။**

**(ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့)**
**မဟာပိန္နဲဘုရားကျောင်း**
**အမှတ် ၁၄၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၇၈၇၊ မြေကွက်တည်နေရာအမှတ် ၁၇၈၇၊ စဝ်စံထွန်းလမ်း၊ ဒလမြို့နယ် (ဦးသန်းရွှေ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသန်းရွှေထံမှ ၂၉-၁၀-၂၀၀၀ ရက်၊ မြေကွက်အမှတ် ၁၇၃၁၊ မြေကွက်တည်နေရာအမှတ် ၁၇၃၁၊ ရာဇဓိရာဇ်လမ်း၊ ဒလမြို့နယ် (ဒေါ်လှရွှေ)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်လှရွှေထံမှ ၈-၁၁-၁၉၉၄၊ ၁၇-၁-၂၀၀၈၊ ၁၁-၄-၂၀၀၉၊ ၁၅-၃-၂၀၁၀၊ ၂၇-၅-၂၀၁၀ နှင့် ၂၃-၁၁-၂၀၁၁ရက် မြေကွက်အမှတ် ၂၂၁၅၊ မြေကွက်တည်နေရာအမှတ် ၂၂၁၅၊ ပုဂံလမ်း၊ ဒလမြို့နယ် (ဦးခင်မောင်ဝင်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်မောင်ဝင်းထံမှ ၅-၁-၂၀၁၁ရက် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဘေရာမူတူး(ခ)ဝင်းနိုင် ၁၂/မဂတ(ဧည့်)၀၀၀၁၉၇ (၂၆-၉-၂၀၁၃)ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ ၁၂/မဂတ(ပြု)၀၀၁၁၁၅မှ (၁၆-၁၂-၂၀၁၃)ရက် ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**
**အကြောင်းကြားစာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၇ နှင့်ဆက်နွှယ်သည့်**
**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၄၀**

ဒေါ်သူသူအိဟန် **နှင့်** ဦးစိုးတင့်အောင်
[၎င်း၏အခွင့်ရကိုယ်စားလှယ်
ဗိုလ်မှူးဝင်းထိန်(ငြိမ်း)]
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သန့်စင်လမ်းသွယ်(၁)လမ်း၊ အမှတ် ၂၄(F/D)နေ တရားရှုံး ဦးစိုးတင့်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၁၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သူသူအိဟန် ၎င်း၏အခွင့်ရကိုယ်စားလှယ် ဗိုလ်မှူးဝင်းထိန်(ငြိမ်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းသန်းမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**အမည်မှန်**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက် ဦးအုံးမြင့်၏သမီး ဒေါ်မြင့်မြင့်စန်း ၁၀/မလမ(နိုင်)၁၃၈၆၇၆ ၏အမည်မှန်မှာ ဒေါ်မြင့်မြင့်စမ်း ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# တပ်မတော်နယ်လှည့်ကျန်းမာရေးအဖွဲ့ ဆေးကုသမှုများဆောင်ရွက်ပေး



**မြိုင် နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွှေလင်းဆွဲကျေးရွာအုပ်စု အောင်သုခကျေးရွာ အထက ကျောင်းတွင် တပ်မတော်နယ်လှည့် ကျန်းမာရေး ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသမှုများကို နိုဝင်ဘာ ၁၄ ရက်က စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆေးကုသရေးအဖွဲ့သည် မြိုင်မြို့နယ် အောင်သုခကျေးရွာ အထကတွင် အခြေပြု၍ နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ အောင်သုခကျေးရွာ၊ လက်ယက်မ၊ ကန်နီ၊ လင်းကတော၊ တောင်ဘို့၊ ရွှေလင်းဆွဲကျေးရွာအုပ်စုများရှိ ကျေးရွာများမှ ပြည်သူများအားလည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ မြိုင်ပြည်သူ့ဆေးရုံအခြေပြု၍ မြိုင်ရပ်ကွက် (၁/၂/၃)ကိုင်းတောမ၊ စဘော၊ မကျီးစု၊ ကျောက်ဆောက်၊ ဆိတ်ဆင်း၊ မကျီးကန်နှင့် ဗဟင်းကျေးရွာအုပ်စုများရှိ ကျေးရွာများမှ ပြည်သူများအားလည်းကောင်း ကျန်းမာရေးပြုစုစောင့်ရှောက်ဆေးကုသမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နယ်လှည့် ဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် အထွေထွေရောဂါကုသမှုများ၊ မျက်စိ၊ သွား၊ အရိုး၊ နား ၊ နှာခေါင်း၊ လည်ချောင်း၊ သားဖွားမီးယပ်၊ ကလေးအထူးကုဆရာဝန်များ၊ သွေးစစ်ခြင်း၊ ခွဲစိတ်ခြင်းနှင့် ဆေးပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်နယ်လှည့်ကျန်းမာရေးဆေးကုသရေးအဖွဲ့တွင် ဗိုလ်မှူးကြီးကျော်ဇင်ညွန့် ဦးဆောင်၍ တပ်မတော်ဆေးကုသရေးပါရဂူ ၃၂ ဦး၊ သူနာပြုအရာရှိ ၂၁ ဦး၊ ဆေးအခြားအဆင့် ၄၁ ဖွဲ့ပါဝင်ပြီး နယ်မြေခံခြေလျင်တပ်ရင်းများမှ တပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **(၁၃၅)**

# ကမ္ဘောဇဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျိုင်းတုံ၌ ကျင်းပမည်

**ကျိုင်းတုံ နိုဝင်ဘာ ၁၈**

၂၀၁၅ခုနှစ် ရှမ်းပြည်နယ် ကမ္ဘောဇဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ကျိုင်းတုံမြို့ ရွှေတြိဂံဂေါက်ကွင်း၌ ဒီဇင်ဘာလနောက်ဆုံးပတ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျိုင်းတုံမြို့ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပရာ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် ဌာနဆိုင်ရာများ၊ ရွှေတြိဂံဂေါက်ကွင်းမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဂေါက်ကလပ်ဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗိုလ်မှူးကြီး အောင်သူက အမှာစကားပြောကြားကာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက ပြိုင်ပွဲကျင်းပရေးအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုနှင့် ပြင်ဆင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆပ်ကော်မတီများက လုပ်ငန်းပြင်ဆင်ဆောင်ရွက်ချက်များကိုရှင်းလင်းပြီး တက်ရောက် လာကြသူများက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်နိုင်(iprd)**



**လျှပ်စစ်ဓာတ်အားလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် ဒလမြို့နယ် ကမ်းနားမှ အောင်မင်္ဂလာရပ်ကွက်ထိပ်အထိ ၄၀၀ ဗို့ဓာတ်အားလိုင်း ဝိုင်ယာကြိုး ပေ ၃၀၀၀ လဲလှယ်တပ်ဆင်မှုကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒလမြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းများက နိုဝင်ဘာ ၁၆ ရက်က ဆောင်ရွက်နေစဉ်။** မောင်ယဉ်ဦး(ဒလ)

# ဒစ်ဂျစ်တယ်ကွင်းမြေပုံထုတ်ဆောင်ရေး လုပ်ငန်းဆိုင်ရာဆင့်ပွားသင်တန်းပို့ချ

**ကလေး နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ တမူးခရိုင်အတွင်းရှိ မြေစာရင်းဝန်ထမ်းများအား ဒစ်ဂျစ်တယ်ကွင်းမြေပုံထုတ်ဆောင်ရေးလုပ်ငန်းဆိုင်ရာဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၁၁ ရက်က စတင်ဖွင့်လှစ်ပို့ချပြီး သင်တန်းဖွင့်ပွဲကို ကလေးမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ကလေးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြေစာရင်းဝန်ထမ်းများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက အမှာစကားပြောကြားပြီး ကလေးခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကလေးမြို့နယ် မြေစာရင်းဦးစီးအရာရှိ ဦးမင်းသူအောင်က သင်တန်းသား မြေစာရင်းဝန်ထမ်းများအား ဒစ်ဂျစ်တယ်ကွင်းမြေပုံထုတ်ဆောင်ရေးလုပ်ငန်းအဆင့်ဆင့်ကို ခေတ်မီမြေတိုင်းကိရိယာများဖြစ်သော RTK GPS, Total Station စသည့် ကိရိယာများကို အသုံးပြု၍ လက်တွေ့ပြသရှင်းလင်းခဲ့သည်။

ကလေးခရိုင်အတွင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ကမ္ဘာ့ကိုသြဒိနိတ်များဖြင့် ချိတ်ဆက်၍ ဒစ်ဂျစ်တယ်ကွင်းမြေပုံထုတ်ဆောင်ရေးအတွက် မြေပြင်ထိန်းအမှတ် GCP (Ground Control Point) ကို ကလေးမြို့နယ်တွင် သုံးခု၊ ကလေးဝမြို့နယ်တွင် ငါးခု၊ မင်းကင်းမြို့နယ်တွင် ကိုးခု စုစုပေါင်း ၁၇ ခု၊ မော်လိုက်မြို့နယ်တွင် ခြောက်ခု၊ ဖောင်းပြင်မြို့နယ်တွင် ငါးခု စုစုပေါင်း ၁၁ ခုနှင့် တမူးမြို့နယ်တွင် တစ်ခု စသည်ဖြင့် စိုက်ထူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးချမှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ တမူးခရိုင်တို့မှ မြေစာရင်းဝန်ထမ်း သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို နိုဝင်ဘာ ၁၇ ရက်အထိ ပို့ချခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(iprd )**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အမှတ်(၁) ဆေးဝါးစက်ရုံ (ရန်ကုန်)နှင့် အမှတ်(၂) ဆေးဝါးစက်ရုံ (အင်ရောင်း)အတွက် ဆေးဝါးကုန်ကြမ်း ၇၈ မျိုးအား နိုင်ငံခြားငွေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** - ၁၇-၁၁-၂၀၁၄

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၂-၁၂-၂၀၁၄ရက်၊ မွန်းလွဲ ၁၆း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅/၄၀၈၂၇၆၊ ၀၆၇-၄၀၈၁၉၅**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မန္တလေးမြို့ ၃၁ လမ်း၊ ၈၁ × ၈၂ လမ်းကြား
ပေအကျယ် - ၃၅ ပေ × ပေ ၇၀
ဈေးနှုန်း - ညှိနှိုင်း
**ဖုန်း-၀၂-၂၃၅၉၅၊ ၀၉-၂၀၃၀၁၀၇၊**
**၀၉-၂၅၃၆၂၂၈၉၂၊ ၀၉-၃၃၅၄၉၉၈၆**

## စက်မှုဝန်ကြီးဌာန
## အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းအား CIF (Yangon) နိုင်ငံခြားငွေ (USD) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | SKD Parts for 3 Ton Forklift | 5 Units |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification) များ၊ အသေးစိတ်အချက်အလက်များအား ၂၄-၁၁-၂၀၁၄ ရက်မှ စတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၁-၁၂-၂၀၁၄ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

**စီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊**
**ရုံးအမှတ် (၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄**

## တိမ်တိုက်ထွန်း (ကစ္ဆပနဒီ)၏ လုံးချင်းဝတ္ထု

**ရင်နှင့်အမျှ**

နယူးဒေလီမြို့တော်ရောက် မြန်မာလူငယ်၏ အချစ်ဇာတ်လမ်း
ဖြန့်ချိရေး- အာရှအလင်းစာပေ၊ ဖုန်း-၀၉-၄၃၀၉၄၉၁၆
စာအုပ်ဆိုင်များတွင် ရရှိနိုင်ပါပြီ။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၅၀၁၆၆ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်မိုး ၇/ကတခ(နိုင်)၀၀၀၂၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူး (ပဲခူး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း-၂၀)**
**ကော့ကရိတ်မြို့နယ်တရားရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၅**

ဒေါ်ကေဇင်အောင် **(တရားလို)** **နှင့်** ဦးမျိုးသောင်း **(တရားပြိုင်)**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၆၁) နေ ဦးလှရွှေ၊ သားဦးမျိုးသောင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၇ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်အောင်)**
**မြို့နယ်တရားသူကြီး**
**ကော့ကရိတ်မြို့နယ်တရားရုံး**

# ကျေးရွာလျှပ်စစ်မီးလင်းရေး ပံ့ပိုးချေးငွေပေးအပ်

**မြင်းခြံ နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် နတ်ထားကျေးရွာတွင် ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် အိမ်ထောင်စုများအား ပံ့ပိုးချေးငွေပေးအပ်ပွဲကို ကျေးရွာဓမ္မာရုံ၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက လျှပ်စစ်မီးကို ဌာနဆိုင်ရာ၏ညွှန်ကြားချက်နှင့်အညီ စည်းကမ်းရှိစွာသုံးစွဲကြရန်၊ ပေးအပ်သော ပံ့ပိုးချေးငွေများကို မီတာတပ်ဆင်ရေးတွင်သာ အသုံးပြုရန်နှင့် ချေးငွေများကို သတ်မှတ်ကာလအတွင်း မှန်ကန်စွာပေးဆပ်သွားရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်တို့က ပံ့ပိုးချေးငွေများရယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းသည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်က ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီထံသို့ အိမ်ထောင်စု ၂၁၅ အိမ်အတွက် ပံ့ပိုးချေးငွေ ကျပ်သိန်း ၃၂၂ ဒသမ ၅ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**



# ရန်ကုန်မြစ်အတွင်းမှဒိုက်များ ကိုယ့်အားကိုယ်ကိုး ရှင်းလင်း

**ဒလ နိုဝင်ဘာ ၁၈**

ရန်ကုန်မြစ်အတွင်းရှိ ဒိုက်များကို ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စက်တပ်ရေယာဉ်အဖွဲ့ဥက္ကဋ္ဌတို့၏ ကြီးကြပ်မှုဖြင့် စက်တပ်သမ္ဗန်ဆိပ်များမှ ရေယာဉ်မောင်းများက နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကိုယ့်အားကိုယ်ကိုး ဆယ်ယူရှင်းလင်းခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်တွင် သမတကမ်းခြေ၊ ကမာအောင်၊ တံလျှပ်၊ ရေကန်ဆိပ်၊ ကမာကသွယ်၊ စက်မြေ၊ ကမာကဆစ်၊ မော်စက်၊ ဆာပါချောင်နှင့် ကျောင်းစုဟူ၍ စက်တပ်သမ္ဗန်ဆိပ် ၁၀ ခုရှိပြီး ထိုသမ္ဗန်ဆိပ်များမှ ဆိပ်ကမ်းတစ်ခုလျှင် တစ်စင်းနှုန်းဖြင့် စုစုပေါင်း သမ္ဗန် ၁၀ စင်းဖြင့် ဒိုက်များရှင်းလင်းရေးကို သုံးရက်ကြာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဒိုက်ပုံတွေက တော်သလင်းလဆိုရင် ရန်ကုန်မြစ်ထဲမှာ တသီတတန်းကြီး မျောနေတာတွေ့ရတယ်။ ရေပေါ်မှာနည်းနည်းပဲ မြင်ရပေမယ့် ဆယ်လိုက်ရင် အစုအပြုံလိုက်ပဲ။ သမ္ဗာန်ပေါ်ရောက်အောင် အားစိုက်ပြီးဆယ်ယူရတယ်။ ငါးရှဉ့်နဲ့ ကဏန်းတွေလည်း ဒိုက်ဖက်တွေကြားထဲမှာ ခိုအောင်းနေတာတွေ အများကြီးပဲပါလာတယ်"ဟု ရေကန်ဆိပ်မှ စက်တပ်သမ္ဗန်မောင်းတစ်ဦးက ဒိုက်များရှင်းလင်းခဲ့သည့် အတွေ့အကြုံကို ပြောသည်။ ဒိုက်များမှာ မြက်ရိုင်းကြမ်းပင်၊ ဗေဒါပင်နှင့် အခြားအမှိုက်များ စုပေါင်းပြီး ဖြစ်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒိုက်များဆယ်ယူခြင်းလုပ်ငန်းများကို JICA က လှူဒါန်းသည့် ချယ်ရီကူးတို့သင်္ဘော သုံးစင်းပြေးဆွဲသည့် လမ်းကြောင်းတစ်လျှောက်နှင့် ဒလ-ပန်းတန်းဆိုးတမ်းဆိပ်ကမ်း အနီးတစ်ဝိုက်တွင် အဓိကထား ဆောင်ရွက်ခဲ့ကြောင်းနှင့် ရန်ကုန်ဘက်ကမ်းတွင် ဗိုလ်အောင်ကျော်လမ်းမှ စဉ့်အိုးတန်းဆိပ်ကမ်းအထိ၊ ဒလဘက်ကမ်းတွင် သမတကမ်းခြေမှ မော်စက်ကူးတို့ဆိပ်အထိ မြစ်ကမ်းတစ်လျှောက်နှင့် မြစ်ရေကြောင်းတစ်လျှောက် ဆယ်ယူရှင်းလင်းခဲ့ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောင်းသား ကျောင်းသူ ၅၀ သွေးလှူရှင်အသင်းဝင်

**ရေစကြို နိုဝင်ဘာ ၁၈**

တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့တွင် ကျရောက်သည့် မြန်မာတစ်မျိုးသားလုံး၏ အလေးအမြတ်ထားရာ အမျိုးသားနေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အမှတ် (၂)ရပ်ကွက်ရှိ မြတ်စေတနာ ဘာသာစုံ(အခမဲ့) ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၀ သည် ဗလငါးတန်သွေးလှူရှင်အသင်းသို့ ဝင်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများသည် သွေးလှူရှင်အသင်းဝင်ရန် နိုဝင်ဘာ ၁၆ ရက်က ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် သွေးစစ်ခဲ့ကြပြီး သွေးလှူရှင်အသင်းသို့ ဝင်ရောက်ခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ ဗလငါးတန်သွေးလှူရှင်အသင်းကြီးကို လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၁၂ ခုနှစ် လွတ်လပ်ရေးနေ့က စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခုအချိန်တွင် သွေးလှူရှင် အသင်းသား ၂၇၀ ရှိပြီဖြစ်ကာ သွေးလှူပြီး အသင်းသား ၁၂၀ ရှိ၍ လေးကြိမ်သွေးလှူရှင် ရှစ်ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**



# ဒုတိယကမ္ဘာစစ်အတွင်း ကွယ်လွန်သောဗြိတိသျှစစ်မှုထမ်းများအား ဆွေမျိုးများဂါရဝပြု

**မော်လူး နိုဝင်ဘာ ၁၈**

ဒုတိယကမ္ဘာစစ်အတွင်း ကွယ်လွန်ခဲ့သော ဗြိတိသျှစစ်မှုထမ်းများကို အရိုအသေဂါရဝပြုရန်နှင့် ဒေသန္တရလေ့လာရေးခရီးစဉ်အဖြစ် ၎င်းတို့၏ ဆွေမျိုးမိသားစုဝင် ဗြိတိသျှလူမျိုးနိုင်ငံခြားသားဧည့်သည်များ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာသို့ နိုဝင်ဘာ ၁၅ ရက်က လာရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် ဗြိတိသျှနိုင်ငံမှ Mr.Michael Bradley ဦးဆောင်သော နိုင်ငံခြားသားအမျိုးသားလေးဦး၊ အမျိုးသမီး နှစ်ဦး ပါဝင်ပြီး ဒုတိယကမ္ဘာစစ်အတွင်းက တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့သော ဆွေမျိုး သားချင်းများ၏ မြေနေရာများတည်ရှိရာ မော်လူးကျေးရွာအုပ်စု ဟဲနုကျေးရွာ တပ်ကုန်းစေတီတောင်ပေါ်သို့ရောက်ရှိပြီး ဝတ်ပြုဆုတောင်းခြင်းများဆောင်ရွက်ခဲ့ကြသည်။ ဝတ်ပြုဆုတောင်းပွဲအပြီးတွင် ဒေသခံများနှင့် တွေ့ဆုံကာ ကလေးသူငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးဝေခြင်းနှင့် အမှတ်တရဓာတ်ပုံများ ရိုက်ယူခြင်း၊ မော်လူးမြို့တွင်းသို့ သွားရောက်လည်ပတ်ခြင်းများ ပြုလုပ်ခဲ့ပြီး မန္တလေးဘက်သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

**(၁၄၉)**


## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား DDP(ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.28/HPGE/14-15-စက်ဆီ/ချောဆီ(၈၀၀)Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မှတ်ခွံရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရှုမည့်နေရာ** - အမှတ်(၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်

(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် (၁၉)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၂၀၀၀/- (ကျပ်နှစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၇-၁၁-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၁-၁၂-၂၀၁၄ ရက် ၁၆း၃၀ နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**



## လယ်တီ မဟာသရဏဂုံတော်ကြီးနှင့် လယ်တီ အဘိဓမ္မာသင်တန်းဖွင့်မည်

**နေ့ရက်** - ၂၂-၁၁-၂၀၁၄ ရက် အပတ်စဉ်(စနေ၊ တနင်္ဂနွေ)
**အချိန်** - မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ
**နေရာ** - ဓမ္မသစ္စာဓမ္မာရုံ၊ ဘော်စင်လမ်းသွယ် ၂ ယာ၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်
**ဆရာ** - ဆရာကြီးဦးချမ်းသာ (ထားဝယ်)
(အဘိဝံသ၊ သိရီပဝရ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင် ဓမ္မစာပေဆုများရှင်)

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၀၀၅၈၅၀၂၊ ၀၉-၅၀၂၉၁၉၄၊ ၀၉-၅၀၈၇၁၅၃**



## ဟိုတယ်လုပ်ငန်းဆိုင်ရာစာအုပ်ပြပွဲ

၂၀၁၄ နိုဝင်ဘာ ၂၆ မှ ၃၀ ရက် နေ့စဉ် ၉ နာရီမှ ၅ နာရီ။

စိတ်ဝင်စားသူတိုင်း လာရောက်ကြည့်ရှုနိုင်ပါသည်။ ဟိုတယ်သင်တန်းသား၊ ဝန်ထမ်း၊ လုပ်ငန်းရှင်တိုင်းအတွက် လုပ်ငန်းဆိုင်ရာစာအုပ်၊ စီဒီလက်ဆောင်များ စီစဉ်ထားသည်။ သင်တန်းအပ်နှံသူများ စာအုပ်ဝယ်သူများ အထူးလျှော့နှုန်း။

**HOST Management Academy**
**www.facebook.com/hostwelcomeu**
**ဖုန်း-၀၉-၅၁၉၉၀၇၁**
**အမှတ် ၃၂၊ မြေနုလမ်း (မဟာမြိုင်မှတ်တိုင်အနီး)၊ စမ်းချောင်း**






## ရောင်းမည်

ပေ (၄၀×၆၀)၊ L ကွက် (မြေပိုပါ) ပါမစ်မြေ (သိန်း ၇၀၀)။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၄၃၅၄၀၁၉၊ ၀၉-၂၅၂၂၆၇၈၉၄**



## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၂)၊ပေါ်ပြူလာလမ်း၊ အမှတ်(၄/၁၂)နေ ဦးလီချန်ရှင်-ဒေါ်ရန်ရှောက်ရှန်တို့၏သားကျွန်တော် ဦးလီအဲ(ခ)ကျော်ထွန်း ၁၃/လရှန(နိုင်)၁၂၈၄၀၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **လီအဲ(ခ)ကျော်ထွန်း**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၆၅၈၇၁ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းနိုင် ၇/ပခန(နိုင်)၂၆၇၇၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**



**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ် အထက(ခွဲ)ပျဉ်းမကန် တက္ကသိုလ်ဝင်တန်းမှ မဇင်မော်မော်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၁၂/ကတန(နိုင်)၀၄၈၀၅၆ ဖြစ်ပါသည်။ **ဦးကျော်နိုင်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လုပ်သားရှားပါးမှုကြောင့် ထန်းပင်ကို ထင်းအဖြစ်ခုတ်ရောင်းမှုများလာ

**ရေတာရှည် နိုဝင်ဘာ ၁၈**

တောင်ငူခရိုင်အတွင်း နေရာအနှံ့အပြားတွင်တွေ့ရှိနိုင်သည့် ထန်းပင်များမှာ လုပ်သားရှားပါးလာမှုနှင့်အတူ လုပ်ငန်းတွင်ကျယ်မှု လျော့နည်းလာခြင်းကြောင့် ထန်းပင်များကို ထင်းအဖြစ် လည်းကောင်း၊ အိမ်ဆောက်လုပ်ရန်အတွက် လည်းကောင်း ခုတ်ရောင်းမှုများပြားလာပြီး ထန်းပင်အရေအတွက် တဖြည်းဖြည်းနည်းပါးလာနေကြောင်း သိရသည်။

တောင်ငူမြို့နယ် ဝဲဒေါင့်ကျေးရွာဒေသခံတစ်ဦးက "တောင်ငူတစ်ခွင်မှာက အခုမှမဟုတ်ဘူး။ ရှေးနှစ်ပေါင်းများစွာကတည်းက ထန်းပင်တွေထောင်သောင်းချီပြီးရှိခဲ့ပါတယ်။ တပင်ရွှေထီးထန်းတောဆိုနာမည်ကြီးပေါ့။ အခုနောက်ပိုင်းကျတော့ ထန်းလုပ်သားတွေက ပင်ပန်းပြီး တွက်ခြေသိပ်မကိုက်တော့ နိုင်ငံခြားထွက် အလုပ်လုပ်တဲ့သူကများတယ်။ အခြားလုပ်ငန်းပြောင်းလုပ်တဲ့သူတွေလည်းရှိတော့ ထန်းတက်မယ့်လူကမရှိသလောက်ဖြစ်နေပြီ"ဟု ပြောပြသည်။

ထန်းပင်များကို အိမ်ဆောက်ရာတွင်သုံးရန် သစ်အဖြစ်ရောင်းချမှုရှိသော်လည်း ပင်စည်များကို ထင်းအဖြစ်ရောင်းချမှုပိုများကြောင်းနှင့် အပင်တစ်ပင်လျှင် ငွေကျပ်တစ်သောင်းမှ တစ်သောင်းခွဲအထိ ရောင်းချရကြောင်း သိရသည်။ ကျေးလက်ဒေသများတွင် တစ်နှစ်ထက်တစ်နှစ် လောင်စာထင်းပိုမိုရှားပါးလာသဖြင့် ရွာအနီးရှိ သစ်ပင်ကြီးငယ်များနှင့် ထန်းပင်များမှာ ထင်းအတွက် မဖြစ်မနေခုတ်ယူခံနေကြရခြင်းကြောင့် အစားထိုးကာ ပြန်လည်စိုက်ပျိုးနိုင်ခြင်းမရှိလျှင် နှစ်အနည်းငယ်အတွင်း ပြုန်းတီးသွားနိုင်ကြောင်းလည်း ဒေသခံအချို့က သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# တောင်ငူမြို့နယ်လုံးဆိုင်ရာ သံဃဒါနဆွမ်းဆန်တော် လောင်းလှူပွဲ

**တောင်ငူ နိုဝင်ဘာ ၁၈**

တောင်ငူမြို့နယ်လုံးဆိုင်ရာ သံဃဒါနဆွမ်းဆန်တော် လောင်းလှူပွဲကြီးကို နှစ်စဉ်နှစ်တိုင်း သမိုင်းဝင်ရွှေဆံတော်ဘုရားကြီး ရင်ပြင်ပေါ်တွင်သာ လောင်းလှူခဲ့ကြရာမှ ယခုနှစ်တွင် တစ်မူထူးခြားစွာ ပထမအကြိမ်ရွှေဆံတော်ဘုရားကြီး အရှေ့ဘက်မုခ်မှစတင်၍ တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းအတိုင်း ပန်းခြံကွေ့လမ်းဆုံရှိ ကေတုမတီ-တောင်ငူ မုခ်ဦးအထိ နိုဝင်ဘာ ၁၆ရက် မွန်းလွဲ ၁ နာရီက သံဃာအပါး ၁၈၀၀ကျော်တို့အား လောင်းလှူကြသည်။ အဆိုပါဆွမ်းဆန်တော် လောင်းလှူပွဲကြီးတွင် တောင်ငူမြို့နယ်တစ်ဝိုက်ရှိ ဘုန်းကြီးကျောင်း ၉၆ ကျောင်းမှ သက်ကြီးဝါကြီး ၁၆ ပါးအပါအဝင် သံဃာအပါး ၁၈၀၀ကျော်နှင့် သီလရှင်ကျောင်းလေးကျောင်းမှ သီလရှင်ဆရာကြီး၊ ဆရာလေးများကို တောင်ငူတပ်နယ်မှ မိသားစုဝင်များ၊ တောင်ငူမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဘဏ်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအသင်းများ၊ နိုင်ငံရေးပါတီများ၊ စေတနာရှင် အလှူရှင်များနှင့် ဒေသခံပြည်သူများက ဗိုလ်မှူး ဖိုးကွန်းလမ်းတစ်လျှောက် စီတန်းကာ သဒ္ဓါထက်သန်ကြည်ဖြူစွာဖြင့် စည်ကားသိုက်မြိုက်စွာလောင်းလှူခဲ့ကြောင်း သိရသည်။



**သူရ (တောင်ငူ)**

## သတင်းတို

### စာအောင်သံဃာတော်နှင့် သီလရှင်များအား ဂုဏ်ပြု

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ရွှေကျောင်း မဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းတိုက် သာသနာ့နုဂ္ဂဟအသင်းကြီးက ဒုတိယအကြိမ်မြောက် စာအောင်သံဃာတော်နှင့် သီလရှင်များအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက်က ကျင်းပခဲ့ပြီး သာသနာရေးဦးစီးဌာနက ကျင်းပသော နိကာယ်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲများတွင် ဖြေဆိုအောင်မြင်ခဲ့သော စာအောင်သံဃာတော်ခြောက်ပါးနှင့် သီလရှင်နှစ်ပါးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**အောင်ဒွေး(မလှိုင်)**

# မြို့တွင်းတစ်လမ်းမောင်းလမ်းမကြီးများရှိ ယာဘက်ယာဉ်ရပ်နားနေရာများ ပယ်ဖျက်ဖွယ်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်မြို့တွင်း တစ်လမ်းမောင်းစနစ်ကျင့်သုံးလျက်ရှိသော အဓိကလမ်းမကြီးများတစ်လျှောက် ယာဉ်မတော်တဆမှုများ လျော့ပါးရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုနည်းပါးရေးအတွက် လမ်းမကြီးများ၏ လက်ယာဘက်ခြမ်း ယာဉ်ရပ်နားရာနေရာများကို ပယ်ဖျက်သွားရန် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။




"တစ်လမ်းမောင်းစနစ်ကျင့်သုံးနေတဲ့ အဓိကလမ်းမကြီးတွေပေါ်မှာ ယာဉ်မတော်တဆမှုဖြစ်ရတဲ့အကြောင်းထဲမှာ လက်ယာဘက်ခြမ်းမှာရှိတဲ့ ယာဉ်ရပ်နားစခန်းထဲက ယာဉ်တွေက အဝင်အထွက်ပြုလုပ်နေတာကြောင့်ရယ်၊ ယာဉ်ရပ်နားနေရာခွင့်ပြုထားတဲ့အတွက်ကြောင့်ရယ် ယာဉ်ကြောကို ပိုပြီးကျပ်တည်းစေပါတယ်။ ခရီးသည် တင်ဘတ်စ်ကားတွေအများစုက လက်ယာဘက်ခြမ်းကို ကပ်မောင်းတဲ့ စနစ်ကျင့်သုံးနေပြီဖြစ်တဲ့အတွက်လက်ယာဘက် ယာဉ်ရပ်နားနေရာတွေ ဆက်လက်ခွင့်ပြုထားမယ်ဆိုရင် ယာဉ်မတော်တဆမှုတွေ၊ ယာဉ်ကြောကျပ်တည်းမှုတွေ ဆက်လက်ဖြစ်နေဦးမှာ ဖြစ်ပါတယ်။ ဒီအတွက် လက်ယာဘက်ခြမ်းယာဉ်ရပ်နားနေရာတွေကို ဆက်လက်ခွင့်မပြုဖို့ သက်ဆိုင်ရာအစိုးရဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရကို တင်ပြထားပါတယ်။ တင်ပြချက်ကို အတည်ပြုပြီးရင်တော့ တစ်လမ်းမောင်းကျင့်သုံးနေတဲ့ လမ်းမကြီးတွေနဲ့ ညာဘက်ခြမ်း ယာဉ်ရပ်နားနေရာများကို ဆက်လက်ခွင့်ပြုတော့မှာ မဟုတ်ပါဘူး"ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ရန်ကုန်မြို့ရှိ အဓိက လမ်းမကြီးများဖြစ်သည့် ဗိုလ်ချုပ်လမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကမ်းနားလမ်းတို့ အပါအဝင် အဓိကလမ်းမကြီးများတစ်လျှောက် လမ်းဘေးဝဲယာတစ်လျှောက် ပြီးခဲ့သည့်နှစ်က ပလက်ဖောင်းများ ချဲ့ထွင်ပြီး မော်တော်ယာဉ်ငယ်များ ရပ်နားရန်နေရာများအဖြစ် ခွင့်ပြုထားခဲ့သည်။ ယခုအခါ ယာဉ်အန္တရာယ်နှင့် ယာဉ်ကြောကျပ်တည်းမှုကို ဖြစ်စေသည့်အတွက် လက်ယာဘက်ခြမ်းနေရာများကို ပယ်ဖျက်သွားဖွယ်ရှိသည်။

**သတင်း - မောင်နွေသစ်**
**ဓာတ်ပုံ - သဏ္ဍ**


## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် ဇေကော်ပိုရေးရှင်းမှ ကျင်းပပြုလုပ်သည့် Z Villas အိမ်ရာအရောင်းပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် အထူးပင် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုး အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကျော်မိုးနိုင်
Krislite
Lighting Specialist Co Ltd



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၇က/၆၁၅၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ဟသ်ာတ)

**ကန့်ကွက် နိုင်ပါသည်**

ယာဉ်အမှတ် ၁၇ယ/၉၁၂၈၆ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဦးမောင်ခင် ၁၄/လမန(နိုင်)၀၇၁၄၅၉ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

# စက်မှုဝန်ကြီးဌာန
# စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
# အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းရှင်များသို့ ဒေသဆိုင်ရာဦးစီးဌာနရုံးများတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်နေ့ချင်းပြီးဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

**နေ့ချင်းပြီးစက်မှုလုပ်ငန်းမှတ်ပုံတင်ရန်**

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ၏ လုပ်ငန်းလိုင်စင်/ခွင့်ပြုမိန့်များဖြင့် လိုအပ်သောအချက်အလက်များ မှန်ကန်ပြည့်စုံပါက မြန်မာနိုင်ငံအနှံ့အပြားတွင် လုပ်ကိုင်လျက်ရှိသည့် အငယ်စားနှင့် အလတ်စားပုဂ္ဂလိက စက်မှုလုပ်ငန်းများကို နေပြည်တော်ရုံးချုပ်သို့ တင်ပြဆောင်ရွက်ရန်မလိုအပ်တော့ဘဲ အောက်ဖော်ပြပါ ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးများတွင် နေ့ချင်းပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဦးစီးဌာနမှူး ဖုန်း-၀၉-၈၆၀၂၀၃၁၊ ရုံးအဖွဲ့ ဖုန်း-၀၁-၅၅၅၁၀၀

(ခ) မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ် ၂၀၈၊ ၈၄ လမ်း၊ ၃၆×၃၇ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊
ဦးစီးဌာနမှူး ဖုန်း-၀၂-၃၉၅၇၃၊ ရုံးအဖွဲ့ ဖုန်း-၀၂-၆၃၁၁၉

(ဂ) ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ရပ်ကွက်အုပ်ချုပ်ရေးရုံးအမှတ် ၁၃၊ အမှတ် ၅၂၊ မဥ္ဇူလမ်း၊ ပုသိမ်မြို့
ဦးစီးဌာနမှူး ဖုန်း-၀၄၂-၂၉၀၉၁၊ ရုံးအဖွဲ့ ဖုန်း-၀၄၂-၂၉၀၉၀

(ဃ) စစ်ကိုင်းတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ရတနာလမ်း၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့
ဦးစီးဌာနမှူး ဖုန်း-၀၇၁-၂၃၂၀၄

(င) မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ် ၅၀၊ အထက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်၊ မော်လမြိုင်မြို့၊
ဦးစီးဌာနမှူး ဖုန်း-၀၅၇-၂၇၀၄၁၊ ရုံးအဖွဲ့ ဖုန်း-၀၅၇-၂၂၁၆၆

(စ) ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊
အမှတ် ၂၀/၂၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့မရပ်၊ တောင်ကြီးမြို့
ဦးစီးဌာနမှူး ဖုန်း-၀၈၁-၂၁၂၅၄၉၁၊ ရုံးအဖွဲ့ ဖုန်း-၀၈၁-၂၁၂၂၄၄၄

(ဆ) မကွေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထောင့်၊ ရွာသစ်ပွဲကြိုရပ်၊ မကွေးမြို့
ဦးစီးဌာနမှူး ဖုန်း-၀၆၃-၂၇၄၃၃၊ ရုံးအဖွဲ့ ဖုန်း-၀၆၃-၂၅၁၄၃

(ဇ) ကချင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ဧရာရပ်ကွက်၊ မြစ်ကြီးနားမြို့
ဦးစီးဌာနမှူး ဖုန်း-၀၇၄-၂၂၄၁၅၊ ရုံးအဖွဲ့ ဖုန်း-၀၇၄-၂၉၃၈၆

(ဈ) တနင်္သာရီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ဝဲကျွန်းညောင်ရမ်းရပ်ကွက်၊ ကုသိန္နာရုံလမ်း၊ ရွှေဝယ်သီရိအားကစားကွင်းအနီး၊ ထားဝယ်မြို့
ဦးစီးဌာနမှူး ဖုန်း-၀၅၉-၂၁၁၄၆၊ ရုံးအဖွဲ့ ဖုန်း-၀၅၉-၂၄၀၁၉

(ည) ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်ဆရာများလေးထပ်ဆောင်ရုံးရှေ့၊ စစ်တွေမြို့
ဦးစီးဌာနမှူး ဖုန်း-၀၄၃-၂၃၇၄၂

(ဋ) ကရင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ် ၄၀၊ ဇွဲကပင်လမ်း၊ အမှတ် ၄ ရပ်ကွက်၊ ဘားအံမြို့
ဦးစီးဌာနမှူး ဖုန်း-၀၅၈-၂၁၁၄၀

(ဌ) ကယားပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
အမှတ် ၉၊ ၁၁ လမ်း၊ ခွန်လီလမ်းထောင့်၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့
ဦးစီးဌာနမှူး ဖုန်း-၀၈၃-၂၁၀၉၁၊ ရုံးအဖွဲ့ ဖုန်း-၀၈၃-၂၁၀၂၅

(ဍ) ချင်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ပြည်နယ်မီးသတ်ရုံးလမ်း၊ ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့
ဦးစီးဌာနမှူး ဖုန်း-၀၇၀-၂၁၀၇၄

(ဎ) ပဲခူးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
အမှတ် ၉၊ သမိန်ဗရမ်းလမ်း၊ (၁၈)ရပ်ကွက်၊ ဥသျှောမြို့သစ်၊ ပဲခူးမြို့
ဦးစီးဌာနမှူး ဖုန်း-၀၅၂-၃၀၂၄၈၊ ရုံးအဖွဲ့ ဖုန်း-၀၅၂-၃၀၈၅၂

(ဏ) နေပြည်တော်ကောင်စီနယ်မြေ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
(၁၁)ရပ်ကွက်၊ သပြေလမ်း၊ ပုဗ္ဗသီရိမြို့
ဦးစီးဌာနမှူး ဖုန်း-၀၆၇-၅၅၀၁၇၈၊ ရုံးအဖွဲ့ ဖုန်း-၀၆၇-၅၅၀၁၇၉

၂။ အငယ်စားနှင့် အလတ်စားပုဂ္ဂလိကစက်မှုလုပ်ငန်းများအား နေ့ချင်းပြီးမှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ ခရိုင်ရုံးများရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဝန်ထမ်းများက စီမံချက်ဖြင့် ကြိုတင်၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီး**
အရှေ့ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၄၂၁၀၇၇၈၈၀၊ အနောက်ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၄၂၀၇၂၀၇၀၆၊
တောင်ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၄၂၀၇၀၈၅၄၄၊ မြောက်ပိုင်းခရိုင်ရုံး ဖုန်း-၀၉-၅၁၈၆၀၉၀

(ခ) **မန္တလေးတိုင်းဒေသကြီး**
မန္တလေးခရိုင်ရုံး ဖုန်း-၀၉-၄၂၅၀၀၃၉၅၀၊ မိတ္ထီလာခရိုင်ရုံး ဖုန်း-၀၉-၄၂၁၇၄၇၄၂၀
မြင်းခြံခရိုင်ရုံး ဖုန်း-၀၉-၄၀၁၅၁၉၅၁၃

(ဂ) **ဧရာဝတီတိုင်းဒေသကြီး**
ပုသိမ်ခရိုင်ရုံး ဖုန်း-၀၉-၂၅၄၀၃၂၇၃၉၊ ဟင်္သာတခရိုင်ရုံး ဖုန်း-၀၉-၂၅၀၀၈၆၉၄၀
ဖျာပုံခရိုင်ရုံး ဖုန်း-၀၉-၂၅၀၄၄၆၉၂၇

(ဃ) **စစ်ကိုင်းတိုင်းဒေသကြီး**
ရွှေဘိုခရိုင်ရုံး ဖုန်း-၀၉-၂၁၅၁၀၆၂၊ မုံရွာခရိုင်ရုံး ဖုန်း-၀၉-၃၃၂၈၇၅၁၃
ကလေးခရိုင်ရုံး ဖုန်း-၀၉-၄၀၂၅၀၅၄၆၇

(င) **မကွေးတိုင်းဒေသကြီး**
မကွေးခရိုင်ရုံး ဖုန်း-၀၉-၃၀၁၁၅၅၄၃၊ ရုံးအဖွဲ့ ဖုန်း-၀၆၃-၂၇၄၂၂
ပခုက္ကူခရိုင်ရုံး ဖုန်း-၀၉-၃၃၃၀၈၆၂၂၊ ရုံးအဖွဲ့ ဖုန်း-၀၆၂-၂၃၉၉၀

(စ) **တနင်္သာရီတိုင်းဒေသကြီး**
ထားဝယ်ခရိုင်ရုံး ဖုန်း-၀၉-၄၅၀၉၈၉၀၇၅
မြိတ်ခရိုင်ရုံး ဖုန်း-၀၅၉-၂၁၁၄၆၊ ရုံးအဖွဲ့ ဖုန်း-၀၅၉-၄၂၁၁၆

(ဆ) **ပဲခူးတိုင်းဒေသကြီး**
ပဲခူးခရိုင်ရုံး ဖုန်း-၀၉-၅၃၀၁၈၂၅၊ ရုံးအဖွဲ့ ဖုန်း-၀၅၂-၃၀၉၈၇
တောင်ငူခရိုင်ရုံး ဖုန်း-၀၉-၄၂၈၁၈၉၀၇၇၊ ရုံးအဖွဲ့ ဖုန်း-၀၅၄-၂၆၁၇၆
ပြည်ခရိုင်ရုံး ဖုန်း-၀၉-၄၅၁၂၃၅၃၉၈၊ ရုံးအဖွဲ့ ဖုန်း-၀၅၃-၂၄၃၀၇

(ဇ) **နေပြည်တော်ကောင်စီ**
ဥတ္တရခရိုင်ရုံး ဖုန်း-၀၉-၄၀၂၅၆၀၄၉၃၊ ဒက္ခိဏခရိုင်ရုံး ဖုန်း-၀၉-၂၁၆၆၁၁၆

(ဈ) **မွန်ပြည်နယ်**
မော်လမြိုင်ခရိုင်ရုံး ဖုန်း-၀၉-၈၇၂၅၃၉၅

(ည) **ရှမ်းပြည်နယ်**
တောင်ကြီးခရိုင်ရုံး ဖုန်း-၀၉-၄၅၈၀၄၀၉၉၀၊
လွိုင်လင်ခရိုင်ရုံး ဖုန်း-၀၉-၂၁၇၄၃၁၀
ကျိုင်းတုံခရိုင်ရုံး ဖုန်း-၀၉-၅၂၅၃၀၂၁၊ ရုံးအဖွဲ့ ဖုန်း-၀၈၄-၂၃၂၁၅
လားရှိုးခရိုင်ရုံး ဖုန်း-၀၉-၂၁၅၁၀၃၇၊ ရုံးအဖွဲ့ ဖုန်း-၀၈၂-၂၃၈၂၈/၂၃၆၉၂

(ဋ) **ကချင်ပြည်နယ်**
မြစ်ကြီးနားခရိုင်ရုံး ဖုန်း-၀၉-၄၃၀၂၁၈၄၇၊ ရုံးအဖွဲ့ ဖုန်း-၀၇၄-၂၈၀၇၂
ဗန်းမော်ခရိုင်ရုံး ဖုန်း-၀၉-၂၅၅၇၃၁၂၀၅

(ဌ) **ရခိုင်ပြည်နယ်**
စစ်တွေခရိုင်ရုံး ဖုန်း-၀၉-၂၅၀၄၆၁၄၈၄၊ ကျောက်ဖြူခရိုင်ရုံး ဖုန်း-၀၉-၃၆၂၃၁၇၀၁

(ဍ) **ကရင်ပြည်နယ်**
ဘားအံခရိုင်ရုံး ဖုန်း-၀၉-၃၃၀၁၂၅၄၂၊ မြဝတီခရိုင်ရုံး ဖုန်း-၀၉-၂၅၆၀၄၈၃၁၁

(ဎ) **ကယားပြည်နယ်**
လွိုင်ကော်ခရိုင်ရုံး ဖုန်း-၀၉-၂၅၆၀၀၆၂၂၀၊ ရုံးအဖွဲ့ ဖုန်း-၀၈၃-၂၄၀၀၁၂

(ဏ) **ချင်းပြည်နယ်**
ဟားခါးခရိုင်ရုံး ဖုန်း-၀၉-၄၀၂၆၃၄၀၆၂

၃။ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ ကြိုတင်၍ ကွင်းဆင်းစစ်ဆေးရာ၌ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ပါအချက်များ ကြိုတင်ဆောင်ရွက်ထားရန်လိုအပ်ပါသည်-

(က) စက်ရုံတည်နေရာ/လုပ်ငန်းနှင့်ဆက်စပ်သော ဌာန/အဖွဲ့အစည်းများ၏လိုင်စင်/ခွင့်ပြုမိန့်နှင့် အထောက်အထားများ၊

(ခ) လုပ်ငန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးနှင့် ထုတ်လုပ်မှုတန်ဖိုးများ အပါအဝင် လုပ်ငန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားနိုင်မည့် လုပ်ငန်းပိုင်ရှင်(သို့မဟုတ်)တရားဝင် လွှဲအပ်ထားသည့် မန်နေဂျာ/ကိုယ်စားလှယ်၊

(ဂ) စက်ရုံလုပ်ငန်းကြောင့် ပတ်ဝန်းကျင်အား အနှောင့်အယှက်မဖြစ်စေရေးနှင့် ညစ်ညမ်းမှုမရှိစေရေးစီမံချက်၊

(ဃ) မီးဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်၊

(င) စက်ရုံအလုပ်သမားများ၏ ကျန်းမာရေးထိခိုက်မှုမရှိစေရေးနှင့် အန္တရာယ်ကင်းရှင်းရေး စီမံချက်။

၄။ အငယ်စားနှင့် အလတ်စားပုဂ္ဂလိကစက်မှုလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးချက်အရ စိစစ်တွေ့ရှိချက်များကို အပတ်စဉ်ကျင်းပပြုလုပ်သည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးသို့တင်ပြပြီး ယင်းအဖွဲ့၏စိစစ်ထောက်ခံချက်ဖြင့် နေ့ချင်းပြီးမှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၅။ စက်မှုလုပ်ငန်းရှင်များသည် စက်မှုလုပ်ငန်းမှတ်ပုံတင်ခြင်းအပါအဝင် စက်မှုလုပ်ငန်းဆိုင်ရာ သိရှိလိုသည့် ကိစ္စရပ်များရှိပါကလည်းကောင်း၊ အခက်အခဲများရှိပါကလည်းကောင်း၊ ဒေသအလိုက် သက်ဆိုင်ရာခရိုင်ဦးစီးဌာနရုံးနှင့် ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်သည့်အပြင် အောက်ပါဌာနများသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်ရေးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၂၉၁

(ခ) ညွှန်ကြားရေးမှူး၊ လျှပ်စစ်စစ်ဆေးရေးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၅၇

(ဂ) ညွှန်ကြားရေးမှူး၊ ဘွိုင်လာစစ်ဆေးရေးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၅၀

## ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

### ဒေါ်ရင်ရင်မြ (တောင်ငူ)

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် ၂၃နေ (ဦးဘသန်း-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးသာလှိုင်-ဒေါ်စော) တို့၏သမီးချွေးမ၊ (ဒေါ်ခင်ကြည်)၏ညီမ၊ (ဗိုလ်မှူးချုပ်ဘသိန်း၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦး-ဒေါ်ခင်မာဝင်း၊ ဒေါ်သဇင်သိန်း (ဌာနခွဲမှူး၊ ဆက်ဆံ/ပြန်ကြား ရန်ကုန်မြို့တော်စည်ပင်)၊ ဗိုလ်မှူးကြီးသိန်းဇော် (တပ်မှူး)၊ ဒေါက်တာသိန်းမော်-ဗိုလ်ကြီးဒေါ်ဗျဲလ်ခန့်လွန်း(ငြိမ်း)၊ ဗိုလ်ချုပ်ကိုကိုနိုင်(ငြိမ်း)-ဒေါ်မြင့်မြင့်အေးတို့၏ချစ်လှစွာသောမိခင်၊ မောင်ဝင်းမင်းခိုင်၊ မခိုင်ကြည်ပြာကိုကို၊ မအေးချမ်းမိုး၊ မသဥ္ဇာဇော်တို့၏အဘွားသည် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၃း၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရင်ရင်မြ

**အသက်(၈၆)နှစ်**

ရဲမှူးချုပ်သိန်းဦး (ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)-ဒေါ်ခင်မာဝင်း တို့၏မိခင် ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့်ဇနီး**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရင်ရင်မြ

**အသက်(၈၆)နှစ်**

ရဲမှူးချုပ်သိန်းဦး(ဒုတိယရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)-ဒေါ်ခင်မာဝင်း တို့၏မိခင် ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲအရာရှိကြီးများ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ရင်ရင်မြ (တောင်ငူ)

**အသက်(၈၆)နှစ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦး၏မိခင် ဒေါ်ရင်ရင်မြ(တောင်ငူ)သည် ၁၈-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲမှူးကြီးဝင်းနိုင်-ဒေါ်မွေးမွေး မိသားစု**
**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး**

ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စောစိန် (ရွှေပြည်သာ)

**အသက်(၇၃)နှစ်**

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (ထန်းပင်ကုန်း-ပိတောက်မြိုင်)ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်ကြီး၏ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်စောစိန်(ရွှေပြည်သာ)သည် ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အနန္တဂုဏ်ရည်ကျောင်း**
**သာသနာ့နုဂ္ဂဟအဖွဲ့**

### ဒေါ်မြမြညို (စဥ့်ကိုင်)

**အသက်(၅၄)နှစ်**

စဥ့်ကိုင်မြို့၊ တရုတ်စုရပ်နေ(ဦးမောင်ကို)-ဒေါ်တင်ညွန့်တို့၏သမီးကြီး၊ ဦးစိန်ထွန်း၏ဇနီး၊ ကိုဇင်ထက်ထွန်း(ခ)ဖိုးလပြည့်-မနန်းအေးမြ၊ ဗိုလ်မှူးချမ်းမြေ့ကို-မခင်ဝသန့်ထွန်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၆-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၁၅နာရီတွင် စဥ့်ကိုင်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် စဥ့်ကိုင်မြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဦးကျော်စိုးဝင်း(ခ) ဦးမျိုးမြင့်ကျော်

**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြို့ပတ်လမ်း၊ အမှတ် ၈၇နေ ဦးထွန်းလွင်-ဒေါ်ဝင်းမြင့်တို့၏သားကြီး၊ ဦးမြသိန်း-ဒေါ်မမကြီးတို့၏ သားသမက်၊ ဦးမင်းကိုကို-ဒေါ်နှင်းသီရိမွန်၊ ဦးဝင်းမင်းသူ - ဒေါ်ငြိမ်းချမ်းတို့၏အစ်ကို၊ ကိုတင်မျိုးဦး၊ ကိုမြတ်ထွန်းသိန်း-မဇင်နွယ်ထွန်းတို့၏ညီ၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊အမှတ် ၃၁၊ ပထမထပ်(ယာ)နေ ဒေါ်ဝင်းလဲ့လဲ့ဝါ၏ခင်ပွန်း၊မမျိုးမမကျော်၊ မမျိုးညီမကျော်တို့၏ဖခင်သည် ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်လှနွဲ့

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဂန္ဓမာလမ်း (မြတ်လေးလမ်းနှင့် ဂန္ဓမာလမ်းထောင့်)၊ အမှတ် ၁၃၇၂နေ (ဦးတင်အေး-ဒေါ်မြညွန့်)တို့၏သမီး၊ ဦးချစ်ရီ(မြန်မာ့အာမခံလုပ်ငန်း၊ ငြိမ်း) (စာရေးဆရာမင်းစိုး)၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်မေစန်းတို့၏ညီမ၊ မောင်ကိုဦး၊ မောင်လွင်ဦး၊ မောင်မိုးမင်းဦး-မနှင်းနွယ်နီချိုတို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)မွန်းလွဲ၁း၃၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမျိုးဝင်း (ရွှေကျင်)

**အသက်(၈၆)နှစ်**

ဒေါက်တာကြည်သာမျိုးဝင်း (ကလေးအထူးကုဆရာဝန်ကြီး၊ အထွေထွေရောဂါကုဆေးရုံကြီး၊ တောင်ငူမြို့)၏ဖခင်ဖြစ်သူ ဦးမျိုးဝင်း(ရွှေကျင်)သည် ၁၅-၁၁-၂၀၁၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တောင်ငူဆေးရုံကြီး မိသားစု**

ဝမ်းနည်းကြေကွဲခြင်း

### ဦးထင်ကျော်

**အသက်(၈၄)နှစ်**

ရေဝတီ Golf Club နာယက/ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သော ဦးထင်ကျော် [ဒုထွေ/ဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]သည် ၁၇-၁၁-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရေဝတီ Golf Club**
**အသင်းသားများ (ပုသိမ်မြို့)**

ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နန်းစန်းတင်

**အသက်(၈၀)**

ရဲမှူးကြီးမြင့်အောင်(ညွှန်မှူး၊ နိုင်ငံတကာ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)-ဒေါ်ဝေမာကြည်တို့၏မိခင် ဒေါ်နန်းစန်းတင်သည် ၁၇-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့်ဇနီး**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်နန်းစန်းတင်

**အသက်(၈၀)**

ရဲမှူးကြီးမြင့်အောင်(ညွှန်မှူး၊ နိုင်ငံတကာ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့)-ဒေါ်ဝေမာကြည်တို့၏မိခင် ဒေါ်နန်းစန်းတင်သည် ၁၇-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲအရာရှိကြီးများ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်တင်အေး (ပန်းတနော်)

**အသက်(၈၀)**

(ဦးအုန်းဖေ-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးဘသန်း-ဒေါ်မေပု)တို့၏ သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တေဇလမ်း၊ (၃၅)ရပ်ကွက်၊ အမှတ် ၆၄၉နေ ဦးအောင်မြ(သုတေသနအရာရှိ၊ ငြိမ်း၊ ကြေးမုံသတင်းစာတိုက်)၏ဇနီး၊ (ဦးစိုးမောင်-ဒေါ်အေးအေးသိန်း)၊ ဦးကျော်ကျော်အောင်-ဒေါ်လှလှအေး၊ ဦးညွန့်ဝေ-ဒေါ်သန်းသန်းဌေး၊ ဦးသန်းထွန်းအောင်-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးမျိုးကျော်အောင်(ကညန၊ ဘားအံ)-ဒေါ်သန်းသန်းဝင်း၊ ဒေါ်နီနီအောင်၊ ဦးကျော်ကျော်-ဒေါ်စိုးစိုးအောင်၊ ဒုတိယဗိုလ်မှူးကြီးကျော်စိုးအောင်-ဒေါ်ခတ္တာတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၅း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇နာရီ၌ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဦးကြည်အောင်

**တပ်မတော်-ရေ(ငြိမ်း)**

**အသက်(၇၄)နှစ်**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကြောင်ရေကျေးရွာနေ (ဦးညီဆင်-ဒေါ်ပု)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ အညာစုလမ်း၊ အမှတ် ၁၉၀နေ ဒေါ်စိန်မြရီ၏ခင်ပွန်း၊ (ကိုအောင်ခိုင်မြင့်)၊ ကိုသိန်းဌေးအောင်၊ ကိုဇော်မျိုးအောင်(ခ)ကိုဖိုးဇော်-မစုနှင်းဝေ၊ မမော်မော်သင်း(ခ)မပူစီလုံး၊ ကိုဖြိုးသိန်းထွေးအောင်(ခ)ကိုဖြိုးတို့၏ဖခင်၊ မအိအိမျိုး၊ မသိမ့်သိမ့်နွေးတို့၏အဘိုးသည် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)နံနက်၀၀း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု

### ဒေါ်ခင်စန်းနွယ်

**အသက်(၆၀)**

မကွေးမြို့၊ ကမ်းနားလမ်း၊ ဈေးရပ်၊ အမှတ် ၅၀နေ (ဦးသိန်း-ဒေါ်လှလှ)၏သမီး၊ ဦးခင်ဟုတ်၏ဇနီး၊ (ဦးဆွေဦး)၏ညီမ၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခိုင်ခိုင်ကြူ၊ ဦးကျော်ကျော်တို့၏အစ်မ၊ မဖြူမာပိုင်၊ မစုမာပိုင်-မောင်သီဟဇော်၊ မောင်အောင်အောင်မင်းသန့် - မလှယမင်းဖြူတို့၏မိခင်၊ မောင်သွင်ထူးအောင်အောင်၏အဘွားသည် ၁၇-၁၁-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဦးမြဦး(ခ)မောင်မြဦး

**(မြောင်းမြ)**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**အကျဉ်းဦးစီးဌာန၊**
**အုပ်ချုပ်မှုဒါရိုက်တာ၊ စွမ်းအားသစ်**
**သမဝါယမအသင်းလီမိတက်**

**အသက်(၆၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကဝက်၊ မြေနီကုန်းကျေးရွာနေ (ဦးဟန်ရိုန်-ဒေါ်သန်းရီ)တို့၏ သားကြီး၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နေ (ဦးထွား-ဒေါ်အမာ)တို့၏ သားသမက်၊ ရွှေပြည်သာမြို့နယ်နေ ဦးစိုးသန်း-ဒေါ်ထွန်းအိ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ဦးမောင်မောင်ငြိမ်း-ဒေါ်သီသီစန်းတို့၏ အစ်ကိုကြီး၊ (ဒေါ်တင့်တင့်သန်း၊ ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် (က+ခ)ရပ်ကွက်၊ (ခ-၉)လမ်း၊ တိုက်အမှတ် ၃၇၀/၃၇၁၊ အမှတ် ၁၀၄နေ မမေဦးခိုင်(ခ)ဥမ္မာဦး (Senior Auditor, (Champion Construction Co.,Ltd. Member of Naing Group) ၏ ချစ်လှစွာသောဖခင်သည် ၁၇-၁၁-၂၀၁၄ရက်(တနင်္လာနေ့)တွင် ကောင်းဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဦးကျင်မောင်

**လက်ပံတန်း(ညောင်တုန်း)**

**အသက်(၉၆)နှစ်**

ညောင်တုန်းမြို့နေ (ဦးဘွန်ဆိုင်-ဒေါ်မယ်တင့်)တို့၏သား၊ (ဒေါ်ကြည်)-ဒေါ်အေးစိန်တို့၏ခင်ပွန်း၊ လက်ပံတန်းမြို့နေ ဦးကျင်ထွန်း-ဒေါ်ကြည်သန်း၊ ဦးစိုက်ဟုတ် - ဒေါ်ကောက်ပို့(ခ)ဒေါ်ကြင်သန်း၊ ဦးမောင်မောင်ဌေး-ဒေါ်ကျင်စန်း၊ ညောင်တုန်းမြို့နေ ဦးတင်ဝင်း-ဒေါ်သန်းဌေးတို့၏ဖခင်၊မြေး ၁၂ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘိုးသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဝေဠုဝန်ကျောင်းလမ်း၊ အမှတ် ၂၀ နေအိမ်မှ အရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)

### ဒေါ်ရွှေကြည် (ဒေါ်ကြည်)

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း၊ ကံလင်းစာတ်ပုံတိုက်နေ (ဦးကံကြီး)၏ဇနီး၊ သထုံမြို့နယ်(ရန်ကုန်)အသင်းဝင် ဒေါ်ရွှေကြည်သည် ၁၅-၁၁-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသား/သူများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

### ဒေါ်ငွေစိန် (ကျိုက်လတ်)

**အသက်(၉၀)**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ဘရဏီ ၂လမ်း၊ အမှတ်(၁၁၉/က)နေ (ဦးသန့်-ဒေါ်မှန်)တို့၏သမီး၊ ဦးဘစော၏ဇနီး၊ (ဒေါ်ရီရီ)၊ (ဦးထွန်းရွှေ)၊ ဦးလှတင်-(ဒေါ်မြတင်)တို့၏အစ်မ၊ဒေါ်အေးအေးသိန်း(I.W.T) (ရုံးချုပ်)၊ ဦးနေဝင်း(I.W.T) (မြစ်ဝ)-ဒေါ်အေးအေးသန်း (I.W.T) (မြစ်ဝ)၊ ဒေါ်လှလှသန်း၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်မြင့်မြင့်ခိုင်တို့၏ ချစ်လှစွာသောမိခင်၊ မအေးအိအိသော်(အထက-၂၊ရန်ကင်း)တို့၏အဘွားသည် ၁၈-၁၁-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စောစိန် (ရွှေပြည်သာ)

**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၆/၁၀/၂၄၆ (က)နေ (ဦးအုန်းခင်-ဒေါ်ထွန်းရင်)တို့၏သမီး၊ ဦးသိန်းစိုး-ဒေါ်ခင်ရွှေ၊ ဦးခင်စိန်-ဒေါ်သန်းသန်းဌေး၊ ဦးမြင့်ဆွေ-ဒေါ်ခင်ဝင်း၊ ဦးလှစိုး-ဒေါ်သန်းသန်းဝင်း၊ ဦးလှစိန်-ဒေါ်ယဉ်ယဉ်အေး၊ ဒေါ်ယဉ်ယဉ်လှ၊ ဦးတင်လှိုင်-ဒေါ်ဝင်းမြတို့၏မိခင်၊ မြေး ၁၄ယောက်တို့၏အဘွား၊ (ဦးသန်း)၏ဇနီးသည် ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲပိုင်းတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကိုစိုးသီဟကျော်

**အသက်(၃၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၁၊ အခန်း ၃၆နေ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း (ငြိမ်း)-ဒေါ်နီနီရွှေတို့၏သားကြီး၊ မောင်ဘုန်းဝဏ္ဏကျော်၏အစ်ကိုသည် ၁၇-၁၁-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၁၀နာရီတွင် ဆိပ်ကြီးခနောင်တိုမြို့၌ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ဆိပ်ကြီးခနောင်တိုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တနန္ဒောဘာသ

**သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥတိုကျေးရွာ၊ စိတ္တသုခမဟာစည်သာသနာ့ရိပ်သာ ဝိဟာရာဓိပတိ ဂျိုးဖြူနိကာယ ပဝါရဏာဂိုဏ်း ပထမနာယက၊ တိုက်ကြီးမြို့နယ် သံဃနာယက ဒု-ဥက္ကဋ္ဌ ဘဒ္ဒန္တ နန္ဒောဘာသဆရာတော်ကြီးသည်(၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်) ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့) ည ၈း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၄ရက်) ၂၅-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် စံကျောင်းချမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးဇနိတနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ တံခွန်တိုင်၊ ခေါင်းလောင်း၊ နတ်လမ်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

### ဦးသန်းမောင်(သက္ကလ) အသက်(၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သက္ကလမြို့ဈေးပိုင်းနေ (ဦးရွှေကိုင်း-ဒေါ်ငွေမေ) တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၅)လမ်း၊ အမှတ် ၁၆၃နေ ဒေါ်သန်းကြည်၏ခင်ပွန်း၊ (ဦးတင်မောင်-ဒေါ်မြင့်တင်)၊ (ဦးချစ်လှိုင်-ဒေါ်တော)တို့၏ညီ/မောင်၊ ဒေါ်လှ၏အစ်ကို၊ ဦးရန်ကြည်-ဒေါ်ငွေငွေဝင်း၊ ဒေါ်ငွေငွေမြင့်၊ ဦးအေးမြင့်၊ ဦးစန်းမြင့်၊ ဒေါ်သန်းမြင့်၊(ဦးနေမျိုး)-ဒေါ်တင်ထူး၊ မအေးအေးဖြူ မအေးအေးမော်တို့၏ဖခင်၊ မောင်မင်းသူရ၊ မောင်မျိုးသူရ၊ မောင်သန့်ဇော်ဦး၊ မနီလာအောင်၊ မောင်သက်ပိုင်ထွဋ်တို့၏အဘိုးသည် ၁၇-၁၁-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးအောင်ဝင်း

**B.Sc (GEOLOGY), D.A.G (MINING)**
**GENERAL MANAGER (YOUNG INVESTMENT GROUP C0.,Ltd.)**
**LOGISTICS SUPERVISOR, PETRONAS (PCML)(RERIRED)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ F.M.I ရွှေစံပယ် ၉လမ်း၊ အမှတ် F-၁၁၁/၁၁၂နေ (ဦးအေး-ဒေါ်မမကြီး)တို့၏သား၊ (ဦးသောင်းညွန့်-ဒေါ်အေးဥ)တို့၏သားသမက်၊ ဦးစိုးနိုင်-(ဒေါ်တင်တင်ဝင်း)၊ ဦးစိန်ပွင့်-ဒေါ်ခင်စန်းမြင့်၊ (ဦးဝင်းကြည်)-ဒေါ်ခင်ဝင်းမြင့်၊ ဦးလှတင်-ဒေါ်တူးတူးတို့၏ညီ/မောင်၊ ဦးဘအေး-ဒေါ်ပေါက်ပေါက်တို့၏အစ်ကို၊ မောင်စိုးဥက္ကာ(ခ)မင်းသိမ်းကျော်၊ မောင်ခွန်ဟိန်းအောင်တို့၏ဖခင်၊ ဒေါ်အေးသန်းစိန်၏ ချစ်လှစွာသောခင်ပွန်း၊ တူ၊ တူမ ၁၄ယောက်တို့၏ဘကြီး/ဦးလေးသည် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၅း၅၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၁-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးအိုက်ပု

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ဗိုလ်ဉာဏလမ်း၊ အမှတ် ၂၆၆ (ဘီ)နေ (ဒေါ်ငွေရင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ခင်ဦး၊ ဦးအောင်လင်း-ဒေါ်နန်းခင်ခင်ထား၊ ဒေါ်ခင်ခင်အေး၊ ဦးအောင်ဖုန်းကျော်တို့၏ချစ်လှစွာသောဖခင်၊ မြေးခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၈-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးသော်ငြိမ်း

**Second Mate (F.G)**

**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ် ၈၅၊ မြေညီထပ်နေ [ဒုတိယဗိုလ်မှူးကြီးငြိမ်းကျော်(လေ)] - ဒေါ်တင်သိန်းတို့၏သားထွေး၊ ဦးမျိုးသန့်-ဒေါ်ဥမ္မာငြိမ်း၊ ဦးတင်အောင်ငြိမ်း (Chef: Mate)-ဒေါ်လှလှရီ၊ ဦးဘုန်းကျော်-ဒေါ်စန်းစန်းငြိမ်း၊ Capt-ဦးနေလင်း-ဒေါ်ဝင်းဝင်းငြိမ်းတို့၏ မောင်၊ ဗိုလ်မှူးကြီးဝင်းခိုင်(ငြိမ်း) - ဒေါ်ယဉ်ယဉ်မျိုးငြိမ်း၊ ဒေါ်တင်နွယ်ခ၊ ဒေါ်ရွှေရွှေထိုက်၊ ဦးလှိုင်အောင်မွန် (နိုင်ငံခြားရေးဝန်ကြီးဌာန)၊မဆုဝေ(2nd year English၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မချိုကြည်စင်(Grade-IX, E အထက-၂၊ စမ်းချောင်း)တို့၏ ဦးလေးသည် ၁၆-၁၁-၂၀၁၄ရက် ည ၁၁နာရီတွင် Green Cross ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၇-၁၁-၂၀၁၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား ဒါယိကာမကြီး

### ဒေါ်စန်းကြည်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ နတ်မောက်လမ်း၊ တိုက်အမှတ် ၁၆နေ(ဦးစိန်ဝင်း)၏ဇနီး၊ ဦးထွန်းဦး-ဒေါ်မေသန့်၊ ဒေါ်ခင်စမ်းဝင်း(အထက-၄၊ တာမွေ)၊ ဦးဝင်းနိုင်(ခ) ဦးမောင်မောင်-(ဒေါ်ခင်အေးကြူ)၊ ဦးအောင်မြင့်-ဒေါ်ချိုချိုဝင်း၊ ဦးတင့်နိုင်-ဒေါ်ခင်မေမြသွင်၊ ဦးဇော်ဝင်းအောင်-ဒေါ်ခင်ထားဦး၊ ဦးမျိုးမြတ်သန့်စင်-ဒေါ်ခင်ဆွေဦးတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၄ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၁-၂၀၁၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်မြင့်မြင့်အေး

**(မုဒုံ/ဘားအံ)**

**အသက်(၆၆)နှစ်**

မုဒုံမြို့မ၊ သဘော်ဦးရပ်၊ ဘုရင့်နောင်လမ်း၊အမှတ် ၁၆နေ (ဦးမောင်ပို-ဒေါ်ဘွားသွင်)တို့၏သမီး၊ ဦးထင်-ဒေါ်သိန်းရွှေတို့၏သမီးချွေးမ၊ ဦးတင်ဝေ(တရားလွှတ်တော်ရှေ့နေ)၊ ဦးခွန်ကြိုးရှိန်-ဒေါ်ဝင်းမြတို့၏ညီမ၊ ဦးရန်နိုင်-ဒေါ်ဝင်းမြင့်တင် (ဦးဆောက်ပန်းမိတ္တူ၊ ကွန်ပျူတာ)၊ ဦးထင်ကျော်(ခ) ဦးထင်ဇော်(PEACFIC- Electronic- Company LTD.)တို့၏မိခင်၊ မောင်လင်းထင်အောင်၊မောင်ဉာဏ်ဝင့်အောင်တို့၏အဘွားသည် ၁၈-၁၁-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် မုဒုံမြို့ ကန်ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အမျိုးသားရင်ကြားစေ့ရေးကို အစဉ်တစိုက်ဦးတည်ရန် အနာဂတ်ရေးကို ရှေးရှုဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပရာ **ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ်** လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးကြရာတွင် **ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက** ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်ကြိမ်တစ်ခါတည်းနှင့် ပြင်ဆင်၍မရပါကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ခြင်း၏ အကျိုးဆက်သည်လည်း ပဋိပက္ခများဖြစ်လာရန် မဟုတ်ပါကြောင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် သဟဇာတ ဖြစ်ရေးကိုဦးတည်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာတွင် လက်မှတ်ရေးထိုးဆန္ဒပြုထားသော ပြည်သူငါးသန်း၏ဆန္ဒကို အလေးထားပြီး အမျိုးသားရင်ကြားစေ့ရေးကို အစဉ်တစိုက်ဦးတည်ရန် အတိတ်ကိုပြန်လှန်မနေဘဲ အနာဂတ်ရေးကို ရှေးရှုဆွေးနွေးရန်၊ အမွှန်းတင်ဆွေးနွေးခြင်းမပြုရန်နှင့်ဥပဒေဘောင်အတွင်းက အနာဂတ်ကို ပိုကောင်းအောင်ပူးပေါင်းဆောင် ပူးပေါင်းဆောင်ရွက်စေချင်သည့်အတွက် ပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်းက** ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာအပေါ် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ ဦးတည်၍ ဆွေးနွေးသွားရမည် *စာမျက်နှာ ၇ ကော်လံ ၁* ✳

ယနေ့ မာတိကာ

ကမ္ဘာတစ်ဝန်းအကြမ်းဖက်တိုက်ခိုက်မှု သိသိသာသာမြင့်တက် အီရတ်နိုင်ငံသည် အဆိုးရွားဆုံး အကြမ်းဖက်ခံရသည့် နိုင်ငံဖြစ်
စာမျက်နှာ ➤ ၄

ဆက်တိုက်ကျင်းပခဲ့သည့် ကမ္ဘာ့နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲများ
ဆောင်းပါး စာမျက်နှာ ➤ ၆

ကွင်းလယ်ကစားသမားနှစ်ဦး အာဆင်နယ်ခေါ်ယူမည်
စာမျက်နှာ ➤ ၁၃

ဒုတိယကမ္ဘာစစ်အတွင်း ကွယ်လွန်သော ဗြိတိသျှစစ်မှုထမ်းများအား ဆွေမျိုးများဂါရဝပြု
စာမျက်နှာ ➤ ၁၉

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်ဆွေးနွေးမှုများ ဖိတ်ခေါ်

ရန်ကုန် နိုဝင်ဘာ ၁၈

**အမျိုးသားပညာရေးဥပဒေနှင့်စပ်လျဉ်း၍ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီက ညှိနှိုင်းဆွေးနွေးသည့်အနေဖြင့် ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ပညာရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ ဥပဒေပညာရှင်ပါမောက္ခများ၊ အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာဆရာမများနှင့် ဖိတ်ကြားထားသော သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။**

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဆွေးနွေးပြောကြားရာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်ရန် ကျောင်းသားအချို့က ဆန္ဒပြတောင်းဆိုမှုများ ရှိလာကြောင်း၊ ဥပဒေတစ်ရပ်ကို မကျင့်သုံးရသေးဘဲ ပြင်ဆင်ဖို့ဆိုသည်မှာ အဆင့်တစ်ခုကို ကျော်နေခြင်းဖြစ်ကြောင်း၊ မကြာမီကာလအတွင်းတွင် နည်းဥပဒေမူကြမ်းနှင့် ဥပဒေကြမ်းများ အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ စသည့်ကဏ္ဍအလိုက် ထုတ်ပြန်သွားနိုင်တော့မည် ဖြစ်ပါကြောင်း။ အဆင့်မြင့်ပညာမှာ လွတ်လပ်စွာ စီမံခန့်ခွဲမှု အပြည့်ပေးရန် ပုဒ်မ (၂၆)တွင် အတိအလင်း ဖော်ပြထားပြီးဖြစ်၍ ဆက်စပ်ဥပဒေများ *စာမျက်နှာ ၉ ကော်လံ ၃* ●

# တောင်စွယ်တောင်တန်း တောင်ခါးပန်းတို့ဖြင့် သာယာလှပနေသည့် ပုသိမ်-ငွေဆောင်ကားလမ်း

သတင်း ဆောင်းပါးနှင့် ဓာတ်ပုံ ခရမ်းစိုးမြင့်

ကျွန်တော် ပုသိမ်-ငွေဆောင်ကားလမ်းအကြောင်းကို သတင်းဆောင်းပါး ရေးသားခဲ့ဖူးသည်မှာ လွန်ခဲ့သော ၁၄ နှစ်ခန့် ၂၀၀၀ ပြည့်နှစ်အတွင်းက ဖြစ်သည်။ ထိုကားလမ်းသည် ငွေဆောင်ပင်လယ်ကမ်းခြေ ကိုးမိုင်အကျယ်ကို နိုင်ငံတော်အစိုးရက အပန်းဖြေစခန်းအဖြစ် စတင်ဖွင့်လှစ်လိုက်ပြီးနောက် ပုသိမ်-ငွေဆောင်ကားလမ်းကိုလည်း နိုင်ငံတော်အစိုးရက အေးရှားဝေါလ်ကုမ္ပဏီသို့ တာဝန်ပေးသဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်ဟု အေးရှားဝေါလ်ကုမ္ပဏီမှ ထိုစဉ်က လမ်းဖောက်လုပ်ရေး စီမံကိန်းဒါရိုက်တာ *စာမျက်နှာ ၃ ကော်လံ ၁* ✳



# ရာသီဥတုပြောင်းလဲရာတွင် အဓိကကဏ္ဍမှပါဝင်နေသည့် သစ်ဆွေးမြေ

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

**နေပြည်တော် နိုဝင်ဘာ ၁၈**

သစ်ဆွေးမြေအသုံးချမှု မမှန်ကန်ပါက ကာဗွန်များ မြေကြီးထဲမှ ထွက်လာ၍ ကမ္ဘာ့လေထုတွင်ကာဗွန်ဒိုင်အောက်ဆိုက်အဖြစ်ရောက်ရှိလာကာ ကမ္ဘာကြီးပူနွေးလာမှုအပေါ် အကျိုးသက်ရောက်မှုများရှိ၍ သစ်ဆွေးမြေကို စနစ်တကျထိန်းသိမ်းသင့်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ပြောကြားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၄* ❖

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS



Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

